စနစ်သစ်ပထမပြန်စာမေးပွဲ

ပထမငယ်တန်းအတွက်

ဗုဒ္ဓဘာသာ – မြန်မာစာ

လင်္ကာနှင့်စကားပြေလက်ရွေးစင်

# ဂုဏ်ထူးပန်နည်းပြအဖြေ

ဦးကျော်လွင်

၀၉

မျိုးမြင့်အောင်စာပေ

အမှတ်-၁၉၅၊ ပထမထပ်၊ လွှတ်လမ်း၊ ရန်ကုန်မြို့

စနစ်သစ်ပထမပြန်စာမေးပွဲ

**ပထမငယ်တန်းအတွက်**

ဗုဒ္ဓဘာသာ — မြန်မာစာ

လင်္ကာနှင့်စကားပြေလက်ရွေးစင်

# ဂုဏ်ထူးပန်နည်းပြအဖြေ


## ဦးကျော်လွင်



မျိုးမြင့်အောင်စာပေ

အမှတ်-၁၉၅၊ ပထမထပ်၊ လွစ္စလမ်း၊ ရန်ကုန်မြို့

ဘာသာရေးဆိုင်ရာ ခွင့်ပြုချက် အမှတ်(၆၇၉)

မျက်နှာဖုံးခွင့်ပြုချက် အမှတ်(၃၅၂)

●

ပုံနှိပ်ခြင်း

ပထမအကြိမ်

အုပ်ရေ(၃၀၀၀)

●

ထုတ်ဝေခြင်း

၁၉၈၄-ခု၊ နိုဝင်ဘာလ

တန်ဖိုး ၁၀-ကျပ်

●

မျက်နှာဖုံး

ဇွဲ-စာပုံနှိပ်တိုက်

●

ပုံနှိပ်သူ - ထုတ်ဝေသူ

ဦးထွန်းရှိန် (၀၂၁၃၈မြ) ဇွဲစာပုံနှိပ်တိုက်၊

အမှတ်-၁၇၂၊ ၃၃ လမ်း၊ ရန်ကုန်မြို့မှ ရိုက်နှိပ်၍

ဒေါ်အေးအေးမော် (၀၁၄၇၈) သကျယင်စိုးစာပေ

အမှတ်-၂၃၂ (မြေညီထပ်) ၃၉-လမ်း၊ ရန်ကုန်မြို့မှ ထုတ်ဝေသည်။

# ဂုဏ်ထူးပန်

## မာတိကာ


| ဦးရေ | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ဂုဏ်ထူးပန်လေ့လာနည်း (၁၄) မျိုး | .... | ၁ |
| ၂။ | စနစ်မှန်ကဗျာလင်္ကာဖတ်နည်း | .... | |
| | (က) ယတိဖြတ်မှန်ခြင်း | .... | ၃ |
| | (ခ) အသံယူမှန်ခြင်း | .... | ၄ |
| | (ဂ) အချီအချအသံမှန်ဖတ်နည်း | — | ၄ |
| ၃။ | သတ်ပုံမှန်ရေးအသားပေး | — | ၅ |
| ၄။ | ခက်ဆစ်ရှင်းလင်းရေးသားနည်း | — | ၆ |
| ၅။ | စကားပြေပြန်နည်း | .... | ၇ |
| ၆။ | ဆိုလိုရင်းနှင့် ရည်ရွယ်ချက်ပြနည်း | — | ၈ |
| ၇။ | ဗဟုသုတစုဆောင်းနည်း | — | ၉ |
| ၈။ | အနှစ်ချုပ်ထုတ်ယူနည်း | .... | ၉ |
| ၉။ | သော့ချက်စကားလုံးရှာနည်း | — | ၁၀ |
| ၁၀။ | ခက်ဆစ်စကားလုံးသုံး၍ ဝါကျရေးနည်း | | ၁၁ |

၁၁။ ကဗျာနှင့် ခေတ်ကာလ .... ၁၂

၁၂။ သူ့ပညာနှင့် သူ့စာ — ၁၂

၁၃။ 'ပေါင်မောက်' သို့မဟုတ် 'ရှင့်သာ'၏ ခေတ်အခြေအနေ — ၁၃

၁၄။ အင်းဝဗဟုသုတ .... ၁၄

၁၅။ အမြတ်ငါးဆူ ကဗျာအမျိုးအစား

(က) သတိပြုရန်သတ်ပုံ — ၁၇
(ခ) ဖတ်ရှုတ်နည်း .... ၁၇
(ဂ) ခက်ဆစ် — ၁၇
(ဃ) စကားပြေပြန် — ၂၀
(င) အနှစ်ချုပ် — ၂၁
(စ) ကဗျာဆရာ၏ ဆိုလိုချက် .... ၂၂
(ဆ) ရည်ရွယ်ချက် — ၂၂
(ဇ) မှတ်သားဖွယ်ရာ ဗဟုသုတ .... ၂၂
(ဈ) သင်ခန်းစာ — ၂၂
(ည) လေ့ကျင့်ခန်း ... ၂၃

၁၆။ စဉ်ပါသရာတော် .... ၂၄

၁၇။ မြတ်ပညာ —

(က) ကဗျာအမျိုးအစား — ၂၅
(ခ) သတိပြုရန်သတ်ပုံများ — ၂၅
(ဂ) ဖတ်ရှုတ်နည်း — ၂၅
(ဃ) ခတ်ဆစ်အဓိပ္ပာယ် — ၂၅
(င) မေးကွင်းမေးကွက်များ .... ၂၀
(စ) မြတ်ပညာ (၁၅) ပုဒ်လုံး၏ အနှစ်ချုပ် .... ၃၂
(ဆ) တပိုဒ်စီအနှစ်ချုပ် — ၃၃
(ဇ) လေ့ကျင့်ဖွယ်မေးခွန်းများ .... ၃၆
(ဈ) ဉာဏ်စမ်းအမေးများ — ၄၁

၁၈။ ကျေးဇူးရှင်လယ်တီဆရာတော်

(က) ပိဋကတ်အစွယ်ချိုးတေးကပ် ... ၄၄
(ခ) ကဗျာအမျိုးအစား ... ၄၄
(ဂ) ဖတ်ရွတ်နည်း ... ၄၄
(ဃ) သတိပြုရန်သတ်ပုံ ... ၄၅
(င) စကားပြေပြန် ... ၄၇
(စ) အနှစ်ချုပ် ... ၄၇
(ဆ) လေ့ကျင့်ရန် မေးခွန်းများ ... ၄၈

၁၉။ ကျီးသဲလေးထပ်ဆရာတော်နှင့် နာဗည်ကျော်

ဇိနတ္ထပကာသနီ ... ၄၉

၂၀။ သိဒ္ဓတ္ထမင်းသား တောထွက်တော်မူခြင်း

(က) အနှစ်ချုပ် ... ၅၂
(ခ) ခက်ဆစ် ... ၅၄
(ဂ) မှတ်သားဖွယ် ... ၅၅
(ဃ) သင်ခန်းစာ ... ၅၆
(င) လေ့ကျင့်ရန်မေးခွန်းများ ... ၅၆

၂၁။ ဒုက္ကရစရိယာကျင့်တော်မူခြင်း

(က) သော့ချက်စကားလုံး ... ၅၈
(ခ) အနှစ်ချုပ် ... ၅၈
(ဂ) ခက်ဆစ် ... ၅၉
(ဃ) မှတ်သားဖွယ် ... ၆၀
(င) လေ့ကျင့်ခန်း ... ၆၁

၂၂။ ဘုရားအဖြစ်သို့ရောက်တော်မူခြင်း

(က) သော့ချက် ... ၆၂
(ခ) အနှစ်ချုပ် ... ၆၂
(ဂ) ခက်ဆစ် ... ၆၃
(ဃ) လေ့ကျင့်ရန် ... ၆၄

၂၃။ ကပိလဝတ်သို့ကြွတော်မူခြင်း
(က) အနှစ်ချုပ် .... ၆
(ခ) သော့ချက်ပေါဟာရ ၆၇
(ဂ) ခက်ဆစ် – ၆၇
(ဃ) မှတ်သားဖွယ် .... ၇၀
(င) သင်ခန်းစာ .... ၇၀
(စ) လေ့ကျင့်ရန် .... ၇၁

၂၄။ ဓမ္မပဒဝတ္ထုရေးသူ — ၇၃

၂၅။ သိရိမာ
(က) သော့ချက် — ၇၄
(ခ) အနှစ်ချုပ် .... ၇၄
(ဂ) ခက်ဆစ် — ၇၅
(ဃ) ရအပ်သော ဗဟုသုတ ၇၆
(င) သင်ခန်းစာ ၇၇
(စ) အဖွဲ့အနွဲ့များ ... ၇၈
(ဆ) လေ့ကျင့်ရန် .... ၇၈

၂၆။ ယရေဌးမသား
(က) အနှစ်ချုပ် .... ၈၀
(ခ) သော့ချက် .... ၈၁
(ဂ) ခက်ဆစ် .... ၈၂
(ဃ) မှတ်သားဖွယ် .... ၈၃
(င) သင်ခန်းစာ .... ၈၄
(စ) လေ့ကျင့်ရန် ... ၈၅

၂၇။ နောက်ဆက်တွဲ
(က) အနှစ်ချုပ်ရေးနည်း .... ၈၇
(ခ) မြန်မာသဒ္ဒါ — ၉၅
(ဂ) မြန်မာသမာသ် .... ၉၉
(ဃ) စာစီစာကုံးရေးနည်း — ၁၀၆

# ဂုဏ်ထူးပန်း

စနစ်သစ် ပထမငယ်တန်းအတွက် ဗုဒ္ဓဘာသာ မြန်မာစာ စာအုပ်၌ 'ဆရာများအတွက် မှာထားချက်' သည် ယင်းစာအုပ်ကို ဘယ်လိုသင်ရမည်၊ ဘယ်လိုလေ့လာရမည်၊ ဘယ်လိုမေး၍ ဘယ်လိုဖြေရမည်၊ ဆိုသော အချက်များကို စကားဦးသန်းပြလျက် ရှိပေသည်။ သို့ဖြစ်၍ မြန်မာစာကို သင်ကြားပို့ချပေးသော စာချဆရာများနှင့် စာသင်သား တပည့်များသည် ဤမှာထားချက်ကို ဂရုစိုက်လေ့လာရပေမည်။

ဆရာများအတွက် မှာထားချက်ကို လေ့လာရာတွင် အောက်ပါ အချက်အလက်များကို သိရပေလိမ့်မည်။

## ဂုဏ်ထူးပန်းလေ့လာနည်း ၁၄-မျိုး

( ၁ ) ကဗျာလင်္ကာကို စည်းကမ်းစနစ်တကျ ပပ်ပပ်ပြေအောင် သင်ပေးရမည်၊ သင်ယူရမည်။

( ၂ ) အနက်အဓိပ္ပာယ် မပေါ်လွင် မသိသာသော ဝေါဟာရ စကားလုံး ခက်ဆစ်များကို သင်ပေးရမည်၊ သင်ယူရမည်။

( ၃ ) ကဗျာလင်္ကာကို စကားပြေ ပြန်ပေးရမည်။

( ၄ ) ကဗျာ၏ ဆိုလိုချက် ရည်ရွယ်ချက်ကို သိရှိအောင်ပြုလုပ်ရမည်။

( ၅ ) ကဗျာမှရသော ဗဟုသုတများကို မှတ်သားစေရမည်။

( ၆ ) စကားပြေတွင် သော့ချက်ကျသော စကားလုံးတို့ကို ရွေးထုတ်မှတ်သားရမည်။

(၇) အကြောင်းအရာ အနှစ်ချုပ်ကို ရေးတတ်စေရမည်။

(၈) ခက်ဆစ်စကားလုံးများကို သုံး၍ အဓိပ္ပာယ်ကောင်းသော ဝါကျများ ရေးတတ်ရမည်။

(၉) သတ်ပုံမှန်ကန်စေရန် ပြုလုပ်ရမည်။

(၁၀) စာဆိုပုဂ္ဂိုလ်နှင့် စပ်လျဉ်း၍ ခေတ်ကာလ၊ မျိုးရိုးဇာတိ၊ အရည်အချင်းစသည်တို့ကို လေ့လာရမည်။

(၁၁) အမေးအဖြေ များများလုပ်၍ လေ့ကျင့်ရမည်။

(၁၂) စာပေနှင့် သာသနာ၊ စာပေနှင့် မျိုးချစ်စိတ် ဖော်ထုတ်ရမည်။

(၁၃) သာသနာ သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ဦးတည်ချက်ထားရမည်။

(၁၄) မြန်မာစာသင်ယူရင်း သာသနာ့အကျိုးပြု စိတ်နေသဘောထားများ ဖော်ထုတ်ရမည်။

ဖေါ်ပြပါ အချက်ဆယ့်လေးချက်ကို သိရပြီးနောက် တခုစီအတွက် မည်သို့ သင်ပေးရမည်၊ မည်သို့ လေ့ကျင့်ရမည် ဆိုသည်ကိုမူ ဤ "ဂုဏ်ထူးပန်" စာအုပ်က တာဝန်ယူ ဖော်ပြပေးပါမည်။

ဤစာအုပ်က ရှင်းလင်းဖော်ပြ ညွှန်ကြားသည့်အတိုင်း ပို့ချ သင်ယူ လေ့ကျင့်သွားပါက စနစ်သစ် မြန်မာစာကို အောင်အောင်မြင်မြင် ဖြေဆိုနိုင်ရုံမျှမက ဂုဏ်ထူးအသီးသီးဖြင့် အောင်မြင်လိမ့်မည် ဖြစ်ကြောင်း တာဝန်ယူပါသည်၊

စင်စစ် ပထမပြန်စနစ်သစ် အောင်မြင်ရေးအတွက် ဤအဖြေစာအုပ်ကို ရေးလိုက်ရခြင်း ဖြစ်ပါသည်။

မြန်မာစာလည်းတတ် သာသနာလည်း ပြန့်ပွားပါစေ။

# စနစ်မှန် ကဗျာလင်္ကာ ဖတ်နည်း

ကဗျာလင်္ကာဖတ်ရာ၌ အခြေခံ မှတ်သားမည့်အချက် သုံးချက်ရှိ၏။ ယင်းတို့ကား–

(၁) အဖြက်အတောက် (ယတိ) မှန်ရမည်။

(၂) ဒီဃ၊ ရဿ၊ နိဂ္ဂဟိတ စသည့် အသံယူမှန်ရမည်။

(၃) အချီသံ၊အချသံ မှန်ရမည်။

ဤမျှလောက်ဖက်နိုင်လျှင် ဖတ်နည်းမှန်ပေပြီ။

ယတိဖြတ်ပုန်ခြင်း

**လေးလုံးစပ်လင်္ကာ၌** လေးလုံးတခါ အသံဖြက်ရမည်။

ပုံစံ–ငါးဆူရှေကြာ (တခါဖြတ်)

နိမိတ်လာ၍ (တခါဖြတ်) စသည်။

**လေးချိုးကဗျာ၌** အတွင်းစာပိုဒ်အဆုံး အသံဖြတ်၍ အချိုးအဆုံး၌ အသံရပ်ရမည်။

ပုံစံ -ဆရာကိုဆိုကဲ့ပိုင်း (ဖြတ်)

အလှိုင်းကြီးကုန်စင် (ရပ်)

ဤသို့ ဆက်ကာ ဆက်ကာ ဖတ်သွားရမည်။

**တေးထပ်ကဗျာ၌** အတွင်းတပိုဒ် အသံဖြတ်၊ ကေးကထပ်အဆုံး အသံရပ်ရမည်။

ပုံစံ– တပိုင်းကြောင်ကျက်စာရရုံနှင့် (ဖြတ်)

ခက်ပါလှသဘောဉာဏ် (ရပ်)

တေးထပ်ဆုံးသည်အထိ ယတိမှန်ဖြတ်၍ ဖတ်ရသည်။

## အသံယူမှန်ခြင်း

''ဒီဃ''ဆိုတာ နှစ်မတြာ အသံရှည်၊ ''ရဿ''ဆိုတာ တစ်မတြာ အသံတို (အသံပြတ်)၊ ''နိဂ္ဂဟိတ''ဆိုတာ နှာခေါင်းသံပါရခြင်း၊ ''အောက်မြစ်သံ'' ဆိုတာ သံတို၊ ''ဝစ္စနှစ်လုံးပေါက်သံ''ဆိုတာ သံရှည်၊ အသတ်မှာလည်း က် (က-သတ်) စ်(စသတ်)၊ တ်(တသတ်)၊ ပ်(ပသတ်) အသတ်သံသည် သံပြတ်၊ သံတို။ ကျန်သော အသတ်တို့မှာသံဖြတ် သံတို မဟုတ်၊ ဤမျှလောက်ကို မှတ်သား၍ ဖတ်နိုင်ကြ၏။

ပုံစံ–ငါးဆူရွှေကြာ-၌ 'ကြာ' တွင် ကြ+အာဖြစ်၍ ဒီဃ (သံရှည်) ဆွဲရသည်။

နိမိတ်ပါ၍=၌ ၍ (ရွေ့) သည် အောက်ကမြစ်သံဖြစ်၍ အသံတို အသံဖြတ်ရသည်။

ငါးဖြာမွှာလျက်–၌ 'လျက်'သည် က်-ဖြစ်၍ အသံမဆွဲရ။

တပင်နက်ဝယ်–၌ 'ဝယ်'သည် ယ် ဖြစ်၍ ဆွဲနိုင်၏။

ငါးဆက်ဖူးငုံ–၌ 'ငုံ' သည် နိဂ္ဂဟိတ်ဖြစ်၍ နှာခေါင်းသံပါအောင် ပါးစပ်ပိတ် ဖတ်ရ၏။

(ကျန်သောအပိုဒ်များ နည်းမှီ၍ ဖတ်ပါ။)

''မြတ်ပညာ''လေးချိုးတွင် ဆရာကိုဆိုတဲ့ပိုင်း–၌ 'ပိုင်း'တွင် ဝစ္စနှစ်လုံးပေါက်သံကို တုံးတိတိမဆိုရ၊ အသံပို့နှင့်ဆိုရသည်။ အလှိုင်းကြီးကုန်စင်-၌ 'စင်'တွင် ငသတ်ကို သံပြတ်မဆိုရ၊ သင့်အောင်ဖတ်ရသည်။ (ကျန်ပိုဒ်များ နည်းမှီဖတ်ရန်)

ပိဋကတ်အစွယ်ချိုးတေးထပ်၌လည်း- တပိုင်းကြောင် ကျက်စာရရုံနှင့်-၌ ''နှင့်''သည် အောက်ကမြစ်၍ သံတိုသံဖြတ်၊ခက်ပါလှသဘောဉာဏ်-၌ 'ဉာဏ်'သည် က်၊စ်၊တ်၊ပ်၊ အသတ်မဟုတ်၍ သံဖြတ်ဆိုရန်မလို၊ အသံညှိနှိုးနှင့် ဖတ်ရသည်။

(ကျန်သောအပိုဒ်များ နည်းယူဖတ်သွားရန် ဖြစ်၏။

## အချိ အချ အသံမှန် ဖတ်နည်း

စာမေးပွဲဖြေရန်လေ့လာရာ၌ အချိ အချ ကဗျာသံပေါက်ရန် အထူးဆိုဖွယ်မလိုပါ။ သာမန်အားဖြင့် ရတုအစအပိုဒ်တွင် အသံနိမ့်ဖြင့် ဖတ်ရသည်။ အဆုံးချတွင် အသံရှည်ရှည်ဆွဲ၍ ချရသည်။ ဤမျှသာ။

''မြတ်ပညာ''- လေးချိုးကဗျာတွင်မူ အသံရှည်မဆွဲပဲ ခပ်သွက်သွက် ဖတ်ရန်သာ ဖြစ်ပါသည်။

ပိဋကတ်အစွယ်ချိုးပေးထပ် ဖတ်ရာ၌ နောက်ဆုံး ''လေး''ဟူသော အသံကို ရှည်ရှည်ဆွဲချရန်သာ လိုသည်။

အချုပ်မှာ စာသဘောပေါ်လွင်ရုံမျှ ပီပီသသဖတ်ရန်သာ လိုသည်။ သီချင်းလိုဆိုရန်မလိုချေ၊ ဆို၍လည်း စာမေးပွဲ၌လုံးဝ အသုံးမဝင်ပေ။ ဤအချက်ကို သတိချပ်ကြရန် ဖြစ်ပါသည်။

ထို့ပြင် ရှင်မဟာရဋ္ဌသာရ၏ကိုးခန်းပျို့၌ စာဖတ်နည်း (၁၀)မျိုးကို အောက်ပါအတိုင်း ရေးသားထား၏။

ပုဒ်စပ်ချောပြေ၊
သန္ဓေခြားဖြတ်၊
သံလွတ်ဖွင့်ဆို၊
ရှည်-တို-လေး-ပေါ့၊
တင်း-လျော့-နိဂ္ဂဟိတ်၊
အစိတ်အဖြာ၊
အင်္ဂါဆယ်ခု၊
ဖတ်မှုမှကျွမ်း၊
နားမချမ်း-

ဤသည်မှာ ပါဠိကျမ်းဂန်လာ ဗျဉ္ဇနဗုဒ္ဓိ ဆယ်ပါးကို အခြေခံ၍ မြန်မာစာ၌ အသုံးချထားခြင်းဖြစ်၏၊ ဤအတန်း၌ ရှင်းရန်မလိုသေးပါ။ ကျက်နိုင်လျှင်တော့ အရကျက်ထားလိုက်ပါ။ နောင်အသုံးကျပါမည်။

## သတ်ပုံမှန်ရေး အလေးပေး

စာကို အဖြတ်အတောက်မှန် ဒီဃ၊ ရဿ၊ နိဂ္ဂဟိတ်မှန် ဖတ်ရန် ကြိုးစားရင်း အမြတ်တခု ရလာ၏။ ထိုအမြတ်ကား အခြားမဟုတ်၊ သတ်ပုံမှန်ကန်စေခြင်းပင်ဖြစ်၏။ သတ်ပုံမှန်မှ စာမှန်သည်။ သတ်ပုံမှားလျှင် စာမှားသည်။ ထို့ကြောင့် သတ်ပုံသည် အရေးကြီး၏။

''သတ်ပုံ'' ဆိုသည်ကား အသတ်နှင့် ယပင့်၊ ရရစ်၊ ဝဆွဲ စသည် မှန်ကန်စေခြင်းဟု ခြုံ၍နားလည်ကြ၏။ အသတ်တွင် ''က်၊င်၊စ်၊ည်

တ်၊န်၊ပ်၊ မ်၊ ယ်၊ ဝ်၊'' ဟူသော၊ မြန်မာအသတ်ဆယ်မျိုးနှင့် ပါဠိ အသတ် အမျိုးမျိုးပါဝင်ပေ၏။

ဥပမာ - အမြွတ်ငါးဆူ-ကေပိုဒ်ရတု၌-
နိမိတ်၊ ကြိုင်ပျံ့၊ ခက်လှိုင်း၊ မာရ်၊ (စသည်)
မြတ်ပညာ အချီးများ၌-
ခပ်ပျင်း၊ သွပ်ဖျင်း၊ စည်းစိမ်၊ ပင်ရိပ်ငြိမ်၊
မျှော်ခေါ် (စသည်)
ပိဋကတ်အစွယ်ချိုးတေးထပ်၌-
ငြင်း၊အကြောင်သမား၊ တစ်ထွာ၊ ပရိသတ် (စသည်)

သတ်ပုံနှင့် ပတ်သက်၍ စကားပြေ၌လည်း အရေးကြီး၏။ ဇိနတ္ထ ပကာသနီ ကောက်နုတ်ချက်နှင့် ဓမ္မပဒဝတ္ထု ကောက်နုတ်ချက် ပြဋ္ဌာန်း စာတို့၌ သတ်ပုံမှန်ရန် ကြိုးစားရမည်။ စာချဆရာများက မှားနိုင်သည့် စကားလုံး သတ်ပုံများကို ပြောပြမှတ်သားစေရမည်။ စာသင်သားတို့က ပြန်ပြီးရေးဖြေသောအခါ သတ်ပုံမှန်အောင် ဖြေရမည်။ သို့မှသာ အဖြေ ကောင်းဖြစ်ပေမည်။

သတ်ပုံမှန်ရန်အတွက် အစိုးရကထုတ်ထားသော ''မြန်မာစကားလုံး သတ်ပုံ'' စာအုပ်ကို အသုံးပြုသင့်၏။

## ခက်ဆစ် ရှင်းလင်း ရေးသားနည်း

ခက်ဆစ်စကားလုံးဆိုသည်မှာ များသောအားဖြင့် ပါဠိသက်စကား လုံး၊ ပေါရာဏ (ရှေး) စကားလုံးနှင့် ကျစ်လစ် သိပ်သည်းသော ဝေါဟာရစကားလုံးမျိုး ဖြစ်၏။

ထိုတွင် ပါဠိသက်စကားလုံး ဆိုသည်မှာ 'နိမိတ်ဆိုသော စကားလုံး မျိုးဖြစ်၏။

ပုံစံ—နိမိတ္တဟူသော ပါဠိပုဒ်ရင်းမှ အောက်က 'တ' ကိုချေ၊ အပေါ် က 'တ' ၌ အသတ်တင်၍ 'နိမိတ်' ဟု ဖြစ်လာသော စကားလုံးမျိုး တည်း၊ ထို့ကြောင့် 'နိမိတ်' ဟူသော စကားလုံး၏ အနက်ကို ဖော် လိုသော် 'နိမိတ္တ' ပုဒ်၏အနက်ကို ရှာရသည်။ နိမိတ္တ (ပါ) ကြိုတင်သိရန် အမှတ်လက္ခဏာ၊ ထို့ကြောင့် 'နိမိတ်' ဟူသော စကားလုံး၏ ခက်ဆစ် အနက်သည် အထက်ပါ 'ကြိုတင်သိရန် အမှတ်လက္ခဏာ' ပင် ဖြစ်၏။

**အတိုရေးသော်–**'နိမိတ္တ' မှ 'နိမိတ်' ဖြစ်လာသည်။ အဓိပ္ပာယ်ကား 'ကြိုတင်သိရန် အမှတ်လက္ခဏာ' တည်းဟု ရေးရသည်။

**ပေါရာဏစကားလုံး**–ဆိုသည်မှာ ရှေးသုံး စကားလုံးမျိုးတည်း၊ ယခုခေတ်၌ အသုံးနည်း၍ အသိနည်းသော စကားလုံးမျိုးတည်း။

**ပုံစံ**–ကြိုင်

'ကြိုင်' သည် မွှေးခြင်းအနက်ရှိ၏။ ယခုခေတ်တွင် မွှေးသည်ဟုသာ အသုံးများ၏။ ထို့ကြောင့် ခက်ဆစ်အဓိပ္ပာယ်ဖော်လျှင် ကြိုင်(ပေါရာဏ) မွှေးသည်-ဟု ရေးရသည်။

**ကျစ်လစ်သိပ်သည်းသော ဝေါဟာရစကားလုံး**–ဆိုသည်မှာ ရှေ့တွင် ဖော်ပြထားသည့်စကားလုံး ပေါင်းစပ်ထားသော မြန်မာသန္ဓိ၊ မြန်မာ သမာသ် စကားလုံးမျိုးနှင့် ကဗျာများ၌ စကားလုံး ကျစ်လစ်အောင် သုံးထားသော နေ့စဉ်သုံး စကားလုံးမျိုးပင် ဖြစ်သည်။

**ပုံစံ**-ငါးဆူ၊

ငါးဆူ ဆိုရာ၌ ငါး+အဆူ=ငါးဆူ-ဟု ပေါင်းစပ်ပြီး အလယ်က 'အ' ကို ဖျောက်ထားသည်။ 'ဆူ' ဟူသော စကားလုံး အနက်အရ 'ဘုရားငါးဆူ'ဟု အဓိပ္ပာယ်ရသည်။ ယင်း 'ငါးဆူ'ကား-အဘယ်နည်းဟု ထပ်ဆင့်လိုက်လျှင် 'ကကုသန်, ကောဏာဂုဏ်, ကဿပ, ဂေါတမ, မေတ္တေယျ' ဟူသော ဘုရားငါးဆူ ဖြစ်ကြောင်း ဖော်ထုတ်ရပေသည်။

အထယ်ပါအတိုင်း ရှင်းလင်း သင်ပြခြင်း ရေးသားခြင်းမျိုးကို 'ခက်ဆစ်' ရှင်းလင်းခြင်းဟု ဆိုရပေသည်။

ခက်ဆစ်စကားလုံးကား ကဗျာမှသာမက စကားပြေ၌လည်း ပါရှိသည်ကို သတိပြု၍ လေ့လာသင်ယူ မှတ်သားသွားကြရန် ဖြစ်ပေသည်။

## စကားပြေ ပြန်နည်း

စကားပြေပြန်–ဆိုသည်မှာ စကား+ပြေ+ပြန်-ဟုခွဲ၍ ကဗ္ဗာ၊ ကာ၊ ကြိယာ စသော စကားလုံးများကို သဒ္ဒါစည်းကမ်းတကျ အသုံးချ၍ ပြေပြစ်ချောမောအောင် ပြန်ဆိုရေးသားခြင်းကို စကားပြေပြန်ဟု-ခေါ် ပေသည်။ ကဗျာလင်္ကာများကိုသာ စကားပြေပြန်ရေးရသည်။

ကဗျာလင်္ကာများတွင် ကဗျာစည်းကမ်းအရ ကာရန်များယူထားရသဖြင့် အချို့က **စကားလုံးများကို** ဖျောက်ထားရသည်။ ကဗျာ

စာလုံးရေ သတ်မှတ်ချက်ကိုက်အောင် အချို့အကြောင်းအရာကို ချုံး-ထားရသည်။ ၏,သည်-စသော ကြိယာ အဆုံးသတ်များကို တတ်နိုင်သမျှ ဖယ်ထားရသည်။ သို့ဖြစ်၍ ကဗျာကို စကားပြေပြန်သောအခါ ဖျောက်ထားသည်ကို ဖော်ရသည်။ ချုံးထားသည်ကို ချဲ့ရသည်။ ဖယ်-ထားသည်ကို ထည့်ရသည်။

အရေးကြီးသုံးအချက်ကား -မူရင်းကဗျာ၏ အဓိပ္ပာယ်နှင့် မိမိပြန်-ရေးသော စကားပြေတို့သည် အဓိပ္ပာယ်ထပ်တူ ဖြစ်ရသည်၊ အပိုအလို မရှိရပေ။ ပိုလည်း မှားသည်။ လိုလည်း မှားသည်။ ပိုမှား လိုမှား မဖြစ်ရအောင် သတိပြုရသည်။

အပိုအလိုလည်း မရှိ၊ စကားလည်း ချောသည့်ကိုမှ စကားပြေပြန်မှု ကျပ်နန်း အောင်မြင်သည်၊ အမှတ်ကောင်းကောင်းရပြီး ဂုဏ်ထူးပန်ရမည်ဖြစ်၏။

## ဆိုလိုရင်းနှင့် ရည်ရွယ်ချက်ရှာနည်း

လူသည် မိမိစိတ်ထဲက ဆန္ဒကို ဖော်ထုတ်ရန် စကားပြောသည်။ လာစေချင်သည့်အတွက် 'လာပါ' ဟု ခေါ်သည်။ သွားစေချင်သည့်အတွက် 'သွားပါ' ဟု ပြောသည်။ 'လာပါ' ဆိုသော စကားလုံးကို လေ့လာကြည့်လျှင် စကားပြောသူ၏ စိတ်ဆန္ဒကို သိရသည်။ သူ့ဆန္ဒ-ကား လာစေချင်သည်၊ ထိုနည်းတူ သွားပါ, စားပါ စသည်ဖြင့် စကားကိုင်းမှာ ပြောသူ၏ စိတ်ဆန္ဒ (ဝါ) ပြောလိုရင်း ပါစမြဲဖြစ်သည်။

ကဗျာလင်္ကာ စာပေအဖွဲ့သည်လည်း စကားပင် ဖြစ်သည်။ ရှည်ရှည် ပြောထားသောစကား၊ တိုတိုစေ့စေ့ ပြောထားသောစကား၊ ကဗျာနည်း စနစ်ဖြင့် ပြောထားသောစကားသာ ဖြစ်သည်။ ထို့ကြောင့် ကဗျာကို ဖတ်ရှုလေ့လာလျှင် ကဗျာဆရာက ပြောချင်သည့်အချက် ဆိုလိုသည့် အချက်ကို တွေ့နိုင်သည်။ သို့သော် ကဗျာလင်္ကာဆိုသည်မှာ ပညာရှိ စကားဖြစ်၍ တဲ့တိုးရယ်ရိုက်မပြောပဲ သွယ်ဝိုက် ပြောထားတတ်သည်။ ဒါကို လေ့လာသူက အမိဖမ်းတတ်ရသည်။

လာပါ-ဆိုသောစကား၏ ဆိုလိုချက်သည် လာဖို့ပင် ဖြစ်သည်။ ပြောသူ၏ ရည်ရွယ်ချက်သည်လည်း ထိုသူ မိမိထံရောက်လာစေဖို့ ရည်ရွယ်

ပေသည်။ သို့ဖြစ်၍ ဆိုလိုရင်းကို လျှောက်လျင် ရည်ရွယ်ချက်ကို ဆက်တွေ့နိုင်သည်။ ကဗျာလင်္ကာတို့၌လည်း ဤနည်းတူပင် ဖြစ်သည်။

ကဗျာလင်္ကာသည် ပညာရှိစကား ဖြစ်သည့်အတွက် ပေါ့ပေါ့ကြည့်၍ ကား မရ။ သေသေချာချာ လေ့လာမှသာ ပြောချင်သည့်အချက်ကို ဖော်ပြထားသည့် စကားလုံး စာပိုဒ်ကို မိနိုင်သည်။ ပဓာနကျသည့် အချက်ကို တွေ့မှလည်း စာဆို၏ ဆိုလိုရင်းအမှန်ကို သိနိုင်သည်။ ရည်ရွယ်ချက်အနှစ်ကို ဖော်ထုတ်နိုင်သည်။

ထို့ကြောင့် ကဗျာလင်္ကာကို စေ့စေ့စပ်စပ် လေ့လာရမည် ဖြစ်သည်။ ပုံစံနမူနာကို ဤတွင် မပြတော့ပါ။ ပြဋ္ဌာန်းချက် ကဗျာကျမှ ဖော်ပြပါတော့မည်။

## ဗဟုသုတ စုဆောင်းနည်း

ကဗျာပြု စာပြုပုဂ္ဂိုလ်သည် ပညာရှိကဝိ ဖြစ်သည်။ ဗဟုသုတ ကြွယ်သူ ဖြစ်သည်။ ထို့ကြောင့် သူ့ကဗျာထဲတွင် လူတို့သိဖွယ် ဗဟုသုတအသွယ်သွယ်ကို ထည့်ထားတတ်သည်။ ကဗျာသာမက စကားပြေ ထဲ၌လည်း အကြားအမြင် တိုးပွားစရာ အချက်များစွာ ပါသည်။ ယင်းတို့ကို သတိပြုမှတ်သားထားရန် ဖြစ်ပေသည်။

## အနှစ်ချုပ်ထုတ်ယူနည်း

ကဗျာရေး, စာရေးသောအခါ ရေးသူတော်လျှင် တော်သလောက် ဥပမာ ဥပစာ စသည် ကြွယ်ကြွယ်ဝဝ ပါတတ်သည်။ စကားတန်ဆာ ဆင်တတ်သည်၊ စိတ်ဝင်စားအောင် ဖန်တီးတတ်သည်၊ ဥပမာ လူကိုယ် ခန္ဓာကို အဝတ်အစား လက်ဝတ်ရတနာ အမျိုးမျိုးဖြင့် အလှခြယ် သကဲ့သို့ ဖြစ်၏။

သို့သော် မည်သို့ပင် အလှခြယ်ထားသည်ဖြစ်စေ၊ မည်သို့ပင် အဆင် တန်ဆာတွေ ဝတ်ထားသည် ဖြစ်စေ မူလ အခြေခံကို ကြည့်တတ် မြင်တတ်ရသည်။ အခွံခွာပြီး အနှစ်ကို ရှာတတ်ရသည်။ ဤအခြေခံအနှစ် သာရကို ရှာရာတွင် တချို့လွယ်သည်။ တချို့ခက်သည်။ ဥပမာ- ဇာမာမိန်းကလေးတယောက်၏ ပင်ကို ကိုယ်လုံး ကိုယ်ထည်ကို ခန့်မှန်း

ပျော့ လွယ်သည်။ ဆာရီဝတ် ကုလားမပျိုလေးတယောက်၏ ကိုယ်ခန္ဓာ (ကိုယ်လုံး ကိုယ်ပေါက်) လှမလှကိုမူ သေသေချာချာ ကြည့်ရှုလေ့လာမှ သိနိုင်သည်။

ကဗျာလင်္ကာနှင့် စကားပြေ တရပ်ရပ်တွင်လည်း ထိုနည်းတူ ဖြစ်သည်။ စကား အဆင်တန်ဆာများကို ဖယ်ပြီး လိုရင်းအနှစ်ချုပ်ကို ရှာရသည်။ ဤသို့ ရှာရခြင်းဖြင့် မည်သည့် စကားက အရေးကြီး၏၊ မည်သည့်စကားက အရေးမကြီး၊ မည်သည့်အချက်က ပဓာနကျ၏၊ မည်သည့် အချက်က သာမည ဖြစ်၏။ ဤသို့စသည်ဖြင့် ပိုင်းခြားဝေဖန် တတ်သော အလေ့အကျင့်ရလာပေ၏။ ဤအလေ့အကျင့်ကောင်းသည် နေ့စဉ် ဘဝအတွက်ပါ အသုံးကျ၏။ အရေးကြီး-မကြီး နားလည်တတ် လာ၏။

အနှစ်ချုပ်ကိစ္စကို ရှေ့တွင် ဖော်ပြဦးမည်ဖြစ်၍ ဤတွင် နမူနာပုံစံ များ မပြတော့ပါ။

## သော့ချက်စကားလုံးရှာနည်း

'သော့'သည် သေတ္တာဖွင့်ဖို့ သို့မဟုတ် တံခါးဖွင့်ဖို့ ပဓာနပစ္စည်း ဖြစ်၏။ သော့ပိတ်ထားသော သေတ္တာ၊ တံခါး စသည်မှာ သော့ မသုံးပဲ ဖွင့်၍ မရပေ။ ထို့ကြောင့် သော့သည် အခရာဖြစ်၏။

ကဗျာလင်္ကာ အဖွဲ့မှာ ဖြစ်စေ၊ စကားပြေတရပ်ရပ်မှာ ဖြစ်စေ ယူမပါပဲ မပြီးသော စကားလုံးမျိုးပါ၏။ ဤ အကြောင်းအရာကို ရေးလျှင် ယင်းစကားလုံးကို မသုံးပဲ ရေး၍မရ၊ ထိုစကားလုံးမျိုးကို သော့ချက်ကျသော စကားလုံးဟု မှတ်ရပေမည်။

ပုံစံ-အမြတ်ငါးဆူ ကဗျာ၌၊ ငါး-ဟူသော စကားလုံး၊ **ကြာ**-ဟူသော စကားလုံးတို့သည် သော့ချက် စကားလုံးများ ဖြစ်ကြ၏။ အဘယ့်ကြောင့်နည်း။ ဤအကြောင်းကိုရေးလျှင် ယင်းစကားလုံးများ ကို မသုံးပဲ ရေး၍ ပြော၍ မရသောကြောင့်ပေတည်း။

ဆရာလုပ်သူတို့က သူ့နေရာနှင့်သူ သော့ချက်စကားလုံးများကို စာချ ယင်း ညွှန်ပြသွားရပေမည်။ စာသင်သားတို့ကလည်း ဂရုတစိုက် မှတ်သားကြရပေသည်။ သော့ချက်စကားကို အလွတ်မှတ်မိနေပါမှ စာမေးပွဲ ဖြေသောအခါ တိကျကျ ပြန်လည်ဖြေနိုင်မည် ဖြစ်ပေသည်။

(သက်ဆိုင်ရာနေရာများတွင် သော့ချက်များ ထုတ်ပြပါမည်။)

## ခက်ဆစ်စကားလုံးသုံး၍ ဝါကျရေးနည်း

ခက်ဆစ်စကားလုံး၏ အဓိပ္ပာယ်ကို ဟာကယ်နားလည်သလား၊ မြန်မာဝါကျကို နိုင်နိုင်နင်းနင်း ရေးတတ်ကဲ့လား။ ယို့ စမ်းသပ်ရန် ခက်ဆစ်စကားလုံးဖြင့် ဝါကျရေးတတ်ရမည်။ ဤသို့ရေးရာ၌ အရေးတကြီး သတိပြုရမည့် အချက်မှာ မိမိရေးပြသော ဝါကျကို ဖတ်လိုက်လျှင်ပင် မိမိအသုံးပြုသော ခက်ဆစ်စကားလုံး၏ အနက်ကို နဂိုကမသိနှင့်သူ လူ ပိမ်းတယောက်သည်ပင် ထိုခက်ဆစ် စကားလုံး၏အနက်ကို သိသွားနိုင်ရမည်။ ဤသို့ပေါ်လွင်အောင် ရေးတတ်မှမှန်သည်။ ဝါကျဖြစ်ရုံရေးပြရုံမျှဖြင့် အမှတ်ကောင်းကောင်း မရနိုင်၊ ဤအချက်ကို သတိထားရမည်။ ငါရေးတာမှန်လျက်နှင့်ဘာဖြစ်လို့ အမှတ်မရတာလဲဟု ကျောင်းသားများ မချင့်မရဲ ဖြစ်တတ်သည့်ကိစ္စမျိုးတည်း။

ပုစ်-နိမိတ်။

(က) အတိတ် **နိမိတ်** ကို ကျွန်ုပ်မယုံကြည်ပါ။
(ခ) **နိမိတ်** ဆိုသည်မှာ စိတ်ကထင်သောအရာ ဖြစ်သည်။
(ဂ) **နိမိတ်** မကောင်း၍ ယနေ့ခရီးမသွားပါ ဟုဖေက ပြော၏။
(ဃ) သူထိပေါက်မည်ဟု **နိမိတ်** ဖတ်၏။

အထက်ပါ ဝါကျမျိုးကား **မမှားသော်လည်း** အမှတ်ရသော ဝါကျမျိုးမဟုတ်ပါ၊ အဘယ့်ကြောင့်ဆိုသော် '**နိမိတ်**' ဆိုသောစကားလုံး၏ အဓိပ္ပာယ် မပေါ်သောကြောင့်တည်း။

(က) ကျွန်တော့ပခုံးပေါ် ဇီးကွက်လာနား၍ **နိမိတ်** ကောင်းသည်ဟု ယူဆပြီး ထီထိုးရာ တသိန်းဆု ပေါက်၏။

(ခ) သူတို့၏ အိမ်ခေါင်တွင် ဗျိုင်းလာနား၍ **နိမိတ်** မကောင်းဟု ယူဆကာ သံဃာတော်များအား ပင့်ပြီး ပရိတ်ရွတ်၏။

(ဂ) အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် သူအို၊ သူနာ၊ သူသေ၊ ရဟန်းဟူသော နိမိတ်ကြီး လေးပါးကို မြင်၍ တောထွက်တော်မူ၏။

ဤသို့ သာဝါကျမျိုးမှ နိမိတ်ဟူသော စကား၏ အနက်ပေါ်သည့်အတွက် အမှတ်ပြည့် အမှတ်ကောင်း ရနိုင်ပေ၏။ ကြိုးစားလေ့ကျင့်ကြပါကုန်။

## ကဗျာနှင့် ခေတ်ကာလ

ကဗျာလင်္ကာတခုခုကို လေ့လာသောအခါ ဤကဗျာသည် မည်သည့်ခေတ်က ပေါ်ခဲ့သည့် ကဗျာလဲဟု ကဗျာပေါ်ရာခေတ်ကို သိအောင်လုပ်ရသည်။ အဘယ်ကြောင့်ဆိုသော် 'စာ' ဆိုသည်မှာ စာပြုစုသူ၏ လက်ရာအမွေအနှစ် ဖြစ်သည့်အတွက် ထိုစာရေးသူ ပေါ်ပေါက်သည့် ခေတ်ကို သိမှ သူတို့ခေတ်လူတို့၏ ဘဝပတ်ဝန်းကျင်ကိုပါ တွေ့မြင်နိုင်ရာသောကြောင့်ဖြစ်၏။

မြန်မာ့သမိုင်းတွင် ပုဂံခေတ်၊ ပင်းယခေတ်၊ အင်းဝခေတ်၊ တောင်ငူခေတ်၊ ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်ဟူ၍ ခေတ်အသီးသီးရှိရာ ခေတ်ကာလအလိုက် လူတို့၏ ဘဝအခြေအနေကို လေ့လာရပေသည်။ ထိုခေတ် ထိုဘဝ ဝန်းကျင်က ပေါ်ထင်ကျန်ရစ်သော ကဗျာ၌ ထို-ခေတ်၏ အတွေးအခေါ် အခြေအနေများ စွဲထင်ကျန်ရစ်နေတတ်၏။

သို့ဖြစ်သောကြောင့် ကဗျာလင်္ကာနှင့် စကားပြေ တရပ်ရပ်ကို လေ့လာနိုင်ရန် ဘယ်ခေတ်က ပေါ်တဲ့စာလဲဟု မပြတ်ဆင်ခြင်အပ်ပေသည်။

## သူ့ပညာနှင့်သူ့စာ

စာဆိုနှင့် စာသည် အကြောင်းအကျိုး ဖြစ်၏။ သစ်ပင်နှင့် သစ်သီးကဲ့သို့ ဖြစ်၏။ အချိုပင်က အချိုသီး၊ အချဉ်ပင်က အချဉ်သီး သီး၏။ ထိုနည်းတူ စာဆိုက ပညာရှိသူဖြစ်လျှင် သူ့စာသည် ကောင်းပေလိမ့်မည်။ စာညံ့လျှင် သူ့စာလည်း ဟန်ကျမည်မဟုတ်။

ထို့ကြောင့် စာဆို၏ အရည်အချင်းကို တစေ့တစောင်း ကြည့်ထားရပေသည်။ စကား စကား ပြောဖန်များ စကားထဲက ဇာတိပြဆိုသကဲ့သို့ ကဗျာလင်္ကာစာထဲ၌ စာဆို၏ဇာတိ ပြနေတတ်သည်။ ဤအချက်ကို အမိဖမ်းရ၏။ ထို့ပြင် အခြားနေရာ အခြားစာများ၌လည်း စာဆို၏ ပညာအရည်အသွေးကို ရှာဖွေလေ့လာနိုင်ပေသည်။

## 'မောင်မောက်' သို့မဟုတ် 'ရဋ္ဌသာ'၏ ခေတ်အခြေအနေ

'အမြတ်ငါးဆူ' ရတုကဗျာကို ရေးသားသူသည် ဗုဒ္ဓသာသနာ့ဝန်ထမ်း ရဟန်းတော်တပါး ဖြစ်၏။ ရဟန်းဘွဲ့မှာ ရှင်မဟာရဋ္ဌသာရ ဖြစ်ပြီး ငယ်မည်မှာ မောင်မောက် ဖြစ်၏။ မောင်မောက်၏ မိဘမျိုးရိုးသည် ဗုဒ္ဓသာသနာဝင်မျိုးရိုး ဖြစ်၏၊ သို့ဖြစ်၍ မောင်မောက်သည် မိရိုးဖလာ ဗုဒ္ဓဘာသာ တယောက်အဖြစ်မှ ရဟန်းဝတ်ခဲ့ပေသည်။

ရှင်မဟာရဋ္ဌသာရ ပေါ်ထွန်းသောခေတ်သည် ပုဂံခေတ်နှင့် မဝေးလှသော အင်းဝခေတ် ဖြစ်၏။ မြန်မာသက္ကရာဇ် ရှစ်ရာကျော် ကိုးရာတွင်ဖြစ်၍ လွန်ခဲ့သော နှစ်ငါးရာခန့်က ဖြစ်၏။ အင်းဝခေတ် အင်းဝနေပြည်တော် သို့မဟုတ် ထိုအခါက မြန်မာနိုင်ငံသည် ဗုဒ္ဓဘာသာနိုင်ငံတော် ဖြစ်၏။ အင်္ဂလိပ်၊ တရုတ်၊ ကုလား၊ လူမျိုးခြား မရှိ၊ ခရစ်ယာန်၊ အစ္စလာမ် ဘာသာခြား လုံးဝမရှိ၊ မြန်မာတနိုင်ငံလုံး ဗုဒ္ဓဘာသာများသာ နေထိုင်လျက် ရှိ၏။ နိုင်ငံတော်အကြီးအကဲ ဘုရင်မင်းမြတ်ကစ၍ မှူးမတ်ဝန်ထမ်းအားလုံး ဂေါတမဘုရားကိုသာ ကိုးကွယ်သူချည်း ဖြစ်၏။ တပ်မတော်လည်း ဗုဒ္ဓဘာသာ တပ်မတော်သာဖြစ်၏။

ဤကဲ့သို့ နိုင်ငံတော်က ဗုဒ္ဓဘာသာနိုင်ငံ၊ ခေတ်က ဗုဒ္ဓဘာသာထွန်းကားသောခေတ်၊ ပတ်ဝန်းကျင်က ဗုဒ္ဓဘာသာပတ်ဝန်းကျင် ဖြစ်သောကြောင့် ပိဋကတ်ဆိုင်ရာ ပညာရေးသည် ဂုဏ်ရှိသော ပညာရေး ဖြစ်၏။ ပိဋကတ်တော်လာ ဗုဒ္ဓဘာသာဆိုင်ရာ အခြေအနေတို့ကို အမျိုးမျိုးဖော်ထုတ်ကြ၏။ လေ့လာသူများကလည်း အလေးဂရုပြု လေ့လာကြပေသည်။

အင်းဝခေတ်၌ ဗုဒ္ဓဘာသာအကြောင်းကို ရေးသားတင်ပြကြသော ထိပ်တန်း ရဟန်းတော်များ ပေါ်ခဲ့၏။ ရှင်မဟာသီလဝံသ၊ ရှင်မဟာရဋ္ဌသာရ၊ ရှင်ဥတ္တမကျော်၊ ရှင်အဂ္ဂသမာဓိ၊ ရှင်အုန်းညို၊ ရှင်တေဇောဘာသ စသည်တို့မှာ ထိပ်တန်း ဖြစ်၏။ ယင်းတို့အနက် ရှင်မဟာရဋ္ဌသာရ၏ စာပေမှာ အရပ်ဆန်၍ ပြည်သူလူထု ပိုမိုနားလည်၏။

ယခုစနစ်သစ် ပထမပြန် စာမေးပွဲပထမယ်တန်းစာမေးပွဲတွင် ပြဋ္ဌာန်းထားသော 'အမြတ်ငါးဆူ' ကဗျာမှာ 'ငါး' ဟူသော ဒဝါဟာရကို မဏ္ဍိုင်ထားပြီး ဘုရားငါးဆူ၏ အခြေခံကမ္ဘာဦးသမိုင်းကို အဆန်း

တကြွယ်ဖွဲ့ဆိုထားခြင်း ဖြစ်ပေသည်။ စင်စစ် ရှင်မဟာရဋ္ဌသာရ၏ စိတ်ကူးရိပ်သွင်ဖြစ်သည့်နည်းတူ အင်းဝဗုဒ္ဓဘာသာခေတ်၏ သာသနာ့အတွေး-ကောင်းလည်း ဖြစ်ပေသည်။

## အင်းဝဗဟုသုတ

'အင်းဝ'၏ မူလအမည်မှာ 'အင်း နဝ' ဖြစ်၏။ 'အင်း နဝ'မှ အလယ်က 'န' ကို ချေပြီး 'အင်းဝ' ဟု ခေါ်၏။ အနောက်နိုင်ငံသားတို့က 'အဝ' ဟုအသံထွက်၏။

'အင်း နဝ' ၌ 'အင်း' ကား မြစ်၊ ချောင်း၊ အင်း၊ အိုင် စသည်ကဲ့သို့ ရေပြန်အကြီးစားဖြစ်သော 'အင်း' ကိုပင် ခေါ်၏။ နဝကား ၉ (ကိုး) တည်း။ အင်းကိုးအင်းကို ဖို့ပြီး တည်သောမြို့ဟူလို။

ပင်းယမြို့နှင့် စစ်ကိုင်းမြို့ ပျက်သောအခါ သတိုးမင်းဖျားဘုရင်သည် မြန်မာသက္ကရာဇ် ၇၂၆ ခုနှစ်၌ အင်းကိုးအင်းဖို့ပြီးမြို့တည်၏။ အင်းကိုးအင်း၏ အမည်ကား—

(၁) မွေကြာအင်း၊
(၂) ဇာနည်အင်း၊
(၃) ညောင်စောက်အင်း၊
(၄) ဝက်ချေးအင်း၊
(၅) အုန္နအင်း၊
(၆) အင်းမအင်း၊
(၇) လင်းစုံအင်း၊
(၈) ဘေးမဲ့အင်း၊
(၉) ပပ်းဘဲအင်း-တို့ဖြစ်ပေသည်။

(တောင်ဖီလာဖြေဂ ဗျာနှင့် အင်းဝခေတ်ပေါင်း မဉ္ဇူကျော်စာမှ) ဤကား ပဌမအင်းဝပေတည်း။

အင်းဝမြို့သည် ယခု စစ်ကိုင်းတံတားကြီးတောင်ဘက် နန်းမတော်မယ်နု အုတ်ကျောင်းတော်ကြီးရှိသည့် နေရာပေတည်း၊ ရေဝတီမြစ်၏ အရှေ့ဘက်ကမ်း 'ဒုဋ္ဌဝတီမြစ်' ရေစီးကြောင်း၏ လက်ယာဘက်(ရော+ဒုဋ္ဌဆုံရာ) မြေသန်လျက်ခုံ (သန်လျက်ဦးပုံကဲ့သို့ သုံးထောင့်ချွန်း မြေ-နေရာ)၌ တည်ခဲ့သည်။

ပထမ အင်းဝနေပြည်တော် ပျက်ပြီးနောက် တောင်ငူမြို့တွင် မင်း-နေပြည် ဖြစ်နေသည်။ အင်းဝသည် မထင်မရှား နှစ်ပေါင်းများစွာ ရှိနေ၏။ သက္ကရာဇ် ၉၆၀ တွင် ညောင်ရမ်းမင်းက အင်းဝမြို့ကို ထပ်မံ တည်ပြန်သည်။ ထိုသို့တည်သောအခါ လောကီပညာ နာမည်ကျော် ဘားမဲ့ဆရာတော် (ပွန်ဘုန်းကြီး) က မြို့ခိုင်မြဲအောင်၊ စည်ပင်သာယာ-အောင်၊ ဘေးရန်ကင်းအောင် စီရင်ပေးသော အကွက် ၉ ကွက်ပါ သော ကြေးနီပုရပိုက်ကို မြှုပ်နှံ၍ မြို့တည်လေသည်။ ဘားမဲ့ဆရာတော် ဖြစ်မည့် ကိုရင်လေးသည် မိချောင်းပါးစပ်တွင်းမှ ကြေးနီ-ပုရပိုက် ရခဲ့သူဟုလည်း လူသိများ၏။

ဤကဲ့သို့ ကိုးကွက်အင်းကိုမြှုပ်၍ ပည်သော မြို့ဖြစ်သောကြောင့် အင်းနဝမြို့ခေါ်ရာမှ အင်းဝဟု အတိုကောက် ပြောင်းလဲခေါ်သည်။ ဤဒုတိယအကြိမ်၌မူ 'အင်း' သည် ရေကန်အကြီးစား ရေအင်းမဟုတ်ပဲ ကြေးပြားပေါ်မှာ ရေးသည့် 'အင်း' ဖြစ်ပေသည်။


အချုပ်ကား ၇၂၆-ခုနှစ်မှာ ပထမတည်စဉ်က အင်းကိုးအင်းကို ပြီးတည်၍ အင်းနဝ (အင်းဝ) ဟု ခေါ်သည်။ ၉၆၀ ဒုတိယတည် သောအခါ ကိုးကွက်အင်းကိုမြှုပ်ပြီး တည်သောကြောင့် အင်းနဝ-(အင်းဝ)ဟု ခေါ်သည် ဟူလို။

## အမြွတ်ငါးဆူ ကဗျာ အမျိုးအစား

ငါးဆူရွေကြာ- အစရှိသော အမြွတ်ငါးဆူ ကဗျာသည် လင်္ကာ၊ သံပေါက်၊ ဒွေးချိုး၊ တြိချိုး၊ လေးချိုး၊ တေးထပ်၊ ရတု၊ ရကန် စသော ကဗျာအမျိုးမျိုးတို့တွင် 'ရတု' ကဗျာအမျိုးအစား ဖြစ်သည်။ ရတုကဗျာတွင်လည်း တပိုဒ်တည်းသာ စပ်ဆိုသောရတု၊ နှစ်ပိုဒ်သာ စပ်ဆိုထားသော အဖြည့်ခံရတု၊ သုံးပိုဒ် အပြည့်အစုံစပ်ဆိုသော ပိုဒ်စုံ ရတုဟူ၍ သုံးမျိုးရှိသည့်အနက် အမြွတ်ငါးဆူကဗျာသည် တပိုဒ်တည်း နှင့် အပြီးစပ်ထားသော ကေပိုဒ်ရတု ဖြစ်၏။

ကေပိုဒ်ရတု ဖြစ်သော်လည်း သာမညရတုမျိုးမဟုတ်၊ ရှင်မဟာ-ရဋ္ဌသာရသည် အလွန်စိတ်ကူးကောင်းသည့် အတွက် (ငါး) ဟူသော စကားတလုံးတည်းကို ထပ်တလဲလဲသုံးပြီးအဓိပ္ပာယ်ရှိရှိ စပ်ဆိုထားသော လက်စွမ်းပြရတု ဖြစ်၏။ ရတုတွင် (ငါး) ကို ကြာဖူးအရှင်းမှာ

ထားပြီး ကျန်သောအပိုဒ်၌ ပဒုမာကြာဖူးသဏ္ဌာန် ရေး၍ ချရသည်။ ပုံစံကိုကြည့်ပါ။



ပဒုမ္မာကြာဆိုနည်းဧကပိုဒ်

သို့ဖြစ်၍ ဤရတုကို ပဒုမာကြာဆိုနည်းဟု ခေါ်လေသည်။

## သတိပြုရန်သတ်ပုံ

ဤကဗျာ၌ စာလုံးပေါင်းသတ်ပုံ မှားနိုင်သဖြင့် သတိပြုရမည့် ဝေါဟာရများမှာ နိမိတ်၊ မြွှာ၊ လျက်၊ တုံ၊ ကြိုင်ပျံ့၊ ပလ္လင်၊ ကျိုင်း၊ မာရ် စသည်တို့ဖြစ်သည်။

| အမှန် | အမှား |
|---|---|
| နိမိတ် | နမိတ် |
| မြွှာ | မြွာ |
| လျက် | လျှက် |
| တုံ | ဟုန် |
| ကြိုင်ပျံ့ | ကြိုင်ပြန့်၊ ကျိုင်ပြန့် |
| ပလ္လင် | ပလင် |
| ကျိုင်း | ကြိုင်း |
| မာရ် | မရ်၊ မာန်၊ မန် |

**ဖတ်ရွတ်နည်း**

ငါးဆူရွှေကြာ ကေပိုဒ်ရတုကို ဖတ်ရွတ်လျှင် ဒီဃရသ (သံရှည်၊ သံတို) စသည်တို့ကို ဂရုပြု၍ ဖတ်ရွတ်ပါ။ ငါးဆူရွှေကြာ၌ 'ကြာ' တွင် ဒီဃအာဖြစ်၍ သံရှည်၊ အပိုဒ်အစဖြစ်၍ သံနိမ့်ဆိုရသည်။ နိမိတ်သော၍-၌ ၍(ရွေ့)သည် အောက်မြစ်သံဖြစ်၍ သံတိုရွတ်ရမည်။

နိမိတ်ကို နမိတ်ဟုအသံထွက်၊ မြွှာကို မြွာဟုအသံထွက်။

ပလ္လင်ကို ပလင်ဟုထွက်။ မာရ်ကို မန်ဟုအသံထွက်။

ကမ္ဘာကို ကဘာဟုဖတ်။ သောဝ်ကို သော်ဟု သံရှည်ဆွဲချပါ။

**ခက်ဆစ်**

ငါးဆူ ငါး+အဆူ=ငါးဆူ (အ-ကိုချေသည်)
ငါးပါးသော အဆူ သို့မဟုတ် အဆူငါးပါး၊
အဆူဟူသော စကားအရ အမြတ်ကို ယူရ၏၊
မြန်မာဘာသာ၌ 'အ' အနက်ထူး ငါးမျိုးကို မှတ်သား ရသည်။

၁။ အနက်အဓိပ္ပာယ်မရှိသော အနက်မဲ့ 'အ'

ပုံစံ - အကျီစားသန့် (ကျီစားသန့်) 'အ' အနက်ထူးမရှိ။

အကဲ့ရဲ့များ (ကဲ့ရဲ့များ)

၂။ အများပြရှေ့ဆက် "အ" (အနေကသချာ)

ပုံစံ - အရာ (ရာပေါင်းများစွာ)

အထောင် (ထောင်ပေါင်းများစွာ)

အဖွဲ့ဖွဲ့ (ဖွဲ့ပေါင်းများစွာ)

အကြောင်းကြောင်း (အကြောင်းအရာပေါင်းများစွာ)

အနှစ်နှစ် (နှစ်ပေါင်းများစွာ)

အလလ (လပေါင်းများစွာ)

၃။ ကြိယာနာမ်ပြ 'အ'

ပုံစံ - အချစ် (ချစ်ခြင်း)

အပြော (ပြောခြင်း)

၄။ တားမြစ်ခြင်းပြ 'အ' (ပဋိသေဓ)

ပုံစံ - အဖူးရစေ (မဖူးရစေ)

(ကျောက်စာ)

၅။ ဆန့်ကျင်ဘက်အနက်ပြ 'အ' (ပဋိပက္ခအနက်)

ပုံစံ - အဝိဇ္ဇာ

ဝိဇ္ဇာ (သိခြင်း)ကို 'အ'က တားမြစ်သဖြင့် အဝိဇ္ဇာသည် မသိခြင်းဟု ဆန့်ကျင်ဘက်အနက် ဖြစ်လာ၏၊

'အ'ကိုတွေ့လျှင် သူ့နေရာနှင့် သူ့အနက် ယူတတ်ပါစေ။

ရွှေကြာ ဤတွင် 'ရွှေ'သည် အဖိုးတန်သောဟုဆိုသည်။ ဆင့်ပွားအနက်ကို ဟော၏။ ထို့ကြောင့် 'ရွှေကြာ' ဆိုသည်မှာ ရွှေလို အဖိုးတန်သော ကြာ ဟူလို။

နိမိတ် နိမိတ္တ(ပါ) နိမိတ်=သိစရာအမှတ်လက္ခဏာ၊

အမြွှာ တခုစီပူးကပ်နေသောအရာ၊

ပုံစံ - ပိန္နဲသီးအမြွှာ၊ လိမ္မော်သီးအမြွှာ၊

တပင်နက် နက်=ထဲ တပင်ထဲဟူလို၊

တုံ့ အနက်မရှိ (စကားတန်ဆာ)

ကြိုင်ပျံ့ ကြိုင်=မွှေးသည်။ ပျံ့=မွှေးသည်။
မွှန်း မွှန်း-အလွန်မွှေးသည်။
ငါးခန်းဘုံ ဗြဟ္မာငါးဘုံ၊ သုဒ္ဓါဝါသဗြဟ္မာငါးဘုံ၊
(အဝိဟာ, အတပ္ပါ, သုဒဿာ, သုဒဿီ, အကနိဋ္ဌာ)၊
ငါးထွေ မာရ်ငါးပါး (ဒေဝပုတ္တမာရ်, ကိလေသမာရ်, ခန္ဓမာရ်, မစ္စုမာရ်, အဘိသင်္ခါရမာရ်)
ရွှေပလ္လင် ပလ္လင်=ထိုင်ရာနေရာ၊ အထွတ်အမြတ်နေရာ၊
ငါးအင် ဗောဓိပင် ငါးပင် (ဘုရားငါးဆူ တပင်စီ)၊
ခက်ကျိုင်း ကျိုင်း=ထွားသည်။ ကြီးသည်၊ ပုံစံ-ထွားကျိုင်းသည်။
နောက်ပိုခိုင်း နောက်မှီ-ကျောမှီ
နောက်ခိုင်း-ကျောခိုင်းသည်-ကျောပေးသည်။

မာရ် မာရ်-သတ်တတ်သောအရာ၊
မာရ (ပါဠိ)ဟူသော စကားအနက်မှာ 'သေခြင်း' ဖြစ်၏၊ ပါဠိဓာတ်ကျမ်းများက 'မရ-ပါဏစာဂေ' ဟုဆို၏။ မရ-မရဓာတ်သည်၊ ပါဏစာဂေ- အသက်ကို စွန့်ခြင်း၌ဖြစ်၏။ ပါဠိ အင်္ဂလိပ်၊ အဘိဓာန် များက 'မရ'ကို Death သေခြင်းဟုဖွင့်၏။
သံယုတ်အဋ္ဌကထာ ဒုတိယအုပ် စာမျက်နှာ ၂၄၆၌- 'မာရ၊ မာရ'ဟူသည် သေခြင်းကိုဆိုလို၏။
မာရဓမ္မဟူသည် သေခြင်းသဘောတရားပင် ဖြစ်သည်ဟု ဖွင့်ပြထား၏။
သို့ဖြစ်၍ သက်ရှိသတ္တဝါများ သေခြင်း၊ သေစေခြင်းကို မာရ်-ဟု ခေါ်ကြောင်း အတိအကျ သိရပေသည်။
ယင်း မာရ်သည်ကား-

ကိလေသမာရ်- ကိလေသာဟူသော သေစေတတ်သော အကြောင်းတရား။

ခန္ဓမာရ်-ခန္ဓာတည်းဟူသော သေမှုသဘောတရပ်၊
မစ္စုမာရ်-သေခြင်း၊ ရှေ့လျောခြင်း၊
အဘိသင်္ခါရမာရ်-စီရင်ပြုလုပ်အားထုတ်မှု တည်းဟူသော သေခြင်း၏ အကြောင်းအရာ။

ဒေဝပုတ္တမာရ်- သတ္တဝါတို့ကို သံသရာမှ မထွက်စေပဲ
တသေထဲ သေနေအောင် ပြုလုပ်တတ်သည့် နတ်သား
တဦးဟူသော သေမင်းတမျိုးဟူ၍ မာရ်ငါးမျိုးရှိ၏။

(ဆရာနှစ်ဖက်လှ၏ 'ဗုဒ္ဓနှင့် မာရ်နတ်အတွင်းရေး ပဋိပက္ခများ' စာအုပ်၌ အကျယ်ဖော်ပြထား၏)။

ဗောဓိအောက်—ဗောဓိပင်အောက်

ဗောဓိပင်=သစ္စာလေးပါးကို ထိုးထွင်း သိမြင်ပြီး သဗ္ဗညု
တဉာဏ်ရ၍ ဘုရားအဖြစ် ပွင့်ရာနေရာဖြစ်သော သစ်ပင်၊
ကကုသန်ဘုရား၏ ဗောဓိပင်=ကုက္ကိုပင်၊
ကောဏာဂုဏ်ဘုရား၏ ဗောဓိပင်=ရေသဖန်းပင်၊
ကဿပဘုရား၏ ဗောဓိပင်=ညောင်ပင်၊
ဂေါတမဘုရား၏ ဗောဓိပင်=ညောင်ဗုဒ္ဓဟေပင်၊

ငါးယောက် ငါးပါး —ဘုရားငါးဆူ (ဖော်ပြပြီး)

ငါးမည်မိုးနတ် —သုဒ္ဓါဝါသဗြဟ္မာကြီး ငါးဦး (ဖော်ပြပြီး)

နိမိတ်ဖတ် —ကမ္ဘာဦး၌ ကြာတပင်ထဲ၌ အခက်ငါးခက် အဖူး
အငုံ ငါးခု သက်န်းငါးစုံ ပါရှိသည့် အမှတ်
လက္ခဏာအရ ဤကမ္ဘာမှာ ဘုရားငါးဆူပွင့်မည်
ဟု ကြိုတင်ပြောကြားခြင်း။

မချွတ် —ကေန်မုချ၊

မချွတ်ကမ္ဘာ —ဤကမ္ဘာ၌ ကေန်ပွင့်မည်။

## စကားပြေပြန်

ကမ္ဘာသည်ဦးစ အခါသမယ၌ ဤကမ္ဘာတွင် ဘုရားငါးဆူပွင့်မည့် အကြောင်း နိမိတ်ပေါ်လာပါသည်။ ပေါ်လာပုံကား ကြာပင်တပင်ထဲက လက်တံငါးခု မြွာထွက်လာပါသည်။ လက်တံငါးခုတွင် တခုစီ၌ ကြာဖူး တဖူးစီဖူးပါသည်။ ယင်းကြာဖူး အငုံငါးခုထဲ၌ သင်္ကန်း ငါးစုံပါရှိပါသည်။ ယင်းသင်္ကန်းငါးစုံမှာ ကြာရနံ့ မွှေးပျံ့ နေပါသည်။ ထိုအခါ သုဒ္ဓါဝါသငါးဘုံမှ ဗြဟ္မာကြီးငါးဦးတို့က ထိုကြာသင်္ကန်း ငါးစုံကို (နောင်ဘုရားပွင့်လျှင်လှူဖို့) ဗြဟ္မာပြည်သို့ ဆောင်ယူသိမ်း-

ဆည်းထားကြပါသည်။ ဗောဓိငါးပင် ပင်စည်အောက်၌ မာရ်ငါးပါးကို အောင်မြင်ရာဖြစ်သော အပရာဇိတပလ္လင် ငါးခုထက်၌ ပင်စည်ခက်လက် ထွားကျိုင်း စိုပြေသော ဗောဓိပင်ငါးပင်ကို အသီးသီး ကျောခိုင်း နောက်မှီပြုလျက် မာရ်ငါးပါးကို အောင်မြင်ပြီးမြောက်တော် မူသည့် အထွတ်အမြတ် ဘုရားငါးဆူသည်(**တဆူပြီးတဆူ**) အတင်အရှား ပွင့်လိမ့် မည်ဟု မိုးနတ်ဗြဟ္မာငါးဦးတို့က နိမိတ်ဖတ်ကြပါသည်။ ဤကမ္ဘာ၌ဘုရား ငါးဆူမချွတ်ကေန် ပွင့်ပါလိမ့်မည်။

**မှတ်ချက်။** ။ဘုရားငါးဆူပွင့်၍ ကျွန်ုပ်တို့လက်ရှိ ကမ္ဘာကို ဘဒ္ဒ-ကမ္ဘာဟုခေါ်သည်။ ဘုရားလေးဆူပွင့်မည့် ကမ္ဘာ ဖြစ်လျှင် ကြာနိမိတ်ပေါ်ရာ၌ လေးမြွာ၊ လေးငုံ၊ သင်္ကန်းလေးစုံသာ ပါသည်။ သုံးဆူ၊ နှစ်ဆူ၊ တဆူ၊ နည်းတူ၊ ဘုရားမပွင့်မည့် သုညကမ္ဘာ၌မူ ကြာနိမိတ် မပေါ်၊ ထိုအခါ သုဒ္ဓါဝါသ ဗြဟ္မာကြီးများက လောကကြီး အချည်းနှီးတည်း–ဟု ညည်းညူ၍ ပြန်ကြသတတ်။

| ကမ္ဘာအမည် | ကြာ | ဘုရား |
|---|---|---|
| သာရကမ္ဘာ | တပွင့် | တဆူ |
| မဏ္ဍကမ္ဘာ | နှစ်ပွင့် | နှစ်ဆူ |
| ဝရကမ္ဘာ | သုံးပွင့် | သုံးဆူ |
| သာရမဏ္ဍကမ္ဘာ | လေးပွင့် | လေးဆူ |
| ဘဒ္ဒကမ္ဘာ (ငါးဆူထက် ပိုရိုးမရှိ) | ငါးပွင့် | ငါးဆူ |
| သုညကမ္ဘာ | ကြာမပွင့် | ဘုရားမပွင့် |

## အနှစ်ချုပ်

ဤကမ္ဘာ တည်ဦးစက ကြာတပွင့်ထဲ၌ ငါးဖူး ဖူးပြီး သင်္ကန်း ငါးစုံ ပါရှိသည်ကို တွေ့ရှိရ၍ သုဒ္ဓါဝါသဗြဟ္မာကြီးများက သင်္ကန်း ငါးစုံကို သိမ်းယူပြီး ဤကမ္ဘာ၌ ဘုရားငါးဆူ ပွင့်လိမ့်မည်ဟု နိမိတ် ဖတ်ကြလေသည်။

## ကဗျာဆရာ၏ ဆိုလိုချက်

ဤကမ္ဘာတည်ဦးစက ပေါ်သော ကြာနိမိတ်အရ ဤကမ္ဘာ၌ ဘုရား ငါးဆူပွင့်လိမ့်မည်ဟု သုဒ္ဓါဝါသပြဟ္မာကြီးများက နိမိတ်ဖတ်ထားသည်။ ဤကမ္ဘာ၌ ဘုရားငါးဆူ စေကန့်မုချ ပွင့်ပါလိမ့်မည်။

## ရည်ရွယ်ချက်

ကဗျာဆရာက လက်ရှိ ဤကမ္ဘာသည် ဘုရားငါးဆူ ပွင့်သည့် မြင့်မြတ်သောကမ္ဘာ (**ဘဒ္ဒကမ္ဘာ**) ဘုရားပွင့်ခိုက် ကြုံကြိုက်သောအခါ အကျွတ်တရား ရအောင် ကြိုးစားကြစေလိုကြောင်း သတိရှိကြဖို့ရည် ရွယ်သည်။

## မှတ်သားဖွယ်ရာ ဗဟုသုတ

ကမ္ဘာတည်ဦးစက ကမ္ဘာ့ရေပြင်ကြီး၌ သဗ္ဗညုဘုရားပွင့်သည့် ကမ္ဘာ ဖြစ်က ကြာနိမိတ်ပေါ်ကတ်ကြောင်း၊ သုဒ္ဓါဝါသ ပြဟ္မာကြီးများက လည်း မည်သည့်နိမိတ်ပေါ်သလဲဟု လာကြည့်ရှုတတ်ကြောင်း၊ ကျွန်ုပ်တို့ ကမ္ဘာ တည်ဦးစက ကြာနိမိတ်ပေါ်ခဲ့ရာတွင် `တပင်ထဲက လက်တံငါးခု ထွက်၍ အဖူးငါးဖူး ဖူးပြီး သင်္ကန်းငါးစုံ ပါရှိကြောင်း၊ ထိုသင်္ကန်း ငါးစုံကို ပြဟ္မာကြီးတို့က ယူငင်သိမ်းဆည်းထားကြောင်း၊ ကြာနိမိတ် အရ ဤကမ္ဘာမှာ ဘုရားငါးဆူပွင့်မည်ဟု နိမိတ်ဖတ်ထားကြောင်း သိရ ပေသည်။ ကြာသင်္ကန်းဆိုသည်မှာ ကမ္ဘာဦးက ပေါ်သည့် သယံဇာတ (မမွတာအတိုင်း အလိုလို ဖြစ်ပေါ်သော) သင်္ကန်းဖြစ်ကြောင်း သိရ ပေသည်။

**မှတ်ချက်** (၁) ဂေါတမဘုရားအလောင်းအား ဃဋိကာရပြဟ္မာကြီး လာလှူသောသင်္ကန်းမှာ ကမ္ဘာဦးကသိမ်းထားသော ကြာသင်္ကန်းဖြစ်၏။

(၂) ယခုခေတ်၌ ဘုရားရှင်တို့အား ကြာသင်္ကန်းလှူသည့် ဓလေ့ထုံးတမ်း၏ အခြေအမြစ်ကို သိရ၏။

## သင်ခန်းစာ

ဘုရားပွင့်မည့်အကြောင်း မပွင့်ခင်ကြိုတင်၍ ကြာနိမိတ်ပေါ်ခဲ့သည်။ ဤအချက်ကိုထောက်၍ ထူးသောပုဂ္ဂိုလ် ထူးသောဖြစ်ရပ်များ အတွက် ကြိုတင်၍ နိမိတ်ပေါ်တတ်ကြောင်း သိရပေသည်။

## လေ့ကျင့်ခန်း

၁။ 'အမြွတ်ငါးဆူ' ကဗျာကို ရေးသားခဲ့သော ရှင်မဟာရဋ္ဌသာရ၏ ခေတ်ကာလ အခြေအနေကို ဖော်ပြပါ။

၂။ ရှင်မဟာရဋ္ဌသာရ မျိုးရိုးဇာတိနှင့် ငယ်နာမည်ကို မှတ်မိပါသလား။

၃။ အမြွတ်ငါးဆူ ကဗျာသည် မည်သည့်ကဗျာမျိုး ဖြစ်သနည်း။

၄။ အောက်ပါသတ်ပုံတို့ကို မှန်အောင်ပြင်ရေးပါ။
နမိတ်၊ မြွှာလျက်၊ ကျိုင်ပြန့်၊ ခယ်ကြိုင်း၊ မာန်မြောက်၊ ဗောဒိ၊

၅။ အောက်ပါတို့၏ ခက်ဆစ်အဓိပ္ပာယ်ရေးပြီး ဝါကျရေးပြပါ။
နိမိတ်၊ ကြိုင်၊ ခက်ကျိုင်း၊

၆။ အမြွတ်ငါးဆူကဗျာကို စကားပြေပြန်ပါ။

၇။ အမြွတ်ငါးဆူကဗျာ၏ (က) အနှစ်ချုပ် (ခ) ဆိုလိုချက် (ဂ) ရည်ရွယ်ချက်တို့ကို ဖော်ပြပါ။

၈။ အမြွတ်ငါးဆူကဗျာမှ မည်သို့သော မှတ်သားဖွယ်ဗဟုသုတနှင့် ဘဝသင်ခန်းစာများကို ရသနည်း။

၉။ အောက်ပါတို့ကို ရှင်းလင်းအောင် ဖော်ပြပါ။

(က) ငါးခန်းဘုံ၊ (ခ) ငါးဆိုင်းမာရ်၊ (ဂ) ငါးယောက်ထင်ရှား စောဘုရား၊ (ဃ) ငါးမည်မိုးနတ်၊

၁၀။ အောက်ပါတို့၌ 'ငါး' တို့၏အရ ထူးခြားမှုကို ဖော်ပြပါ။

(က) ငါးဆူရွှေကြာမှ ငါး ၊(ခ) ငါးဆက်ဖူးငုံမှ ငါး၊ (ဂ) ငါးစုံသက်န်းမှ ငါး၊ (ဃ) ငါးထွေအောင်မြင်ရွှေပလ္လင်မှ ငါး၊ (င) ငါးအင်ခက်ကျိုင်းမှ ငါး။

## စဥ္စပါဆရာတော်

'ဥဩအော်မြည်—ကုန်းဘောင်တည်' ဟူသော ရာဇဝင်လင်္ကာအရ ကုန်းဘောင်ခေတ်သည် မြန်မာသက္ကရာဇ် ၁၁၁၅-ခုနှစ်၌ စတင်ခဲ့သည်။ ၁၂၄၇-ခုနှစ်တွင် နယ်ချဲ့လက်အောက် ကျရောက်ခဲ့သဖြင့် ကုန်းဘောင်ခေတ်သည် နှစ်ပေါင်း ၁၃၂-နှစ်ကြာသည်။ (၁၂၄၇—၁၁၁၅= ၁၃၂) စဥ္စပါဆရာတော်သည် ၁၁၄၀-ခုနှစ်ဖွားဖြစ်၍ ကုန်းဘောင်ခေတ်ဦး၌ ပေါ်သောစာဆိုရှင်တပါး ဖြစ်သည်။

ဆရာတော်သည် ရဟန်းကျင့်ဝတ်ငါးပါးထဲက ဒါယကာ, ဒါယိကာမများ၏ အကျိုးရှိရာရှိကြောင်း ဆောင်ရွက်ပေးရသည့် ကျင့်ဝတ်ကို ဖြည့်ကျင့်တော်မူသည်။ စာတတ်၊ ပေတတ် ပုဂ္ဂိုလ်ဖြစ်၍ စာပေဖြင့် လူထုအကျိုး ဆောင်သည်။ အထူးသဖြင့် ဆရာတော်သည် လူငယ်လူလတ်တို့အား လူကြီးလူကောင်း ဖြစ်လာစေချင်သည်။ သို့ဖြစ်၍ ဆုံးမစာများကို ရေးသားဆုံးမသည်။ ဆုံးမစာရေးရာ၌လည်း လူငယ်များစိတ်ဝင်စားမှုရှိစေရန် အချိုး (စတုချိုး) ကဗျာပုံသဏ္ဌာန်ဖြင့် ရေးသားချီးမြှင့်ခဲ့သည်။ အချိုးကဗျာဖြစ်၍ ဆို၍ကောင်း မှတ်၍ကောင်းသည်။

စဥ္စပါဆရာတော်သည် လူ၏သဘော သဘာဝအပေါ် အခြေခံထားသဖြင့် မည်သည့်ခေတ်တွင်မျှ ခေတ်မမီဟူ၍ မရှိပေ။ အရင်းရှင်ခေတ်ဖြစ်စေ ဆိုရှယ်လစ်ခေတ် ဖြစ်စေ၊ လူသည် လူသာဖြစ်၍ လူ့သဘာဝကျသော စာပေအဆုံးအမသည် လူနှင့် ဟပ်လျက်သား ရှိသည်။ ထို့ကြောင့်ပင် အမြဲတမ်း ခေတ်မီလျက်ရှိပြီး ခေတ်သူ ခေတ်သားရှင်, လူ, ရဟန်းတို့အား အကျိုးပြုလျက်ရှိပေသည်။

# မြတ်ပညာ

## ကဗျာအမျိုးအစား

ကဗျာအမျိုးအစားမှာ အချိုးလေးခု ပါဝင်သော စတုချိုး (လေးချိုး) ကဗျာမျိုး ဖြစ်သည်။ သို့သော် ဆုံးမစာ ကဗျာဖြစ်သည့် အတွက် သံနေသံထားကို များစွာဂရုမထားပဲ အဓိပ္ပာယ်ကောင်းအောင် သာ ရေးသားထားသည်။ အချိုးကိုချကြည့်လျှင်—

| | | | |
|---|---|---|---|
| ဆရာကို | ပေ | ကုန်စင် | တချိုး |
| မာတိကာ | ပေ | ဉာဏ်ဆင် | တချိုး |
| တစ်နှစ် | ပေ | မရှိ၊ | တချိုး |
| ကျပ် | ပေ | ကြရိုး။ | တချိုး |

**စုစုပေါင်း** အချိုး လေးခုပါဝင်သည်။ ဤကဲ့သို့ အခြားကဗျာ များမှာလည်း အချိုးလေးချိုးစီပါသည်။

## ဘတိပြုရန်သတ်ပုံမှန်များ

**ကုန်စင်**၊ မာတိကာ**အစဉ်**၊ မိန့်အုံး၊ ရုံးလို့၊
**ထုတ်**လို့၊ **ခပ်ပျင်း**၊ **သွပ်ဖျင်း**၊ **စည်းစိမ်**၊
ရိပ်ငြိမ်၊ **ဗိမာန်**၊ မခြိုး၊ **မြောက်**မြား၊
မငြင်း၊ ကုဋေ၊ **ကျက်**သရေ၊ တိမ်မြုပ်၊
ပြာသာဒ်၊ ဂဠုန်၊ ကြော်ငြာ၊

## ဖတ်ရွတ်နည်း

စဉ့်ပါဆရာတော်၏ ‘မြတ်ပညာ’ ကဗျာများမှာ လေးချိုးကဗျာ ဖြစ်၏။ ထို့ကြောင့် ဖတ်ရှုပ်သောအခါ အခြေခံအားဖြင့် လေးခါဖြစ်၍ ဖတ်ရွတ်ရမည်။ အချိုးတခုအတွင်းမှာလည်း ပဲခြောင်းပုဒ် (၊) ချထား သောနေရာများ၌ အနည်းငယ် အသံဖြတ်၍ဖတ်ရမည်။

ပြတ်ပြတ်သားသား ဖတ်တတ်လျှင် တော်လောက်ပါပြီ။

## ခက်ဆစ်စကားလုံးများအဓိပ္ပာယ်

ခက်သည်၊ မခက်ဘူး-ဆိုသော အချက်သည် စာဖတ်သူပေါ်၌တည် သည်။ စာဖတ်သူက ပညာရှိလူတော်ဖြစ်လျှင် သူ့အဖို့အခက်မရှိ၊စာသင် သားများဖြစ်ပါက ခက်သည်၊ တနည်းအားဖြင့် ခက်သည် မခက်ဆို- ရာ၌ သိလျှင် မခက်၊ မသိလျှင် ခက်သည်။ ဤတွင် စာသင်သားများ

အတွက် ရည်ရွယ်၍ ခက်ဆစ်ထုတ်ခြင်း ဖြစ်ပါသည်။ ဤခက်ဆစ် အဓိပ္ပာယ်ကို သိသွားလျှင် ကဗျာကိုပုံ နားလည်သွားမည် ဖြစ်ပေသည်။

**အလိုင်း** (ပေါရာဏစကား) များသည်၊

**မာတိကာ** (ပါဠိ) — အမိနှင့်တူသောအရာ (အမိမှ သားသမီးများ ပေါက်ဖွားလာသကဲ့သို့ အကျဉ်းမာတိကာမှ အကျယ်ဖြစ်လာသည်။) အကြောင်းအရာအကျဉ်းခေါင်းစဉ်။

ဠာ+ရသ (အဋ္ဌာရသ=ပါဠိ) ၁၈ (တဆယ့်ရှစ်)

**အဋ္ဌာရသသိပ္ပ=အတတ် ၁၈ ရပ်**

၁။ ဗေဒင်အတတ်၊
၂။ ဓမ္မသတ် (ဥပဒေ) အတတ်၊
၃။ သင်္ချာအတတ်၊
၄။ ယောဂအတတ်၊
၅။ နီတိကျမ်းအတတ် (လောကနီတိစသည်)၊
၆။ ပုဒ်ထူး အနက်ထူးကို ဖော်တတ်သောအတတ်၊
၇။ သီချင်းရေး, သီချင်းဆိုအတတ်၊
၈။ သင်္ကေတအတတ်၊
၉။ လေးအတတ်၊
၁၀။ ရှေးဟောင်းပညာအတတ်၊
၁၁။ ဆေးကုခြင်းအတတ်၊
၁၂။ ရှေးဟောင်းပုံပြင်အတတ်၊
၁၃။ နက္ခတ်ကျမ်းအတတ် (နက္ခတ္တဗေဒပညာ)၊
၁၄။ မျက်လှည့်အတတ်၊
၁၅။ ဆန်းကျမ်းအတတ်၊
၁၆။ အလင်္ကာကျမ်းအတတ်၊
၁၇။ မန္တယားအတတ်၊
၁၈။ သဒ္ဒါကျမ်းအတတ်၊
(လောကနီတိကျမ်းမှ)

| | |
|---|---|
| **ကောင့်** | ကဗျာဖြစ်၍ "ကောင့်"ဟု ဆိုသည်။ အဝိပ္ပာယ်ကား တော့(ဆိုလျှင်တော့)နှင့် တူ၏။ |
| **ကျယ်မစိုး** | ကျယ်မည်စိုးသည်၊ |
| **ခပ်ပျင်း** | (မူခပ်ပျင်း) အမူခပ်သိမ်းမှာ ပျင်းရိသည်။ |
| **သွပ်ဖျင်း** | သွပ်=ပေါ့သည်၊ ညံ့သည်။<br>သွပ်ဖျင်း=ညံ့ဖျင်းသည်။ |
| ပဇာ(ပေါရာဏ) | ဘယ်မှာ၊ |
| ကုသိုလ်(ပါသက်) | ယုတ်မာသောတရားတို့ကို ပယ်ဖြတ်တတ်သောတရား၊ |
| ပုည(ပါ) | ဖြူစင်သောကောင်းမှု၊ |
| ဗိမာန် (ပါသက်) | အဆောက်အအုံ၊<br>(မူရင်း ဝိမာန) |
| မြှောက်မခြီး | မခြီးမြှောက်၊<br>(ကုသိုလ်ကံက မခြီးမြှောက်) |
| ရမ္မက်(ပေါ) | အလိုဆန္ဒ(လောဘ) |
| ခွာကန် | ကန်=ခွာသည်၊<br>ခွာကန်=ရှောင်ရှားသည်။ |
| နိဗ္ဗာန် | တဏှာမှထွက်မြောက်ရာ ပရမတ်တရား၊ |
| တမလွန် | မတ+လွန်၊<br>မတ=သေခြင်း၊<br>=သေလွန်ခြင်း၊ |
| မြိုက်(ပေါ) | အမြိုက်ချမ်းသာ၊ |
| တောက်ထွန်း | တောက်ပထွန်းလင်းခြင်း၊ |
| စိုးမင်း(ပေါ) | ဘုရင်၊ |
| ဇမ္ဗူ(ပါ) | ဇမ္ဗူဒီပါ=ဇမ္ဗူသပြေပင်ပေါက်ရာ လက်ယာ တောင်ကျွန်း၊ |
| ကုဋေ(ပါ) | ဆယ်သန်း တကုဋေ |
| ဖိတ် | အရောင်တောက်သည်၊ |
| တင့်ရည်း(တင့်ရဲ) | အတင့်ရဲ၊ |
| လက်ချည်း | အချည်းနှီး |
| ရတနာ(ပါ) | စိတ်ကိုနှစ်သက်စေသောအရာ၊ |
| ကျက်သရေ | (ကျက်+သိရီ) တင့်တယ်သောအရာ၊ |

သူနုံ် သေးသိမ်သောသူ၊
ပြာသာဒ်(သက္ကဘာသက်)ဘုံဆောင်ပါသောအဆောက်အအုံ၊
ပလွှား အထူးပေါ်လွှင်အောင်ပြုသည်၊
လော်လည် ဖောက်ပြားခြင်း၊
သွမ်း ပျက်စီးခြင်း၊
မာန်စောင် (စောင်မာန်၊ မာန၊ စိတ်နေမြင့်မောက်ခြင်း)
စက်ရှင်ပျံ နေမင်း
မေထုန် ပါသက်) တပ်မက်ခြင်းတူသူနှစ်ယောက်၏ အချင်းချင်းမှီဝဲခြင်း၊
ကိုလုံ(ပေါ်) ပြည့်စုံခြင်း၊
မြောက်ပြား(ပေါ်) များပြားခြင်း၊
သိန္ဓေ ဖြည်းဖြည်း
သိပ္ပံ အဘတ်၊
ဗျာဒိတ် ကြိုတင်ပြောကြားခြင်း၊

## ''မြတ်ပညာ''မေးကွင်း မေးကွက်များ

စဥ့်ပါသရာတော်၏ မြတ်ပညာ (ဓမ္မနီတိချိုး)သည် လောကနီတိကို မှီး၍ ရေးထားသော ဆုံးမစာ ဖြစ်၏။ တချို့စာပုဒ်သည် လောကနီတိတိုက် ရိုက်လာ အဓိပ္ပာယ်ကို စပ်ထားခြင်း ဖြစ်၏။ အချို့မှာမူ လောကနီတိမှ တပါး အခြားဆုံးမစာများ ဖြစ်ပေသည်။

ဤပြဋ္ဌာန်းစာအုပ်၌ မြတ်ပညာဓမ္မနီတိချိုး ၁၅-ပုဒ် ပါဝင်၏။ ဤ ၁၅-ပုဒ်ကို တပုဒ်စီစကားပြေပြန်ရန် ဖြစ်၏။

သို့သော် ရှေ့လာမည့် အနှစ်ချုပ် ဆိုလိုချက် ရည်ရွယ်ချက်၊

> မှတ်သားဖွယ်ရာနှင့် သင်ခန်းစာဟူသောအချက် ၅-ချက်သည် တပုဒ်စီတပုဒ်စီအတွက်ရော ၁၅-ပုဒ်လုံးပေါင်း၍ တပေါင်းတည်း အတွက်ရော နှစ်မျိုး ဖြစ်နိုင်၏။

ဆိုလိုသည်မှာ''ဆရာကိုဆိုတဲ့ပိုင်း''စတဲ့အချိုးတပုဒ်အတွက် အနှစ်ချုပ် ဆိုလိုချက် ရည်ရွယ်ချက် မှတ်သားဖွယ်နှင့် သင်ခန်းစာဟူ၍ (၅)ချက် ရ၏။ ကျန်အချိုးများ၌လည်း (၅)မျိုးစီပင် မေးနိုင်၏။ (၁၅)ပုဒ် လုံးကို တပေါင်းတည်းပြု၍ အနှစ်ချုပ်၊ ဆိုလိုချက်၊ ရည်ရွယ်ချက် မှတ်သားဖွယ်နှင့် သင်ခန်းစာဟူ၍လည်း မေးနိုင်၏။

ထို့ကြောင့် အစိတ် (အဝယဝတ္တ)ကိုအရင်ပြပြီး အပေါင်း(ပိဏ္ဍဟ္ဋ) ကို နောက်မှ ဖော်ပြပါမည်။

၁။ ဆရာနှင့်ပတ်သက်၍ အတော်များများ စပ်ဆိုခဲ့ပါသည်။ ထိုအပိုင်းပြီးပါပြီ။ ယခု မာတိကာစဉ်အတိုင်း ပညာပိုင်းကို မိန့်ဆိုပါဦးမည်။ ပညာနှင့်ပတ်သက်၍ စုရုံး၍ ဉာဏ်ဖြင့်ဆင်ခြင်ကြည့်လျှင် အတတ် ၁၈-ပါးကို တွေ့ရပါသည်။ ယင်းအတတ် ၁၈-ပါးကို တပါး၊ နှစ်ပါး၊ စသည်ဖြင့် ၁၈-ပါးပြည့်အောင် စပ်ဆိုနေလျှင် ကျယ်မည်။ လောကနီတိကျမ်းရင်းမှ သေချာစွာ ထုတ်နုတ်လေ့လာခြင်းဖြင့် အာဂုံရအောင် ဆောင်ထားကြပါ။ ဤအဋ္ဌာရသသိပ္ပ (အတတ် ၁၈ ရပ်)သည် မြန်မာ့ ရိုးရာ အများ သိလာကြသည့် ပညာရပ်ပင်ဖြစ်သည်။

၂။ အမူအကျင့် အလုပ်ကိစ္စတို့မှာ ပျင်းရိ၍ ညံ့ဖျင်းယုတ်မာသော သူတို့သည် အဘယ်မှာ အတတ်ပညာတတ်ပါမည်နည်း၊ ပျင်းလျှင် ပညာ မတတ်ဟူ၍ မှတ်ကြပါ။ ပညာတတ်အောင် မသင်လျှင် ပညာမဲ့သူအား ပစ္စည်းဥစ္စာရဖို့အရေး၌ ဘယ်သို့ကြံဖန်နိုင်ပါမည်နည်း၊ ပညာမဲ့ လူပျင်း လူညံ့နှင့် ပစ္စည်းဥစ္စာရဖို့အရေးကား မြေနှင့်မိုးလောက် ကွာဝေးတိသည်။

၃။ ပစ္စည်းဥစ္စာ ဆင်းရဲနွမ်းပါး၍ ဗလာကိုယ်ထည်းလက်ချည်းသာ ရှိသော လူဆင်းရဲမှာ မျက်နှာမွဲ မျက်နှာမဲ့သည့်အတွက် မိတ်ကောင်း ဆွေကောင်းနှင့် ချစ်ခင်ကျွမ်းဝင်ဖို့ (မိတ်ဆွေကောင်းတွေ့ဖို့) ဘယ်လိုမှ မျှော်မှန်းနိုင်မည်မဟုတ်ပါ။ မိတ်ကောင်း ဆွေကောင်း မရှိသူသည် ချမ်းသာသုခ မရနိုင်၊ စည်းစိမ်ဥစ္စာမရှိ ဆင်းရဲသူသည် ရိပ်ငြိမ်းချမ်းသာ မခံစားရပဲ ကုသိုလ်ကောင်းမှုလည်း ချို့ငဲ့မြဲ ဖြစ်လေသည်။

၄။ ကုသိုလ်ကောင်းမှု မပြုနိုင်သူသည် စိန်ကျောက်ရတနာတွေဖြင့် ဆန်းကျယ်လှသော နတ်ဘုံဗိမာန်ကို မရနိုင်၊ စိတ်ကလိုချင်သော်လည်း နတ်ပြည်နတ်ရွာ ရဖို့အရေးဝေးလှပေသည်။ ကုသိုလ်ကံ မထောက်မ၍ နတ်ပြည်ခြောက်ထပ်နှင့် ကင်းကွာသူအား လောဘရမ္မက်များကို ချိုး နှိမ်၍ နိဗ္ဗာန်ချမ်းသာသို့ ရောက်ဖို့မလွယ်ပါ ဉာဏ်ဖြင့် မျှော်ခေါ် ကြည့်ပါ။ ထိုလူမျိုးသည် ချမ်းသာသုခအခေါင်အဖျားဖြစ်သော နိဗ္ဗာန် နှင့် ဝေးလှပါသည်။

၅။ အတတ်ပညာကို မည်သည့်လူဆိုးတို့ကမျှ ခိုးယူ၍မရ၊ သူခိုးနောက် မပါနိုင်။ အတတ်ပညာနှင့် ဥစ္စာ ဘယ်ဟာက သာသနည်းဟု နှိုင်းယှဉ်

ကြည့်လျှင် ပညာနှင့်ဥစ္စာ မတူပေ၊ (ပညာက ဥစ္စာထက်သာသည် ဟူလို) အသိပညာ အကြားအမြင် ဗဟုသုတ လုံလောက်ပါက ယခုဘဝ မှာပင် မိတ်ကောင်း ဆွေကောင်း ခင်ပွန်းကောင်းကို ရလွယ်ပါသည်၊ နောင်တမလွန်ဘဝမှာလည်း ပို၍ ချမ်းသာသုခနှင့် ပြည့်စုံပြီး အမြိုက် နိဗ္ဗာန်အထိ အဆင့်ဆင့်ရောက်နိုင်ပါသည်။ အတတ်ပညာကား တောက်ပ ထွန်းလင်းပါသည်။

၆။ (သို့ဖြစ်၍) ဆရာထံမှာ မှီခိုဆည်းကပ်ပြီး မလျှပ်မပေါ် နေပါ။ အရာခပ်သိမ်းမှာ ပျောက်လွယ် ပျက်လွယ် မဖြစ်စေနှင့်၊ ပေါ်ပေါ် လွင်လွင် မပြနှင့်၊ သေသေဝပ်ဝပ် နေပါ၊ ဤသို့ ဆရာကို ဆည်းကပ် နေပြီး ပညာတတ်အောင် သင်ကြပါ။ ရှင်ဘုရင်ပင် ဖြစ်သော်လည်း ပြည်သူတို့က ကြည်ညိုချစ်ခင်၍ ပေးကမ်းပူဇော်လျှင် မိမိပြည်တပြည် တွင်းမှာသာ ဂုဏ်ရောက်ပါသည်။ ပညာရှင်ဆိုသူတို့မှာကား မိမိပြည်ရွာ မှာသာမက ထိုထိုမြို့ရွာ ရောက်လေရာ ဇမ္ဗူဒီပါတဝှန်းလုံးကပင် စုရုံး၍ ငပ်စင်းပူဇော်ကြပေလိမ့်မည်။

၇။ ချစ်သားတို့ ပညာကို ဖြစ်မြောက်အောင် သင်ကြပါ။ မိဘက ချစ်သားတို့ကို ပညာသင်ဖို့ အဖန်ဖန် အခါခါဆုံးမ မပြောကြားသည်ကို မငြင်းဆန်ပဲ နားထောင်ကြပါ၊ ဆရာက ပညာသင်ပေးသော အခါမှာ လည်း ရမိအောင် နှလုံးသွင်းကြပါ။ ပညာမဲ့သူ (ပညာမတတ်သူ) သည် သူတပါးခိုင်းသမျှ ခံရသော သူ၏ ဝန်ထမ်းသာ ဖြစ်ရသည်။ အလုပ် အကိုင် လုပ်သောအခါလည်း လှေလှော်လှေခတ်သမား (နောက်လိုက် ဝန်ထမ်း) အလုပ်မျိုးသာ လုပ်ရသည်။ ပညာရှင်တယောက် ဖြစ်ခဲ့သော် ကား လူတို့၏ ပူဇော်မှုကို ခံရသည်။ ဇမ္ဗူဒီပါသက်ယာတောင်ကျွန်း တကျွန်းလုံးပေါ်မှာပင် ဂုဏ်ထင်ရှားလိမ့်မည်။ (မိုးပေါ်က လ သည် အဆန်း အဆုတ် ရှိသော်လည်း ပညာရှင်ဂုဏ်မှာ ဆုတ်ယုတ်သည် မရှိ) မိုးပေါ်က လထက်ပင် ကဲသာပါလိမ့်မည်။

၈။ ကုဋေတရာကြွယ်ဝသည့်သဌေးမျိုးမှပင်ဖြစ်စေ၊ကိုယ်ရေကိုယ်ရောင် ဝင်းကြည်တောက်ပသည့် နတ်ရုပ်ရည်လောက် လှပသည်ဖြစ်စေ၊ အတတ် ပညာမရှိပါက အထွတ်အမြတ် အပူခံရမည်မဟုတ်၊ စင်စစ် ရုပ်လှပြီး ပညာမဲ့သူမျိုးကို ပေါက်ပွင့်ပေါက်ပန်းနှင့် တူသော လူ ပေါက်ပန်းဟု လူတို့က မညှာမတာ ပြောကြမည်ဖြစ်သည်။

၉။ မိမိတို့၏ သားသမီးကို ငယ်စဉ်ကာလက ပညာသင်မပေးသော မိဘသည် သားသမီး၏ ရန်သူစစ်စစ် ဖြစ်ပေသည်။ ပညာမဲ့သောသားသည် ပညာတတ်လူတော့ထဲ မတိုးရပဲ ပွဲမဝင်နိုင်၊ ဥပမာအားဖြင့် ဟင်္သာတို့၏အလယ်၌ လည်ပင်းရှည် ခြေတံရှည်နှင့် ပုံဆိုးလှပြီး အော် အော်ဟု မြည်တတ်သော ဗျိုင်းဖြူအရိုင်းနှင့် တူပေသည်။

၁၀။ ပညာဂုဏ်ရောင် တောက်ပြောင်သော သူတို့သည်သာ ရတနာအမျိုးမျိုးဖြင့် စီခြယ်ပြီး မင်္ဂလာအပေါင်း ပြည့်ဖြိုးတောက်ပသော မြင့်မြတ်သောနေရာသို့ ရောက်ထိုက်ပေသည်။ အမျိုးအမည်မထင်မရှားသော ပညာမဲ့ လူနုပ် လူညံ့မျိုးသည် မြင့်မြတ်သောနေရာ၌ အတင့်ရဲပြီး မနေထိုက်၊ ပြာသာဒ်ထိပ်ဖျား နားနေနိုင်ကာမျှဖြင့် ကျီးနက်သည် ဂဠုန်ငှက်ဖြစ်သည်ဟု ထုံးစံမရှိချေ၊ (မြတ်သောနေရာ၌ တက်နေသော်လည်း ပညာမဲ့သည် ပညာရှိ မဖြစ် ဟူလို)။

၁၁။ ပညာဆိုလျှင် အယုတ်၊ အလတ်၊ အမြတ်မရွေး မည်သည့်ပညာပဲဖြစ်ဖြစ် 'တတ်မျိုးစုံ' အောင် သင်ပါ။ မိမိ၏ဂုဏ်ကို မတိမ်မမြုပ်ရအောင် ပညာကို ကြိုးစားအားထုတ် သင်ယူဆည်းပူးပါ၊ တတ်သိပညာကို မမေ့မပျောက်ရအောင် မှတ်သားထိန်းသိမ်းပါ၊ ဉာဏ်နှင့်ယှဉ်ပြီး သင့်လျော်သောအခါ ပညာကိုအသုံးချပါ။ ကာလဒေသကြည့်ပြီး အဆင်မသင့်သေးပါက ပညာကို အသုံးမချပဲ အခွင့်ကောင်းကိုစောင့်ပါ။

၁၂။ ပညာမဲ့သော လူမိုက်လူဗာလတို့သည် လူ့လောကမှာ ထင်ရှားအောင် ကိုယ့်ဂုဏ်ကိုဖော်ပြီး ဝါကြွားတတ်သော်လည်း ဘယ်မှာတင့်တယ်ထင်ရှားပါမည်နည်း၊ အမူအရာအကျင့်အကြံ ဖေါက်ပြန်ယုတ်နိမ့်သည့်အတွက် ယုတ်ညံ့ညစ်နွမ်းသည်ပင် ဖြစ်လေသည်။ အကြံအဖန်ကောင်းလှတဲ့ ပညာရှင်လူတော်လူတတ်မှာမူ ကိုယ့်အိမ်တွင်းမှာပင် နေသော်လည်း အတတ်ပညာဂုဏ်သတင်းကို လူအများသိရှိပြီး အမြန်ပင်ထင်ပေါ်ကျော်ကြားပေလိမ့်မည်။

၁၃။ မှာကြားပဲ့ပြင် သွန်သင်ဆုံးမတတ်သော တရားကျမ်းဂန်ကို အစအဆုံး အဖန်ဖန် သင်အံဆောင်ယူ ထွေးပိုက်ထားသော်လည်း၊ လူမိုက်သည် မလိမ္မာ၊ မာန်စောင်ပကျိုးပဲ တိုးလို့ငိုက်တတ်ပါသည်။

ဥပမာအားဖြင့် လျှပ်ရောင်ခြည်တထောင် ဆောင်သည့် စက်ပျံနေမင်း၏ အရောင်အလျှံသည် ကွန့်မြူးပြေးထွက်လျက် ရှိသော်လည်း (သစ်ခေါင်း အမှောင်ထဲမှာ အောင်းနေသော) ငှက်ယုတ်ခင်ပုပ်မျိုးမှာမူ အလင်းရောင် မရ၊ မှောင်ကျလျက်သာ ရှိပေသည်။

၁၄။ မေထုန်မှီဝဲခြင်း၊ အိပ်ခြင်း၊ စားခြင်း ဤကိစ္စမျိုးသည် ယောကျ်ားမှာရော နွားမှာရော အပြည့်အစုံ (အတူတူ) ရှိသည်ပင် ဖြစ်၏၊ လူ၌ပညာတတ်ခြင်းဟူသော အချက်တချက်သာ နွားထက်သာ ပေ၏။ အကယ်၍ ပညာမတတ်မူကား ထိုလူမိုက်ကို နွား (နွားနှင့် အတူတူ) ဟုပင် ဆိုရပေသည်။

၁၅။ ပညာကို လိုချင်အားကြီးနှင့် အများအပြား သင်ပါက မနူးမနပ် မကျေမညက် ဖြစ်တတ်သည်၊ အကြံရှေ့သွားနှင့် သင်ပါက ပျားစားလက် ရေဆေးသကဲ့သို့ မတင်မကျန်ပဲ မေ့ပျောက်ကုန်လိမ့်မည်။ ပညာကို ဉာဏ်သက်မဝင်နိုင် မယူတတ် မဆတတ်၊ လူအ့အိပ်မက်သည့် ပုံပြင်ထဲ ကလို ဘာမျှပြန်မပြောတတ် ဖြစ်လိမ့်မည်။ ထို့ကြောင့် ပညာကို ဖြည်းဖြည်းချင်း တစတစ သင်ရာ၏-ဟု မိန့်ကြားခဲ့သော ဗျာဒိတ်စကား ကို အမြဲပြု လိုက်နာ သင်ယူရမည်။

### မြတ်ပညာဓမ္မနီတိချိုး (၁၅) ပုဒ်လုံး၏

**အနှစ်ချုပ်** လောကမှာ ပညာတတ်မှ ဂုဏ်ရှိမည်၊ ချမ်းသာမည်။ ပညာမတတ်လျှင် လူမိုက်ဖြစ်မည်။ ပညာသင်သည့် အခါ၌မူ စွဲစွဲမြဲမြဲ ဖြည်းဖြည်းချင်းသင်ရမည်။

**ဆိုလိုချက်** ပျင်းလျှင် ပညာမတတ်၊ ပညာမဲ့လျှင် သူ၏ ဝန်ထမ်းဖြစ်မည်၊ ပညာရှင်ဖြစ်မှ ဂုဏ်ရှိမည်။ ပညာသည် ဥစ္စာထက် အဖိုးတန်သည်။ ထို့ကြောင့် ပညာသင်ကြပါ။

**ရည်ရွယ်ချက်** မြန်မာအမျိုးသားတို့ ပညာ၏တန်ဖိုးကိုနားလည် သဘောပေါက်ပြီး ပညာတတ်များ ဖြစ်လာစေ ချင်သည်။

**မှတ်သားဖွယ်** ပျင်းလျှင် ပညာမတတ်၊ ပညာမဲ့လျှင် ဆင်းရဲ အောက်ကျသည်၊ ပညာတတ်လျှင် လောကမှာ

တင့်တယ်သည်။ ပညာကို ရန်သူမျိုးငါးပါးတို့ မဖျက်ဆီးနိုင်၊ ထို့ကြောင့် ပညာကိုတန်ဖိုးထား၍ သင်ထိုက်ကြောင်း မှတ်သားရသည်။

**သင်ခန်းစာ** မပျင်းမရိသင်ဖို့၊ ပညာတတ်မှ ဂုဏ်ရှိမည်။ ပညာမဲ့လျှင် ဉစ္စာမရ၊ မိတ်ဆွေမရ၊ သူ၏ဝန်ထမ်းဖြစ်မည်။ ထို့ကြောင့် ပညာကို အမြတ်တနိုးသင်ကြရမည်။

## အပိုဒ် ၁

**အနှစ်ချုပ်** ဆရာအကြောင်း စပ်ဆိုခဲ့ပြီ။ ပညာအကြောင်း ဆက်ပါမည်။ အတတ် ၁၈-ပါးကိုမူ အကျယ်တင်မပြပါ၊ ကျမ်းရင်းမှာ ကြည့်ကြပါ။

**ဆိုလိုချက်** မြတ်ပညာအကြောင်း ဆက်ပြီးစာဖွဲ့ပါမည်။ (ပဋိညာဉ်ပြုချက်)

**ရည်ရွယ်ချက်** ဆရာပိုင်းနှင့် ပညာပိုင်း မရောအောင် ကတ္တား ခြားပေးပြီး ပညာပိုင်းအတွက် စကားပျိုး (စကားစ) ကို သိစေရန်ဖြစ်၏။

**မှတ်သားဖွယ်** အဌာရသသိပ္ပရှိကြောင်း သိရသည်။

**သင်ခန်းစာ** စာရေးတဲ့အခါ ရှင်းအောင် အနုသန္ဓေဆက်စပ်မှု ပြုရသည်။

## အပိုဒ် ၂

**အနှစ်ချုပ်** ပျင်းလျှင် ပညာမတတ်၊ ပညာမတတ်လျှင် ဉစ္စာ ရဖို့မလွယ်။

**ဆိုလိုချက်** ပျင်းလို့ပညာမသင်လျှင် ဉစ္စာရဖို့လည်း မကြံ တတ်၊ မဖန်တတ် ဖြစ်လိမ့်မည်။

**ရည်ရွယ်ချက်** မပျင်းမရိ ပညာသင်ကြဖို့ ဖြစ်သည်။

**မှတ်သားဖွယ်** ပျင်းရိခြင်း၏ အကျိုးနည်းပုံကို မှတ်သားရသည်။

**သင်ခန်းစာ** မပျင်းမရိ လုံ့လဝီရိယ ရှိရမည်။

## အပိုဒ် ၃

**အနှစ်ချုပ်** ဆင်းရဲနွမ်းပါးလျှင် ချစ်ခင်သူ မိတ်ဆွေမရနိုင်၊ မိတ်ကောင်းမရှိလျှင် စည်းစိမ်မရနိုင်၊ ကောင်းမှု မပြုနိုင်။

**ဆိုလိုချက်** မွဲလျှင် မျက်နှာငယ်သည်။ မိတ်ကောင်း ဆွေကောင်း မရ၊ မိတ်ဆွေကောင်းမရှိလျှင် မချမ်းသာ၊ မချမ်းသာလျှင် ကုသိုလ်မပြုနိုင်။

**ရည်ရွယ်ချက်** မပျင်းမရိ ပညာသင်၍ ပညာရှိမှ ဥစ္စာရမည်၊ ဥစ္စာရှိမှ မိတ်ကောင်းရှိမည်၊ မိတ်ကောင်းရှိမှ စည်းစိမ်ရမည်၊ ချမ်းသာမှ ကုသိုလ်လုပ်နိုင်မည်။ ထို့ကြောင့် မပျင်းမရိ ပညာသင်ကြရန်ဖြစ်သည်။

**မှတ်သားဖွယ်** လောက၌ ဆင်းရဲလျှင် မျက်နှာငယ်သည်။ မိတ်ကောင်းမရ၊ သုခစည်းစိမ် မရှိ၊ ကုသိုလ်မရှာနိုင်။

**သင်ခန်းစာ** စည်းစိမ်ရှိအောင်၊ မိတ်ကောင်းရအောင်၊ ပစ္စည်းချမ်းသာအောင်၊ ကုသိုလ်ပြုနိုင်အောင် မပျင်းမရိ ပညာသင်ဖို့လိုသည်။

## အပိုဒ် ၄

**အနှစ်ချုပ်** ကောင်းမှုမပြုနိုင်လျှင် စိတ်လိုရာမပြီး၊ သုခချမ်းသာ နတ်ရွာနှင့် ဝေး၏၊ လောဘရမ္မက်တက်ပြီး နိဗ္ဗာန်ရဖို့ ဝေးလိမ့်မည်။

**ဆိုလိုချက်** ကုသိုလ်မရှိလျှင် မချမ်းသာ၊ နတ်ပြည်မရောက်၊ နိဗ္ဗာန်မရ။

**ရည်ရွယ်ချက်** နတ်ရွာနိဗ္ဗာန်ရဖို့ အခြေခံဖြစ်တဲ့ ကုသိုလ်ပုည ဆည်းပူးနိုင်အောင် မိတ်ဆွေ၊ ဥစ္စာရရာရကြောင်းဖြစ်တဲ့ ပညာကို ကြိုးစားသင်ကြပါ။

**မှတ်သားဖွယ်** ကုသိုလ်ကောင်းမှု မပြုနိုင်လျှင် နတ်ရွာနိဗ္ဗာန်မရနိုင်သည်အထိ အကျိုးနည်းတတ်ကြောင်း၊

**သင်ခန်းစာ** ပညာမသင်ချင် ပျင်းရိခြင်းအပြစ်သည် ဥစ္စာ၊ မိတ်သဟာ မရရုံမျှမက နတ်ရွာ နိဗ္ဗာန်ကိုပင် မရောက်နိုင်သည် အထိ အကျိုးနည်းရတတ်ကြောင်း၊

## အပိုဒ် ၅

| | |
|---|---|
| **အနှစ်ချုပ်** | ပညာနှင့် ဥစ္စာမတူ၊ ပညာကို လူမခိုးနိုင်၊ ပညာ တတ်လျှင် မိတ်ကောင်းရသည်။ နောင်ဘဝလည်း ချမ်းသာအဆင့်ဆင့် တိုးတက်မည်။ |
| **ဆိုလိုချက်** | ပညာသည် ဥစ္စာထက် သာသည်။ ပညာရှိလျှင် ပစ္စုပ္ပန် တမလွန် နှစ်တန်အကျိုးရှိသည်။ |
| **ရည်ရွယ်ချက်** | ပညာကို မြတ်နိုးကြစေချင်သည်။ |
| **မှတ်သားဖွယ်** | ပညာသည် ဥစ္စာထက် အဖိုးတန်သည်၊ ခိုင်မြဲသည်၊ ပညာတကယ်တတ်လျှင် မိတ်ကောင်းရသည်၊ နောင်ဘဝ၌ပါ တိုးတက်ချမ်းသာသွားနိုင်သည်။ |
| **သင်ခန်းစာ** | ဥစ္စာထက် ပညာက သာသည့်အကြောင်း သင်ခန်းစာရသည်။ |

## အပိုဒ် ၆

| | |
|---|---|
| **အနှစ်ချုပ်** | ဆရာကောင်းထံ ဆည်းကပ်ပြီး ပညာတတ်အောင် သင်ပါ၊ ဘုရင်ဖြစ်သော်လည်း မိမိတိုင်းပြည်တွင်းမှာသာ ပူဇော်ခံရသည်။ ပညာရှိဖြစ်မူကား ရောက်လေရာ ဇမ္ဗူတဝှန်းလုံးကပင် ပူဇော်မှုခံရပါသည်။ |
| **ဆိုလိုချက်** | ပညာတတ်လျှင် ရောက်လေရာ ပူဇော်ခံရမည်။ |
| **ရည်ရွယ်ချက်** | ပညာကို တန်ဖိုးထား သင်ယူကြစေရန်ဖြစ်သည်။ |
| **မှတ်သားဖွယ်** | ဘုရင်နှင့်ပညာရှင် ကွာခြားပုံ မှတ်သားရသည်။ ပညာရှင်က ဘုရင်ထက် နယ်ကျယ်သည်။ |
| **သင်ခန်းစာ** | ပညာတန်ဖိုး ကြီးမားပုံ အကြောင်း သိရသည်။ |

## အပိုဒ် ၇

| | |
|---|---|
| **အနှစ်ချုပ်** | မိဘဆရာတို့က တိုက်တွန်းသည့်အတိုင်း ပညာတတ်အောင် သင်ပါ၊ ပညာမတတ်လျှင် သူ၏ဝန်ထမ်း ဖြစ်လိမ့်မည်။ ပညာရှိလျှင် ဇမ္ဗူကျော်လိမ့်မည်။ |

**ဆိုလိုချက်** ပညာမတတ်လျှင် သူ၏ဝန်ထမ်း ဖြစ်လိမ့်မည်။ ပညာတတ်မှ ပူဇော်ခံရမည်။

**ရည်ရွယ်ချက်** ပညာကို အမြတ်တနိုး သင်စေချင်သည်။

**မှတ်သားဖွယ်** ပညာတန်ဖိုးကြီးကြောင်း၊

**သင်ခန်းစာ** လူ့ဘဝတွင် ပညာရှိမှ၊ ပညာမရှိလျှင် နောက်လိုက်ဝန်ထမ်း ဖြစ်တတ်ကြောင်း၊

## အပိုဒ် ဂ

**အနှစ်ချုပ်** သဌေးမျိုးဖြစ်စေ၊ ရုပ်လှစေကာမူ ပညာမတတ်လျှင် သူမြတ်မဖြစ်၊ လူပေါက်ပန်းမျှသာ ခေါ်ရသည်။

**ဆိုလိုချက်** ပညာတတ်မှ သူမြတ်ဖြစ်သည်။

**ရည်ရွယ်ချက်** ပညာကိုတန်ဖိုးထား၍ သင်ကြားစေချင်သည်။

**မှတ်သားဖွယ်** ပစ္စည်းချမ်းသာသူ၊ ရုပ်လှသူထက် ပညာတတ်သူက သာလွန်ကြောင်း၊

**သင်ခန်းစာ** လောကတွင် ဥစ္စာဓနေ၊ ရုပ်အလှထက် ပညာက ပိုမြတ်ကြောင်း၊

## အပိုဒ် ဃ

**အနှစ်ချုပ်** သားသမီးကို ငယ်စဉ်က ပညာသင်မပေးသော မိဘသည် သားသမီး၏ ရန်သူဖြစ်၏။ ပညာမတတ်သူသည် ဟင်္သာအလယ် မတင့်တယ်သော ဗျိုင်းဖြူနှင့် တူပေသည်။

**ဆိုလိုချက်** ပညာသင်မပေးသော မိဘသည် သားသမီး၏ရန်သူ။ ပညာမဲ့လျှင် လူ့လောကမှာ မတင့်တယ်။

**ရည်ရွယ်ချက်** မိဘက သားသမီးကို ဂရုစိုက်ပြီး ပညာသင်ကြားပေးရန်။

**မှတ်သားဖွယ်** သားသမီးကို ငယ်စဉ်က ပညာသင်ကြား မပေးသော မိဘသည် ချစ်ရာမရောက် နှစ်ရာ ရောက်ကြောင်း။

**သင်ခန်းစာ** မိဘတိုင်း သားသမီးကို ပညာသင်ပေး ရပေမည်။

## အပိုဒ် ၁၀။

**အနှစ်ချုပ်** ပညာ ထူးချွန်သူ တို့သာ ထူးကဲသော နေရာသို့ ရောက်သည်။ မြင့်မြတ်သောနေရာမှာ သူနုပ် သူညံ့ အတင့်ရဲပြီး တက်မနေလေနှင့်၊ နေသော်လည်း သူမြတ်မဖြစ်၊ ဥပမာ ကျီးညိုသည် ပြာသာဒ်၌ တက်နေသော်လည်း ဂဠုန်မဖြစ်သကဲ့သို့ပင်တည်း။

**ဆိုလိုချက်** မြင့်မြတ်သော နေရာတွင် သူမြတ်နှင့်သာ တန်သည်။ သူနုပ် သူညံ့နှင့်မတန်၊ သူညံ့သည် နေရာမြတ်မှာ နေသော်လည်း လူကောင်းမဖြစ်ပေ။

**ရည်ရွယ်ချက်** မိမိကိုယ်ကို ကောင်းအောင်ကြိုးစားစေရန် ဖြစ်သည်။

**မှတ်သားဖွယ်** နေရာမြတ် သူမြတ်နှင့်သာ တန်သည်။ သူယုတ်နှင့် မတန်။ သူယုတ်သည် မြတ်သောနေရာ၌ နေသော် လည်း သူမြတ်မဖြစ်။

**သင်ခန်းစာ** အထက်တန်းရောက်ဖို့ ပညာတတ်အောင် သင်ရမည်။

## အပိုဒ် ၁၁။

**အနှစ်ချုပ်** အတတ်ပညာကို မျိုးစုံတတ်အောင် သင်ပါ။ သုံးသည့် အခါ၌မူ ကာလ ဒေသ အခြေအနေကို ကြည့်၍ သုံးရမည်။ အဆင်မသင့်လျှင် အခွင့် ကောင်းကို စောင့်ရမည်။

**ဆိုလိုချက်** ပညာစုံတတ်အောင်သင်၊ တတ်သည့်ပညာကို ဝေဖန် ဆင်ခြင်၍သုံးရန် ဖြစ်သည်။

**ရည်ရွယ်ချက်** တတ်သည့်ပညာကို အသုံးချတတ်စေရန် ဖြစ်သည်။

**မှတ်သားဖွယ်** ပညာကို ကာလ ဒေသနှင့် ကိုက်ညီအောင် အသုံး ချရမည့်အကြောင်း မှတ်သားရမည်။

**သင်ခန်းစာ** ပညာကို လျော်ကန်စွာ အသုံးချတတ်မှ အကျိုး ရှိနိုင်ကြောင်း သိရသည်။

## အပိုဒ် ၁၂။

**အနှစ်ချုပ်** လူမိုက်သည် ကိုယ့်ကိုယ်ကို ဖော်တတ်သည်။ သူ့ အမူအကျင့် မကောင်းသည့် အတွက် ညစ်နွမ်းမြဲ

ညစ်နွမ်းသည်။ ပညာရှိမှာမူ ဂုဏ်မဖော်သော်လည်း ထင်ပေါ်ပေသည်။

ဆိုလိုချက် — လူမိုက်သည် ညစ်နွမ်းသည်။ ပညာရှင်သည် ဂုဏ်ရှိသည်။

ရည်ရွယ်ချက် — မမိုက်ကြဖို့ ပညာရှိ လူတော်လူကောင်း ဖြစ်ကြဖို့ ဖြစ်သည်။

မှတ်သားဖွယ် — လူမိုက်သည် မည်သို့ပင် ဂုဏ်လုပ်စေကာမူ သူ၏ လော်လည်မှုကြောင့် ညစ်နွမ်းကြောင်း၊ ပညာရှိမှာမူ အိမ်ထဲမှာပင် နေနေ ဂုဏ်သတင်းကျော်ကြားကြောင်း မှတ်သားရသည်။

သင်ခန်းစာ — မိုက်လျှင်၊ ညံ့လျှင် ဂုဏ်မတက်၊ တော်လျှင် အလိုလို ဂုဏ်ရှိသည်။

## အပိုဒ် ၁၃။

အနှစ်ချုပ် — လူမိုက်သည် တရား ကျမ်းဂန်ကို ဘယ်လောက် သင်သင် မလိမ္မာ၊ နေမင်းသည် သစ်ခေါင်းထဲက ခင်ပုပ်ငှက်အား အလင်းရောင် မပေးနိုင်သလို တရား ကျမ်းဂန်ကလည်း လူမိုက်ကို မလိမ္မာစေပေ။

ဆိုလိုချက် — လူမိုက်သည် တရားတတ်သော်လည်း မလိမ္မာ၊ နေမင်းသည် သစ်ခေါင်းထဲက ခင်ပုပ်ငှက်ကို အလင်းရောင် မပေးနိုင်သလို တရားစာသည် လူမိုက်အား မလိမ္မာစေနိုင်။

ရည်ရွယ်ချက် — လူမိုက်သည် တရားသိသော်လည်း မကျင့်၊ တရား မသိ လူမိုက်ကို သတိပြုရှောင်ကြဉ်စေရန် ဖြစ်သည်။

မှတ်သားဖွယ် — လူမိုက်သည် တရား ကျမ်းဂန် သင်သော်လည်း မာန်စွယ်မကျိုး တတ်ကြောင်း (လူမိုက်ဆေး မရှိ) ဆိုသည့်သဘောကို မှတ်သားရသည်။

သင်ခန်းစာ — မိုက်စရှိလျှင် ပို၍မိုက်တတ်သဖြင့် မမိုက်ကြဖို့လိုသည်။ မိုက်မိလျှင် မိုက်ချင်ချင် ဖြစ်တတ်သည်။

## အပိုဒ် ၁၄။

**အနှစ်ချုပ်** မေထုန်မှီဝဲခြင်း၊ အိပ်ခြင်း၊ စားခြင်းသည် ယောကျ်ား နှင့် နွားမှာ အတူတူပင်၊ လူက နွားထက် ပညာသာ ပိုသည်။ ပညာမဲ့မူကား နွားနှင့်မခြားပေ။

**ဆိုလိုက်ချက်** ပညာမဲ့လျှင် နွားနှင့်တူကြောင်း။

**ရည်ရွယ်ချက်** ပညာကို တန်ဖိုးထား သင်ကြားစေလိုကြောင်း။

**မှတ်သားဖွယ်** ပညာသည် လူကို နွားမှ ထူးခြားစေသော အရာ ဖြစ်ကြောင်း။

**သင်ခန်းစာ** ပညာမတတ်လျှင် နွားနှင့်တူသည်ဖြစ်၍ ပညာကို ကြိုးစားသင်ရန် ဖြစ်ကြောင်း။

## အပိုဒ် ၁၅။

**အနှစ်ချုပ်** ပညာကို ဖြည်းဖြည်းချင်း တစတစ သင်ရမည်၊ တတ်ချင်လောဘ အားကြီးဖြင့် ရှောက် သင်ပါက ပျောက်ပျက်ကုန်လိမ့်မည်။ လူအ အိပ်မက်တတ်သလို ကြားလောက် သိလောက်သာ ရှိပြီး၊ ပြန်အသုံး မချတတ် ဖြစ်ပေမည်။

**ဆိုလိုချက်** ပညာတရပ်ရပ်ကို စွဲစွဲမြဲမြဲ ဖြည်းဖြည်း မှန်မှန်သင်၊ သို့မှ အကျိုးရှိမည်။

**ရည်ရွယ်ချက်** ပညာသင်နည်း သိစေချင်သည်။

**မှတ်သားဖွယ်** ပညာကို ဖြည်းဖြည်းချင်း သင်ရမည့် အကြောင်း။

**သင်ခန်းစာ** ပညာရပ် အမျိုးအပြားကို တတ်လောကြီးဖြင့် သင်လျှင်မတတ်၊ ဖြည်းဖြည်း မှန်မှန် သင်မှ တတ်မည့် အကြောင်း။

### လေ့ကျင့်ဖွယ် မေးခွန်းများ

၁။ မြတ်ပညာ ကဗျာ (၁၅)ပုဒ်မှ စဉ့်ပါဆရာတော်၏ ဥပမာပေး များကိုဖော်ပြပါ။

**ဖြေရန်** မိုးလောက်ကွာဝေး (မိုးဥပမာ)
မိုးလထက်ကဲ (မိုးလဥပမာ)

လူ့ပေါက်ပန်း (ပေါက်ပန်း-ရူပက) ပညာမဲ့လူနှင့် ပေါက်ပန်းကို ထပ်တူပြုသည်။
ဟသာ၊ ဗျိုင်း (လူမိုက်=ဗျိုင်း)
ကျီးညို၊ ဂဠုန် (ကျီးညို=သူနုပ်)

ငှက် ညဲကောင်ခင်ပုပ်မျိုး (ခင်ပုပ်-ဥပမာ)
နေ့တနေ့လုံး သစ်ခေါင်းထဲ အောင်းနေပြီး ညမှာ ထွက်၍ ကျက်စားသော ငှက်မျိုး။

ပျားစားလက်ရေဆေးတဲ့နှယ်- ပျားစားလက်၊ ပျားရည်ကို ကော်ပြီး တို့စားသည့်လက်၊ ယင်းလက်ကို ရေဆေးလျှင် စင်လွယ်သည်။

၂။ အောက်ပါ ဥပမာစကားရပ်တို့ကို ရှင်းလင်းဖြေဆိုပါ။
(က) မိုးလောက်ကွာဝေး
(ခ) မိုးလထက်ကဲ
(ဂ) လူ့ပေါက်ပန်း

ဖြေရန်

**(က) မိုးလောက်ကွာဝေး**

အပျင်းထူ၍ ပညာ မတတ်သူသည် ဥစ္စာရဖို့ မကြံစည်တတ်၊ ဥစ္စာမရ၊ အတတ်မသင်ပဲ ဥစ္စာရဖို့အရေးဆိုသည်မှာ ကွာဝေးလှသည်။ ဘယ်မျှ ကွာဝေးပါသလဲဆိုလျှင် မြေနှင့်မိုးလောက် ကွာဝေးသည်ဟု ဆိုလိုသည်၊ ပျင်း၍ ပညာမသင်သည့်အပြစ်ကို ပြောသည်။

**(ခ) မိုးလထက်ကဲ**

ပညာမတတ်လျှင် သူ၏ဝန်ထမ်း၊ ပညာတတ်လျှင် လူ့ပြည်မှာ လူတကာ၏ ပူဇော်ခံရမည်။ ဂုဏ်ထင်ပေါ်မည်။ မိုးပေါ်က လသည် လဆန်း လဆုတ်ရှိ၍ အမြဲတမ်း မထွန်းကားနိုင်၊ ပညာရှိမှာမူ အခါ ခပ်သိမ်း ဂုဏ်ထင်ပေါ်၍ မိုးပေါ်က လထက်ပင် ကဲသာပိုမိုပါသည်၊ ပညာကို ချီးကျူးပြောသည်။

(ဂ) လူ့ပေါက်ပန်း

ပေါက်ပန်းမျိုးသည် အဆင်းသာ လှသည်၊ အသုံးမကျ၊ သင်္ဒေ မျိုးမှဖြစ်ပြီး ရုပ်လှသော သူသည်လည်း ပညာမတတ်ပါက အသုံးမကျ၊ အဆင်းလှဆန်း လူ့ပေါက်ပန်းသာ ဖြစ်သည်ဟူလို။

၃။ ပညာနှင့် ဥစ္စာ မည်သည့်အရာက မြတ်သလဲ။ ဖြေပါ။

ဖြေရန် ပညာကို ဘယ်လူဆိုးတို့—ကဗျာကို မှီး၍ဖြေပါ

၄။ စဉ့်ပါသဆရာတော်က ပညာမဲ့သူကို မည်သည့် တိရစ္ဆာန်များနှင့် နှိုင်းထားသနည်း။

ဖြေရန် (က) ဗျိုင်း
(ခ) ကျီးညို
(ဂ) ခင်ပုပ်
(ဃ) နွား

၅။ လူအ အိပ်မက်မက်ပုံပြင်ကိုရေးပြပါ။

ဖြေရန်—

၆။ စဉ့်ပါသဆရာတော်က—
(က) မည်သည့်ပညာတို့ကို သင်ရမည်ဟု ဆိုကြသနည်း။
(ခ) ပညာ တတ်အောင် ဘယ်လို သင်ရမည်ဟု ညွှန်ကြားသနည်း။

ဖြေရန်— (က) အင်္ဂါရသသိပ္ပံ
(ခ) သိန္ဓေ သိပ္ပံ

**ဉာဏ်စမ်းအမေးများ**

၇။ "မြတ်ပညာ" ကဗျာကို ထောက်ရှု၍ စဉ့်ပါ ဆရာတော်၏ စေတနာကို ချီးကျူးရေးသားပါ။

၈။ စဉ့်ပါသဆရာတော်သည် ဘုန်းကြီးပင်ဖြစ်သော်လည်း အမျိုးသား ပညာရေးကို အဘယ်မျှ ကြောင့်ကြ စိုက်ခဲ့ကြောင်း ရေးပါ။

၉။ စဉ့်ပါ ဆရာတော်သည် အဘယ်မျှ စကား တတ်ကြောင်း "မြတ်ပညာ"ကဗျာကို ကြည့်၍ဆွေးနွေးပါ။

## ကျေးဇူးရှင် လယ်တီ ဆရာတော်

လယ်တီဆရာတော်နှင့် စပ်လျဉ်း၍ အထူးသဖြင့် မှတ်သားဖွယ်ကောင်းသော အချက်တို့မှာ—

(က) သာမဏေဘဝကပင် ကဗျာလင်္ကာများ ရေးသားနိုင်ခြင်း၊

(ခ) ဝါဒရေးရာ ပြဿနာများကို ဖြေရှင်းဖော်ပြသော ကထာဝတ္ထုပါဠိတော်ကြီးကို အာဂုံပြန်ဆိုခြင်း၊

(ဂ) ပါဠိဘာသာ၊ မြန်မာဘာသာတို့ဖြင့် ကျမ်းပေါင်းတရာကျော် ရေးသားပြုစုခြင်း၊

(ဃ) တရားဟော သာသနာပြုခြင်းတို့ ဖြစ်ပေသည်။

ရှေးခေတ် ဘုန်းကြီးကျောင်းများသည် ယခုခေတ် ဘုန်းကြီးကျောင်းများနှင့် မတူ၊ စာပေသင်ကြားမှုတို့၌ ငယ်စဉ်ထဲက မြန်မာစာပေကို အလေးဂရုပြု၍ သင်ပေးခဲ့ကြသည်။ လယ်တီ ဆရာတော်အလောင်းရှင်ဉာဏသည် သာမဏေဘဝတည်းက ကဗျာလင်္ကာများကို ရေးသာစီကုံးနိုင်သည့်အထိ မြန်မာစာတော်ခြင်းသည် ဆရာသမားများ၏ ကျေးဇူးပင်ဖြစ်သည်။ ငယ်စဉ်က ချပေးလိုက်သော မြန်မာစာမျိုးစေ့ကို ဦးဉာဏက ဆက်လက်ကြီးပွားအောင် ပြုလုပ်သည်။ မြန်မာစာပေအရေးအသားတော်လှသောယောမင်းကြီး ဦးဘိုးလှိုင်လို ပညာရှိထံ ဆည်းကပ်ပြီး မြန်မာစာပေ လောက၌ ပါရဂူမြောက်အောင် ကြိုးစားခဲ့သည်။

ဘုရားသားတော် ရဟန်းတပါး အနေဖြင့် ဘုရားဟော ပိဋကတ်ကျမ်းဂန်ကို တတ်မြောက်အောင် သင်ကြားခြင်းသည် သဘာဝကျသည်၊ ပိဋကတ်ကို တကယ်တတ်အောင် မသင်ပဲ ဘာသာခြား စာပေကို သင်

လျှင် 'အပေကျော် ဒွေးဒေါ်လွမ်းရာ' ရောက်သည်၊ ဆရာတော်ကား အမေကို မကျော်ပေ၊ ပိဋကတ်ကျမ်းဂန်များတွင်လည်း သူ့အယူ ကိုယ့်အယူ သူမှန် ကိုယ်မှန် ငြင်းခုံမှုကို ဖြေရှင်းဆုံးဖြတ်ထားသည့် ကထာဝတ္ထုပါဠိကိုမှ အထူးရွေးချယ်ကာ အာဂုံဆောင်ခြင်းသည် ဆရာတော်၏ စိတ်နေသဘောထားကို ဖော်ပြသည်၊ ဆရာတော်သည် ဝါဒရေးရာ ပြဿနာများ၌ စိတ်ဝင်စားကြောင်း သိရသည်၊ ထို့ကြောင့် နောင်အခါ လန်ဒန်ဒေဝီခေါ်သည့် လန်ဒန်ပါဠိအသင်းကြီး၏ ဥက္ကဋ္ဌ မစ္စက်ရိစ်ဒေဗစ်က ခက်ရာခက်ဆစ် ပြဿနာတို့ကို မေးမြန်းရာတွင် သဘောကျအောင် ဖြေဆိုနိုင်စွမ်းခြင်း ဖြစ်ပေသည်။

ပါဠိသာသာ မြန်မာဘာသာတို့ဖြင့် ကျမ်းပေါင်း တရာကျော်ရေးသားပြုစုတော်မူခြင်းကို ကြည့်လျှင် ဆရာတော်၏ မဟာဝီရိယတော်ကို နားလည်နိုင်သည်၊ ကြံ့ခိုင်သော၊ ကြီးမြတ်သော လုံ့လဝီရိယ ထားရှိနိုင်၍သာ မိမိတတ်သလောက် ရေးသားနိုင်ခြင်းဖြစ်သည်။

အချို့ ဆရာတော်များသည် ကျမ်းပြု၏၊ တရားမဟော၊ တချို့ဆရာတော်များသည် တရားဟော၏၊ ကျမ်းဂန်မပြု၊ လယ်တီဆရာတော်မူကား စွယ်စုံပေတည်း၊ စာလည်း ရေး၏၊ တရားလည်း ဟော၏၊ တရားဟောရုံမျှမက၊ တနိုင်ငံလုံး သံခိပ်အသင်းများ တည်ထောင်ပြီး မြန်မာအမျိုးသမီးများ ဘာသာမပျက်စီးအောင် ဆောင်ရွက်ခဲ့၏၊ နွားသားမစားရေး မေတ္တာစာ ရေးသားဖြန့်ဝေပြီး၊ နွားသားစားသူတို့၏ ဘေးအန္တရာယ်မှ အမျိုးဘာသာ သာသနာကို ကာကွယ်ခဲ့၏။

မြန်မာလူမျိုးဦးသန့်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ကြီး ဖြစ်သောအခါ မြန်မာတမျိုးသားလုံး ဂုဏ်ရှိသကဲ့သို့ ဘုန်းကြီးထဲက လယ်တီဆရာတော်လို ဘက်စုံထူးချွန်ပြီး သာသနာ့အကျိုးကို သယ်ပိုးသည့် ပုရိသာဇည (ပုဂ္ဂလအာဇာနည်) ဖြစ်ထွန်းခဲ့သည့်အတွက် ရဟန်းသံဃာများနှင့် တကွ မြန်မာတမျိုးသားလုံး အကျိုးဖြစ်ထွန်းခဲ့ပေသည်။

သို့ဖြစ်၍ ယခုပထမပြန် စာမေးပွဲ ဖြေဆိုကြသော ရဟန်း၊ သာမဏေတို့အနေဖြင့် လယ်တီဆရာတော်လိုဖြစ်အောင် ကြိုးစားကြမည်ဟု ရည်ရွယ်ချက် ကြီးကြီး မားမားထားပြီး အဖိုးတန်သော သာသနာ့သားကောင်းများ ဖြစ်ပေါ်လာအောင် ကြိုးစားကြရန် ဖြစ်ပေသည်။

## ပိဋကတ် အစွယ်ချိုး တေးထပ်

လယ်တီဆရာတော်သည် မြန်မာစာပေ၌ အလွန်တော်သည့် အတွက် တပည့် ဒါယကာ ဒါယိကာမများအား ဆုံးမရာ၌ ကဗျာလင်္ကာများ ရေးသားပေးပို့၍ ဆုံးမတတ်သည်၊ ပါးစပ်ဖြင့်ဆုံးမလျှင် ပျောက်ပျက် လွယ်သည်။ စကားပြေစာဖြင့် ရေးသားဆုံးမလျှင်လည်း ကျက်မှတ်ထားသူ ရှိမည်မဟုတ်၊ ကဗျာဖြင့်ဆုံးမသောအခါ ဆုံးမစာကဗျာကို အရကျက် မှတ်ထားသဖြင့် ဆရာတော်၏ ဆုံးမချက်သည် ကြာရှည်တည်တံ့ရုံမျှမက အများအတွက်ပါ အကျိုးပြုပေသည်။

ဤကဲ့သို့ ကဗျာစာပေ၏ ထိရောက်မှုကို တတ်သိနားလည်တော်မူသည့် အတွက် မုံရွာမြို့အနီး ဆားတုံရွာမှ တပည့် မောင်ရောင်နီကို ဆုံးမသော အခါ တေးထပ်ရေးသားချီးမြှင့်၍ ဆုံးမတော်မူခြင်း ဖြစ်သည်။ မောင်-ရောင်နီသည် စာကလေး ပေကလေး မတောက်တခေါက် တတ်ကာ မျှဖြင့် ပညာရှိလုပ်ပြီး ငရဲရွာနေသည့်အတွက် ဆုံးမခြင်း ဖြစ်၏။

သို့သော် မောင်ရောင်နီသာမက တနိုင်ငံလုံးရှိ ပိဋကတ်တပိုင်းကြောင် သမားတို့အတွက် အကျိုးရှိသဖြင့် အများဆိုင် ဆုံးမစာဖြစ်လာပေသည်။ ထို့ကြောင့်ပင် ယခုလို သင်ကြားရခြင်း ဖြစ်ပေသည်။

### ကဗျာအမျိုးအစား

တပိုင်းကြောင်ကဗျာသည် ကဗျာအမျိုးအစားအားဖြင့် တေးထပ် ကဗျာ ဖြစ်၏၊ တေးထပ်ကဗျာတခုတွင် အပိုဒ် (၁၈) ပိုဒ်ပါဝင်သည်။ 'လေး' ဟူသော စကားလုံးဖြင့် အဆုံးချသည်၊ တေးထပ်ကဗျာသည် စာဟန်သွက်လက်သည်၊ ဆို၍ကောင်းသည်၊ ကျက်၍လွယ်သည်။

စလေဆရာ ဦးပုညသည် ခဆးနည်းများ ဗေဒင်ဟော စာတမ်း များကို တေးထပ်များဖြင့် ရေးသားထားခဲ့ပေသည်။ ဤအချက်ကို ထောက်လျှင် တေးထပ်သည် သီချင်း ဂီတထက် ဗဟုသုတအသိဉာဏ်ကို သယ်ပိုး ပို့ဆောင်သော ယာဉ်တမျိုးဟု ဆိုနိုင်သည်။

### ဖတ်ရွတ်နည်း

တေးထပ်သည် စာတေးထပ်၊ ဂီတတေးထပ်ဟု (ဆိုပုံကို လိုက်ပြီး) နှစ်မျိုး ဖြစ်နိုင်သည်၊ 'တပိုင်းကြောင်' တေးထပ်သည် စာတေးထပ် ဖြစ်သည်၊ သို့ဖြစ်၍ ကာရံ နဘေ ပီသပြတ်သားရုံမျှ လေ့ကျင့်၍ ဆိုရ ကျက်ရသည်၊ ဂီတလိုဆိုရန် မလိုချေ၊ (၁) ပုဒ်ကလေး တချောင်း

ချထားသော နေရာ၌ အသံဖြတ်၍ ဆိုရမည့်၊ နှစ်ပိုဒ်ဆုံး၌ အသံကို လေးလေးလွင်လွင် ဆိုရသည်။

ဒီဃ၊ ရဿ၊ ဂရု၊ လဟု၊ နိဂ္ဂဟိတ်၊ ဝစ္စပေါက် စသည်ကိုမူ သူ့သဘာဝအတိုင်း တို၊ ရှည်၊ လေး၊ ပေါ့ စသည်ဖြင့် ဆိုရန်ဖြစ်သည်။

**သတိပြုရန်သတ်ပုံ**

ပိဋကတ်၊ စောဒက၊ ငြင်း၊ ဓမ္မခန်၊ ယောင်ဝါး၊ ပရိသတ်၊ ဝေဒနာ၊ အပါယ်။

**ခက်ဆစ်**

**ပိဋကတ်** (ပါသက်)

**ပိဋက** (ပါ) =ခြင်းတောင်း၊
ခြင်းတောင်းနှင့် တူသော ထည့်စရာပစ္စည်း၊
ဝိနည်း ပိဋက, သုတ္တန် ပိဋက, အဘိဓမ္မာ-ပိဋက စသည်။

**ပိဋကတ်** =ပိဋကတ္တယ=ပိဋက+တ္တယ
ပိဋက =ခြင်းတောင်း (ဝါ) ပိဋက၊
တ္တယ =သုံးခု
ဝိနည်း, သုတ်, 'အဘိဓမ္မာ
သုံးမျိုး။

**ပိဋကတ္တယ** မှ ယ-ချေ။ အောက်မှ 'တ'ကိုချေ၊ အထက် 'တ' ကို တံခွန်လွှား၊ (အသတ်တင်) ၍ ပိဋကတ်ဟူသော ဝေါဟာရ ဖြစ်လာသည်။

ထို့ကြောင့် —ပိဋက—ဟုဆိုလျှင် ပိဋက တပုံပုံကိုသာ ဆိုလိုသည်။
ပိဋကတ်ဟုဆိုလျှင် ပိဋကသုံးပုံလုံးကို ဆိုလိုသည်။
ဤသို့ပိဋကနှင့် ပိဋကတ် ထူးခြားမှုကို သတိပြုရမည်။
ရေးထုံးမှာ–ပိဋကသုံးပုံဟု ရေးလျှင် မှန်သည်၊
ပိဋကတ်သုံးပုံ ဆိုလျှင် မမှန်၊
(သုံး)နှစ်ခါထပ်သည်။
ပိဋကမြန်မာပြန်-ဟုဆိုလျှင် ပိဋကတခုခုကို မြန်မာပြန်သည်ဟု အဓိပ္ပာယ်ရသည်။
ပိဋကတ်မြန်မာပြန်-ဟုဆိုလျှင် ပိဋကသုံးပုံလုံး မြန်မာပြန်သည်ဟု အဓိပ္ပာယ်ရသည်။

**ကြောင်** =အရောင်ရောရှ၍ အရောင်မပီ မသ ဖြစ်သည်၊ ချွတ်ချွတ်လွဲလွဲ ဖြစ်သည်၊ မပြည့်မစုံ ဖြစ်သည်။ ညှံ့သည်။

**တပိုင်းကြောင်** –ပိဋကတ်စာပေကို ပြည့်ပြည့်စုံစုံမတတ်၊တစွန်းတစ တပိုင်းတဖြတ်မျှသာ ကျက်မှတ်ရထားသည် ဟူလို။

**သဘောညဏ်** =ပိဋကတ်စာပေ၏ သဘော အဓိပ္ပာယ်ကို သိသောညဏ်၊

**တက်မာန** =မာန်တက်သည်။

**ထက်မာန** =မာန်တက်ပြီး စိတ်နေ အထက်ရောက်သည်။

**အပြောသန်** =သန်=အားကြီးသည်။ အပြောသာ လောကြီးသည် (သဘောမပေါ်ဟူလို)

**ဒေါသမာန်**(ပါသက်)=ဒေါသ၊ မာန်မာန၊ စာကလေး မတောက်တခေါက် တတ်ကာမျှဖြင့်ဒေါသတွေကြီး မာနတွေကြီးကြသည်။

**စောဒက** (ပါ) =တရားကို လိုလားသူ၊ တရားလို၊ အပြစ်ပြ၍ ပြောဆိုသူ။

**ဓမ္မခန်** (ပါသက်) =ဓမ္မခန္ဓ=ဓမ္မ+ခန္ဓ
ဓမ္မ=တရား
ခန္ဓ=အစု
ဓမ္မခန်=တရားအစု

**ပရမတ်** (ပါသက်) =ပရမတ္ထမှ ပရမတ် ဖြစ်လာသည်။ မုချဆတ်ဆတ် မှန်ကန်မြင့်မြတ်သော အနက်၊

**ပရမတ်ပြန်** =မုချပရမတ်မှ ဖေါက်ပြန်ခြင်း။

**သမား** (မွန်စကား) =တတ်မြောက်ကျွမ်းကျင်သူ၊

**အကြောင်သမား** –စာတကယ်မတတ်ပဲ တတ်ယောင်ကား လုပ်နေကြသူတွေ (ဝါ) ကြောင်တဲ့နေရာမှာ ကြွားတဲ့နေရာ၌ တော်သူပေါ့။

**ထောင်လွှား** =တက်ကြွခြင်း၊ မြင့်မောက်ခြင်း။

**ပရိသတ်** =လူအစုအဝေး၊

ထောမနာ =ချီးမွမ်းခြင်း၊
စောဒနာ (ပါ) =အပြစ်ပြ၍ ပြောဆိုခြင်း။
ကန်အကြောက် =အကြောက်အကန် ဇွတ်အတင်း၊
အပါယ် (ပါသက်)=ချမ်းသာကင်းသောနေရာ။

## စကားပြေပြန်

ပိဋကတ်ကျမ်းဂန် စာပေနှင့် ပတ်သက်၍ တပိုင်းတစ အာဂုံအရ ကျက်ထားသော ကျမ်းစာလေး ရထားရုံမျှဖြင့် စာတတ်မဟုတ်သေး၊ ပိဋကတ်တရား ဓမ္မများ၏ သဘောအဓိပ္ပာယ်ကို သိရှိဖို့ (ဝါ) သဘော ဉာဏ်ရဖို့ကား လွန်စွာခက်လှသည်။ တချို့သူတို့သည် ကျမ်းစာလေး တပိုင်းတစ ရရုံမျှဖြင့် မာန်မာနတက်နေကြသည်၊ မိမိစာတတ်ကြောင်း တွင်တွင်ပြောနေကြသည်။ စာမာန်တက်ပြီး ခက်ထန်ကြသည်၊ တဘက် သူက တုဖက်၍ ဟုတ်လှောက်၏၊ မဟုတ်လောက်၏၊ စောဒကတက် လာလျှင် ငါသာမှန်သည်ဟု အငြင်းသန် လူစားမျိုးဖြစ်သည်။

ဘုရားရှင် ဟောကြားတော်မူသော မြင့်မြတ်သည့် ဓမ္မက္ခန္ဓာ ရှစ်သောင်း လေးထောင်တို့ကို မတတ်ပဲ တတ်လေဟန်ဆောင်ပြီး ယောင် ယောင် ဝါးဝါး လုပ်ကြသည်။ ထိုကဲ့သို့ ဖေါက်ပြန်ရေးသမားလူကြောင် တို့သည် သူသာငါနိုင် ထောင်လွှားနေကြသည်၊ သူတို့သည် သူတို့သိသော အသိဉာဏ် တထွာတမိုက်မျှဖြင့် မညှာမထောက် ပြောတတ် ဟောတတ် ကြသည်။ သူတို့သည်ပရိသတ်ရှေ့တွင် ပရိသတ်ကြိုက်အောင် ကောက်ကျစ် စဉ်းလဲဉာဏ်များကြပြီး မေးကြ မြန်းကြ စောဒနာကြနှင့် တဦးနှင့် တဦး အကြောက်အကန် ငြင်းကြခုံကြသည်။ ဤကဲ့သို့ ဤဘဝတွင် ပိဋကတ် အစွယ် ထောင်ပြလျှင် သေလွန်သောအခါ အပါယ်လေးပါး ကျရောက် ကြလိမ့်မည်။

အနှစ်ချုပ် ကျက်စာကို အာဂုံရရုံဖြင့် စာမတတ်၊ သဘော အဓိပ္ပာယ်မှာ နက်နဲလှသည်။ ပိဋကတ်မတတ်ပဲ ဝါကြွားငြင်းခုန်ပြီး ပိဋကတ်အစွယ် ထောင်ကြလျှင် အပါယ်ကျလိမ့်မည်ဖြစ်သည်။

ဆိုလိုချက် အာဂုံကျက်ရုံဖြင့် စာမတတ်၊ သဘောဉာဏ်က ခက်သည်၊ စာမတတ်ပဲ ငြင်းခုံနေကြပြီး ပိဋကတ် မာန်တက်ကြလျှင် အပါယ်ရောက်ကြလိမ့်မည်။

**ရည်ရွယ်ချက်** စာပေလေး တစ္ဆန်းတစ တတ်သိရုံမျှဖြင့် မာန်တက်နေကြသူများအား သတိသံဝေဂရပြီး လိမ္မာသာကြစေရန်ဖြစ်သည်။

**မှတ်သားဖွယ်** ပိဋကတ်စာပေ၌ သဘောညာဏ် ခက်ခဲကြောင်း၊ စာပေမတောက်တခေါက်ဖြင့်ပညာရှိယောင်ဆောင်၍ငြင်းခုံသူများရှိကြောင်း၊ ယင်းသို့ ပိဋကတ်အစွယ်ထောင်ကြလျှင် အပါယ်ကျမည့်အကြောင်း သိရသည်။

**သင်ခန်းစာ** စာပေ တပိုင်းတစဖြင့် မာန်မာနမတက်နှင့်၊ စာကိုတတ်အောင်သင်၊ ပိဋကတ်အစွယ် မထောင်နှင့်၊ ထောင်လျှင် ဘေးတွေ့မည်။

## လေ့ကျင့်ရန်မေးခွန်းများ

၁။ လယ်တီဆရာတော်သည် မည်သို့သော သူမျိုးကို ဆုံးမလိုသနည်း။

၂။ 'ပရမတ်ပြန် အကြောင်သမားများ' ဟူသော ခေါင်းစဉ်ဖြင့် စာတမျက်နှာရေးပါ။

၃။ 'ပိဋကတ်အစွယ်ထောင်လျှင်' ဟူသော စကားအရ မည်ကဲ့သို့ အစွယ်ထောင်ကြောင်း ဖော်ပြပါ။

၄။ ဤတေးထပ်သည် ပိဋကအစွယ်ကို မည်ကဲ့သို့ ချိုးနိုင်ကြောင်း ဖော်ပြပါ။

၅။ လယ်တီဆရာတော်သည် မည်သည့် ရည်ရွယ်ချက်ဖြင့် ဤကဗျာကို ရေးသားပေးပါသနည်း။ ဖြေဆိုပါ။

၆။ 'တပိုင်းကြောင်' အဓိပ္ပာယ်ကို ဖော်ပြပါ။

၇။ 'လူ့ဘောင်နှင့် အပါယ်ဘောင်' မည်သို့ ထူးသနည်း၊ ရှင်းပြပါ။

၈။ ပိဋကတ်ကို အစွယ်နှင့် အဘယ့်ကြောင့် နှိုင်းယှဉ်ဖော်ပြပါသနည်း၊ ဖြေပါ။

## ကျီးသဲ လေးထပ် ဆရာတော်နှင့်
## နာမည်ကျော် ဇိနတ္ထပကာသနီ

ကုန်းဘောင်ခေတ် ဘကြီးတော်မင်းသည် ၁၁၈၁-ခုနှစ်၌ နန်းတက်ခဲ့သည်။ ကျီးသဲဆရာတော်သည် ၁၁၇၉-ခုနှစ်၌ ဖွားမြင်သည့်အတွက် ဘကြီးတော်မင်းမဖြစ်မီ ၂-နှစ်တွင် ဖွားမြင်သည်၊ တနည်းဆိုရသော်၊ ဘိုးတော်မင်းတရားကြီးလက်ထက်၌ ဖွားမြင်ခဲ့ခြင်း ဖြစ်သည်။ ကြီးပြင်းရသောခေတ်မှာမူ ဘကြီးတော်လက်ထက် ဖြစ်သည်၊

မြန်မာရှင်ဘုရင်များလက်ထက် (မင်းတုန်း၊ သီပေါခေတ် ရွှေပိုင်း)၌ ဗုဒ္ဓသာသနာတော်ကို တိုင်းပြည် ကြီးပွား တိုးတက်ရေးအတွက် နည်းမှန်လမ်းမှန် အသုံးပြုနိုင်ခဲ့ကြသည်။ ဆရာတော်များက ပိဋကတ်တော်ထဲမှ ကြီးပွားချမ်းသာရေး အဆုံးအမများ လမ်းညွှန်ချက်များကို ထုတ်နုတ်ရေးသားပေးကြသည်။ ဘုရားအလောင်း သူတော်ကောင်းတို့၏ အတုယူဖွယ်ဆောင်ရွက်ချက်တို့ကို ဖြန့်ဝေခဲ့ကြသည်။

ကျီးသဲ ဆရာတော်သည် မြန်မာနိုင်ငံ မြန်မာလူမျိုးတို့၏ အမြုတေ (အမတေ)ဖြစ်သော ဗုဒ္ဓသာသနာချစ်စိတ်ဓာတ် ရင့်သန်ခိုင်မာအောင် ကြံဆောင်ခဲ့သည်၊ ယင်းသို့ကြံဆောင်ရာ၌ ဗုဒ္ဓဘုရားနှင့် တပည့်သာဝကတို့ အကြောင်းကို၊ ပြည်သူတရပ်လုံး သိရှိမြတ်နိုးနေကြစေရန် ဇိနတ္ထပကာသနီကျမ်းကို စီစဉ်ရေးသားတော်မူသည်။

ဇိနတ္ထပကာသနီ ဆိုရာ၌ ဇိန+အတ္ထ+ပကာသနီဟူ၍ သုံးပုဒ်ခွဲရသည်၊ ဇိန=မာရ်ငါးပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရား၊ အတ္ထ=အကြောင်းအရာ၊ ပကာသနီ=ထင်ရှားအောင် ဖော်ပြသောကျမ်းဟု အဓိပ္ပာယ်အနက်ရှိ၏၊ ထို့ကြောင့် မာရ်ငါးပါးကို အောင်မြင်သော ဘုရားရှင်၏ အကြောင်းအရာကို သိသာထင်ရှားအောင် ဖော်ပြသော ကျမ်းဖြစ်၍ "ဇိနတ္ထပကာသနီ"ဟု အမည်မှည့် ခေါ်တော်မူခဲ့ပေသည်။

ဇိနတ္ထပကာသနီကျမ်း၏ မြန်မာစကားပြေ အရေးအသားသည် အလွန်အဆင့်မြင့်ပြီး အလွန်ကောင်းမွန်လေသည်၊ ယနေ့အထိ ကျိုးသဲ ဆရာတော်၏ ဇိနတ္ထပကာသနီ အရေးအသားမျိုးကိုမှီသော ဗုဒ္ဓဝင်မျိုး မပေါ်သေးပေ။ ဗုဒ္ဓဘုရားနှင့် တပည့်သာဝကတို့၏ အကြောင်းကို တစုတစည်းတည်း ဖော်ပြပေးခြင်း၊ ဆရာတော်၏ မြန်မာစာပေ အရေးအသားက ဆွဲဆောင်မှုရှိခြင်း တို့ကြောင့် ရှေးအခါက ဇိနတ္ထပကာသနီကျမ်းသည် တနိုင်ငံလုံးရှိ ဗုဒ္ဓဘာသာဝင်တို့၏ အိမ်တိုင်းသို့ ရောက်ခဲ့ပေသည်။

မိကောင်းဖခင် သားသမီး ရပ်ကြီးသူတို့သည် အိမ်မှုကိုစွဲဆောင်ရှက်ပြီးသည့်နှင့် ဇိနတ္ထပသာသနီကျမ်းဖြင့် အဖော်လုပ်ခဲ့ကြသည်။ မိန်းကလေးတို့သည် ဘုန်းကြီးကျောင်း မနေရသော်လည်း ဇိနတ္ထပကာသနီ၏ ကျေးဇူးကြောင့် ရတနာသုံးပါး အကြောင်း သိရှိပြီး ကြည်ညိုတတ်ကြသည်၊ ဇိနတ္ထပကာသနီကျမ်းလာ လူတော်လူကောင်း အမျိုးသား အမျိုးသမီးတို့၏ နမူနာကိုယူပြီး မိမိကိုယ်ကို အဖိုးတန် လူတယောက်ဖြစ်အောင် တည်ဆောက်တတ်ကြသည်။

ဇိနတ္ထပကာသနီ၏ ကျေးဇူးကြောင့် မြန်မာနိုင်ငံ၌ အမျိုး ဘာသာ သာသနာကို ချစ်မြတ်နိုးတတ်သော စိတ် ထွားထွား ရင့်သန်ခဲ့ကြသည်၊ သာသနာ့စိတ်၊ မျိုးချစ်စိတ်ရှိသောသူတို့သည် နိုင်ငံနှင့်လူမျိုးကို ထိန်းသိမ်းလာခဲ့ကြသည်။ မြန်မာနိုင်ငံသည် ဗုဒ္ဓသာသနာတည်း ဟူသော အမတေခေတ်ကြောင့် မျိုးပျောက် ပြည်ပျောက်မဖြစ်ပဲ ကိုယ့်မင်း ကိုယ့်ချင်း ဘဝဖြင့် ရပ်တည်လာနိုင်ခဲ့ပေသည်။

ဤကဲ့သို့ အမြော်အမြင်ကြီးသူ တို့သည် စနစ်သစ် ပထမပြန်တန်း မြန်မာစာပြဋ္ဌာန်းရာ၌ ဤဇိနတ္ထပကာသနီ ကျမ်းမှ ကောက်နုတ်ချက်များကို ထည့်သွင်းပြဋ္ဌာန်းခြင်းဖြစ်သည်ဟု နားလည်ရပေသည်။

အထူးအားဖြင့် ရဟန်းတော်များ၏ ပထမပြန်စာမေးပွဲတွင် မြန်မာစာကို ပြဋ္ဌာန်းသော်လည်း သာသနာတော်အား တိုက်ရိုက် ကျေးဇူးမပြုသော ခေတ်မြန်မာစာတို့ကို မပြဋ္ဌာန်းပဲ သာသနာကျိုးလည်း ရှိ၊ မြန်မာစာလည်း သိ၊ ဤသို့နှစ်ကျိုးရှိသော ဗုဒ္ဓဘာသာ မြန်မာစာမျိုးကိုသာ မူချပြီး ပြဋ္ဌာန်းပေးခြင်းသည် အမြော်အမြင် ကြီးမားသော ယက်ရာ ဖြစ်ပါပေသည်ဟု ဆိုရပေမည်။ မြန်မာစာဆို ပြီးရော ဘာမြန်မာစာဖြစ်ဖြစ် ပြဋ္ဌာန်းပါက ကိုလေသာ တဏှာရာဂ တိုးပွားရာ

တိုးပွားကြောင်း ဖြစ်သည်၊ သို့တည်းမဟုတ် သာသနာပ အကြောင်းအရာများဖြစ်သည့် မြန်မာစာမျိုးဖြစ်ပါက ရဟန်းသာမဏေတို့ အနေဖြင့် ဝိဇ္ဇာသာ ရပြီး စရဏချို့ငဲ့သွားမည်ဖြစ်သည်။ ထို့ကြောင့် ဇိနတ္ထပကာသနီလို မြန်မာစာမျိုးကိုမှ ရွေးပြီး ပြဋ္ဌာန်းပေးခြင်းသည် သာသနာရေး အမြင်ဖြင့်ကြည့်ပါက အလွန်ကျေးဇူးတင်ဖွယ် ဖြစ်ပေသည်။

ထို့ပြင် ဇိနတ္ထပကာသနီ မြန်မာစာမျိုးကို တတ်ပါက ယခုခေတ် ရေးနေကြသော ပေါ့ပျက်ပျက် တိုနံ့နံ့ မြန်မာစာမျိုးကို မျက်စိမှိတ် ရေးပေတော့မည်သာဖြစ်သည်။ ဆိုလိုသည်မှာ ဇိနတ္ထပကာသနီ မြန်မာစာမျိုးကို ရေးတတ်သူက ယခုခေတ် မြန်မာစာမျိုးကို ကောင်းကောင်းကြီး ရေးတတ်သည်၊ ယခုခေတ် မြန်မာစာမျိုးကိုသာ ရေးတတ်သူမျိုးက ဇိနတ္ထပကာသနီ မြန်မာစာမျိုးကို မရေးသားတတ်၊ မရေးသားနိုင်ဟု ဆိုလိုပေသည်။ ဤအချက်ကို မြန်မာစာကို တကယ်လေ့လာ လိုက်စားတတ်သိသူတိုင်းက လက်ခံကြမည်ဖြစ်သည်။

သို့ဖြစ်သောကြောင့် စာသင်သားတို့အနေဖြင့် ဤစာအုပ်ပါ မြန်မာစာ ကောက်နုတ်ချက်တို့ကို ကျေညက်အောင် လေ့လာကြရန်ဖြစ်၏၊ အချိန် ရလျှင် ဇိနတ္ထပကာသနီစာအုပ်တအုပ်လုံး ဆက်လက်ဖတ်ရှုလေ့လာပါက အကျင့်လည်းမြတ်၊ စာလည်းတတ်လာကြမည် ဖြစ်ပေသည်။

# ဘုရားအလောင်း သိဒ္ဓတ္ထမင်းသား
# တောထွက်တော်မူခြင်း

**သော့ချက်စကားလုံးများ။**

အလောင်းမင်းမြတ်၊ ကချေသည် အသီးသီး အိပ်ကြ၊ စက်ဆုပ်ငြီးငွေ့၊ ဆန္နအမတ်၊ ကဏ္ဍက မြင်းဟီ၊ သားတော် ရာဟုလာ၊ ယသောဓရာ မိဖုရား၊ ရတနာသလွန်၊ ဖွားဖက်တော်၊ ၂၉-နှစ်၊ သက္ကရာဇ် ၉၇၊ ဝါဆိုလပြည့်၊ တနင်းလာနေ့၊ သန်းခေါင်ယံ၊ ဥတ္တရာသန်နက္ခတ်၊ စန်း၊ နတ်သား လေးယောက်၊ မြို့တံတိုင်း၊ မာရ်နတ်၊ စကြာရတနာ၊ လောကီချမ်းသာ။ မဟာက ပိလဝတ်ပြည်၊ နတ်အပေါင်း၊ အနောမာမြစ်၊ မကိုဋ်၊ ဆံကျင်၊ သန်လျက်၊ တယူဇနာ၊ ပန်းဆိုင်း၊ သိကြားမင်း၊ တာဝတိံသာ၊ စူဠာ မဏိ၊ ကာသိတိုင်းဖြစ်ပုဆိုး၊ ဃဋိကာရဗြဟ္မာ၊ ကြာသက်န်း၊ အကနိဋ္ဌဘုံ၊ ဒုဿစေတီ၊ အနုပိယ သရက်တော၊ ရာဇဂြိုဟ်၊ ဗိမ္ဗိသာရမင်း၊ ပဏ္ဍဝ၊ တောင်ရိပ်၊ တသက်လျာ၊ ဘင်အိမ်။

**အနှစ်ချုပ်**

အလောင်းမင်းမြတ်သည် အတီးအက မောင်းမ ကချေသည်တို့ စက်ဆုပ်ဖွယ် အိပ်ပျော်နေကြ သည်ကို မြင်၍ ကာမဂုဏ်၌ ငြီးငွေ့တော် မူလှ သောကြောင့် တောထွက်ရန် ဆုံးဖြတ်တော်မူ လိုက်သည်။ ဆန္နအမတ်ကို ခေါ်၍ ဖွားဖက်

တော်ကဏ္ဍကမြင်းကို ဂျ စေသည်၊ တောတွက်ရန် အားကြိုးရည်ဆောင်မှု ပျက်မည်စိုး၍ သားတော် ရာဟုလာကို မကြည့်ဖြစ်ပဲ၊ သက်တော် ၂၉-နှစ်၊ သက္ကရာဇ် ၉၇-ခု၊ ဝါဆိုလပြည့် တနင်းလာနေ့ သန်းခေါင်ယံအခါ တောထွက်တော်မူ၏။

နတ်တို့အကူအညီဖြင့် မြို့ထဲမှ အလွယ်တကူ ထွက်လာရာ မာရ်နတ် လာတား၏၊ ဘုရား အလောင်းက လက်မခံပဲ ကပိလဝတ်ပြည်ကို နောက်သို့ကြည့်၍ ဆက်လက်ထွက်ခဲ့ရာ အနော မာမြစ်ကို ရောက်ပြီး ကူးဖြတ်လိုက်သည်။

အနောမာမြစ်တဘက်ကမ်း၌မြင်းပေါ်မှဆင်း ပြီး အဆင် တန်ဆာများနှင့် မြင်းတော်ကို ဆန္န အမတ်အား ပေးအပ်၍ အပြန်ပို့စေ၏၊ မကိုဋ်နှင့် တကွ ဆံကျစ်တော်ကို သန်လျက်ဖြင့် ဖြတ်ပြီး အဓိဋ္ဌာန်၍ မြှောက်လိုက်ရာ တယူဇနာ အမြင့် ကောင်းကင်၌ ပန်းဆိုင်း ကဲ့သို့ တည်သည်။ သိကြားမင်း ခံယူပြီး တာဝတိံသာ၌ စူဠာမဏိ ပုထိုး တည်၍ ကိုးကွယ်သည်။ ဆံတော်ပယ်ပြီး ဃဋိကာရ ဗြဟ္မာလှူသော ကြာသက်န်းကို ဆင်မြန်းသည်။ ဝတ်လဲတော်ပုဆိုးကို ဗြဟ္မာက ယူပြီး အကနိဋ္ဌဗြဟ္မာ့ဘုံ၌ ဒုဿစေတီ တည်ထား ကိုးကွယ်သည်။ ဆန္နအမတ်ပြန်လာရာ လမ်းတွင် ကဏ္ဍကမြင်းသေရှာသည်။

သိဒ္ဓတ်ရဟန်းသည် အနုပိယသရက်တော၌ ခုနစ်ရက်နေပြီး ရာဇဂြိုဟ်မြို့သို့ ဆွမ်းခံဝင်သည်၊ ရသောဆွမ်းကို မြို့ရှေ့ ပဏ္ဍဝတောင်ခြေ၌ စိတ်- တော်ကို သုံးမ၍ ဘုဉ်းပေးသည်။ ဗိမ္ဗိသာရ မင်းကြီး လာပြီး နိုင်ငံတဝက်ခွဲ ပေးသော်လည်း လက်မခံ၍ ဘုရားဖြစ်လျှင် ရာဇဂြိုဟ်သို့ ဦးစွာ ကြွပါရန် တောင်းပန်သည်ကို လက်ခံတော် မူသည်။

**ခက်ဆစ်စကားလုံးများ**

**ကနက်** (ပါဠိသက်) ကနက=ရွှေ၊ ရွှေအမျိုးတပ် ထီးဖြူ၊
**ပြာသာဒ်**(ပါဠိသက်) စုလစ်မွန်းချွန်ပါသော အဆောက်အအုံ၊
**အသရေ**(ပါဠိသက်) ကျက်သရေ၊ တင့်တယ်ကောင်းမြင်း မြတ်သော ဂုဏ်၊

**ကချေသည်** ချေ=နှစ်သက်ဖွယ်၊ နှစ်သက်ဖွယ်ကတတ်သူ၊
**ကိလေသာ** (ပါ) ပူပန်စေတတ် နှိပ်စက်တတ်သောတရား။
**အာသာ** (ပါ) လိုအင်ပြင်းပြမှု၊
**မောင်းမ** အခြွေအရံမိန်းမများ။
**အိပ်စက်** စက်=အိပ်ခြင်း၊
**နဝရတ်**(ပါဠိသက်) နဝ+ရတန=ကိုးပါးသောရတနာ၊ နီလာ၊ စိန်၊ ကြောင်၊ ဂေါမုတ်၊ ဥဿဖယား၊ ပတ္တမြား၊ မြ၊ ပုလဲ၊ သန္တာ။
**သလွန်** အခြားနေရာတို့ထက် သာလွန်သောနေရာ၊
**သုသာန်**(ပါဠိသက်) သူကောင်မြှုပ်ရာသင်းချိုင်း
**ကာမဂုဏ်**(ပါဠိသက်) ကာမစေကျူးဇူး၊
**အမွှာ**(ပါ)(အမ္ဗာ) တင်း၊ တဆယ့်တစိတ်၊
**ဝေနေယျသတ္တဝါ**(ပါ) သစ္စာလေးပါးကိုသိပြီးကျွတ်ထိုက်သောသတ္တဝါ၊
**ခေမာ**(ပါ) ဘေးကင်းရာအရပ်။
**မိုးရှူး** လင်းထိန်သောမီး၊
**အနောမာ** (ပါ) န+ဩ မာ=မပညတ်သောမြစ်(ပါ)မြတ်သော မြစ်။
**မကိုဋ်** (ပါဠိသက်) (မကုဋ) အာယုပ်သရဖူ၊
**ဆံကျင်**(ပေါ) ဦးသျှောင်ဆံတော် (အချို့၌ ဆံထိုးဟုလည်း အနက်ရှိ၏)။
**အဓိဋ္ဌာန်**(ပါဠိသက်)(အဓိဋ္ဌာန) ဆောက်တည်ခြင်း။
**ပုထိုး** (ပေါ) ကြီးကျယ်ယင်ရှားသော ဘုရားစေတီ။
**ပရိက္ခရာ** (ပါ) အသုံးအဆောင်ပစ္စည်း၊

**ပုဗ္ဗနိမိတ်** (ပါဠိ) ပုဗ္ဗ=ရှေးဦး(ကြိုတင်၍)
နိမိတ္တ၊ နိမိတ်=သိစရာအမှတ်လက္ခဏာ၊
ကြိုတင်သိနိုင်စေသည့် အမှတ်လက္ခဏာကို ပုဗ္ဗ-နိမိတ်-ဟု ခေါ်သည်။

**အတိ**(ပါ) အလွန်၊ (ပေါ) သူ့ချည်း=(အခြားအရာနှင့် မရောမယှက်သက်သက်)

**မောင်းမမိဿံ**(ပေါ) =ဘုရင့်ကိုယ်လုပ်တော်မိန်းမ

**သောင်းသောင်းညံ့**(ပေါ)=အုတ်အုတ်ကျက်ကျက်၊ ဆူဆူညံညံ။

**ပဗ္ဗဇ္ဇသုခ**(ပါ) ရှင်အဖြစ်, ရဟန်းအဖြစ်၏ ချမ်းသာမှု။

**ချောက်ချား**(ပေါ) တုန်လှုပ်သည်၊ မငြိမ်မသက်ဖြစ်သည်။

**အံ့အာသရဲ**(ပေါ) အံ့=အံ့ဩချီးမွမ်းခြင်း။
အာ=ဖွင့်သည်,မြွသည်။
သရဲ=မြေဘုတ်ဘီလူး၊ (ရဲတင်းသည်၊ ထင်ရှားသည်)။
ထို့ကြောင် အံ့ဩချီးမွမ်းမှုတွေ ပွင့်ထွက်ထင်ရှားခြင်း။

**ခံစား** စား=အထူး၊ အထူးခံသည်။

**တသက်လျှာ**(ပေါ) အစိုးမပိုင်သောတခဏမျှ၊အသက်အတိုင်းအရှည်၊

**ဒုစရိုက်**(ပါဠိ) မကောင်းယုတ်မာသော အကျင့်အမှု။

**ဘင်အိမ်**(ပေါ) ဘင်(ဘင်ပုပ်)=မစင်အညစ်အကြေး။

## မှတ်သားဖွယ်

၁။ ကျီးသဲလေးထပ်ဆရာတော်သည် မြန်မာစာကျွမ်းကျင်နိုင်နင်းစွာ ရေးသားတော်မူနိုင်သည့်အတွက်မြန်မာစာဖြင့် ကျမ်းပေါင်းများစွာ ရေးသား၍ ထိထိရောက်ရောက် သာသနာပြုသွားနိုင်သည်ကို အထူးမှတ်သားရသည်။ အကယ်၍ ကျီးသဲဆရာတော်သည် မြန်မာစာ မရေးတတ်ပါက ယခုလိုထိရောက်စွာ သာသနာပြုနိုင်မည် မဟုတ်ပေ။ ထို့ကြောင့် ဘုန်း-ကြီးတိုင်း မြန်မာစာ တတ်သင့်ကြောင်း သိနိုင်သည်။

၂။ သိဒ္ဓတ္ထမင်းသားသည် ကိလေသာ၌ အာသာကင်း၍ ကာမဂုဏ်တို့၌ ငြီးငွေ့တော်မူသည့်အတွက် တောထွက်တော်မူနိုင်ခြင်း ဖြစ်၏၊

တောမထွက်နိုင်သော ဘုန်းကြီးနှင့် လူတို့သည် ကိလေသာ၌ အာသာ မကင်း ကာမဂုဏ်တို့၌ မငြီးငွေ့၍ဖြစ်ကြောင်း သိနိုင်ပေသည်။

၃။ ဘုရားအလောင်း တောထွက်သောအခါ နတ်များကပါ ကူညီခဲ့ကြ၍ 'သူတော်ကောင်း နတ်ကောင်းမ'ဆိုသော မြန်မာစကားအတိုင်း ဖြစ်၏။

၄။ တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိပုထိုးတော်ကြီး သမိုင်းနှင့် အကနိဋ္ဌပြဟ္မာ့ဘုံ၌ ဒုဿစေတီကော် တည်ရှိပုံနှင့် စပ်လျဉ်း၍ ဗဟုသုတ ရပေသည်။

၅။ ဘုရားအလောင်းတော်သည် ကိုင်းပြည်စည်းစိမ်(ဘုရင့်ရာထူး)ကို ဘင်အိမ်၊ တံထွေးပေါက်ကဲ့သို့ ရှုံရှာ၍ စွန့်လွှတ်တော်မူသည်၊ ယခု လူတို့ကမူ ရာထူး ငန်းငန်းတက် တတ်ကြသည်၊ ဘုန်းကြီးအချို့ကလည်း ကျောင်းကိုလိုချင်တပ်မက်ကြသည်။ ဤသို့ နှိုင်းယှဉ်၍ ဘုရားရှင်ကို ပို၍ ကြည်ညိုတတ်ရန်ဖြစ်သည်။

**သင်ခန်းစာ**

သိဒ္ဓတ္ထမင်းသား၏ တောထွက်ခန်းကို လေ့လာကြည့်လျှင် ဘုရားဖြစ်လိုလှသော ဆန္ဒတော်ပြင်းပြ၍ ထီးနန်းစည်းစိမ်နှင့် တကွ ဇနီးနှင့် သားသမီးကိုပါ စွန့်ရသည်၊ ဤသို့ ပြတ်ပြတ် စွန့်လွှတ်အားထုတ်၍ ဘုရားဖြစ်ခြင်းဟူသော ရည်မှန်းချက်သို့ ရောက်လေသည်။

ဗုဒ္ဓဘာသာဝင် ရဟန်း,ရှင်,လူတို့အနေဖြင့်လည်း မိမိတို့ကိုးကွယ်ဆည်းကပ်နေသော ဘုရားရှင် အလောင်းတော်၏ ပြုလုပ်ဆောင်ရွက်မှုတို့ကို နမူနာယူပြီး အောင်မြင်အောင် ကြိုးစားရပေမည်။ ရည်ရွယ်ချက် ကြီးကြီးမားမား ထားရမည်။ ရည်ရွယ်ချက် ထမြောက် အောင်မြင်အောင် စွန့်လွှတ်တန် စွန့်လွှတ်ပြီး ပြတ်ပြတ်သားသား ကြိုးစားအားထုတ်ရမည် ဟူသော ဘဝသင်ခန်းစာကောင်းကို ဘုရားအလောင်းတော်ထံမှ ရရှိနိုင်ပေသည်။

**လေ့ကျင့်ရန်မေးခွန်းများ**

၁။ ဘုရားအလောင်းတော်သည်'နှိပ်စက်လေစွတကား - နှိပ်စက်လေစွတကား၊ အယုတ်တရား၌ ကာလရှည်လျား ပျော်ပါး၍သော ငါနေမိချေ၏တကားဟု အဘယ့်ကြောင့် မြည်တမ်းတော်မူပါသနည်း၊ ထင်ရှားအောင်ဖြေပါ။

၂။ သားသမီးသံယောဇဉ်နှင့် အရပ်ဒေသသံယောဇဉ် အဘယ်မျှကြီးလှကြောင်း ပေါ်လွင်စေရန် ဘုရားအလောင်းတော် တောထွက်တော်မူခန်းကို ကိုး၍ဖြေပါ။

၃။ ဖွားဖက်တော် ကဏ္ဍကမြင်း၏ လုံးရပ်သဏ္ဌာန်နှင့် အသွေးအရောင်တို့ကို ဖော်ပြပါ။

၄။ ဘုရားအလောင်းတောထွက်ရာ၌ မာရ်နတ်သား တားခြင်းသာထင်ရှား၏၊ ဗိမ္ဗိသာရမင်းကလည်း တားသေးသည်မဟုတ်လော၊ ရှင်းလင်းပြပါ။

၅။ အနောမာမြစ်၏ အကြောင်းကို ရေးပါ။

၆။ တာဝတိံသာနတ်ပြည်ရှိ စူဠာမဏိပုထိုးတော်၏ သမိုင်းကို အကျဉ်းချုပ်ဖော်ပြပါ။

၇။ ဗြဟ္မာ့ပြည်၌ စေတီရှိပါသလော၊ ရှိလျှင် ထိုစေတီ၏အကြောင်းကို ဖော်ပြပါ။

၈။ အစားအသောက်နှင့် ပတ်သက်၍ အလောင်းတော်သည် မိမိ-ကိုယ်မိမိ မည်သို့ဆုံးမပါသနည်း၊ အတုယူဖွယ်ရေးပါ။

၉။ တောထွက်ခန်းလာ ကျီးသဲဆရာသော်၏ ဥပမာပေးမျှားကို ပေါ်လွင်အောင်ရေးပါ။

၁၀။ တောထွက်ခန်းကို လေ့လာခြင်းဖြင့် သင့်အတွက်မည်သို့သော ဘဝသင်ခန်း စာကောင်းများကို ရပါမည်နည်း၊ လိုရင်း တိုရှင်း ဖော်ပြပါ။

## ဘုရားလောင်း ဒုက္ကရစရိယာ ကျင့်တော်မူခြင်း

**သော့ချက်စကားလုံး။** ။အာဠာရရသေ့၊ ဥဒကရသေ့၊ လောကီစျာန်၊ သဗ္ဗညုတဉာဏ်၊ ဥရုဝေလတောအုပ်၊ ပဉ္စဝဂ္ဂီ၊ သုဒ္ဒတ္တပုဏ္ဏား၊ လက္ခဏာတော်ကြီး/ငယ်၊ အာနာပါနစျာန်၊ စိတ်ကျွမ်းမဝင်သောနတ်၊ ဒုက္ကရစရိယာ၊ သဒ္ဓါ၊ ပညာ၊ ဝီရိယ၊ သမာဓိ၊ သိဒ္ဓတ်မင်းသား၊ မိဂဒါဝုန်တော၊ တရာ့သုံးခုနှစ်၊ ကဆုန်လဆန်း(၁၄) ရက်၊ အင်္ဂါနေ့၊ အိပ်မက်၊ ဟိမဝန္တာ၊ တောင်သမုဒ္ဒရာ၊ တိရိယမည်သောမြက်၊ ဘဝဂ်၊ ပိုးမျိုး၊ ငှက်၊ မစင်တောင်၊ သေနာနိဂုံး၊ သုဇာတာ၊ ရုက္ခစိုး၊ ဗလိနတ်စာ၊ နွယ်ချိုတော၊ နွားမတထောင်၊ ဃနာနို့ဆွမ်း၊ နတ်သြဇာ၊ ပုဏ္ဏာ ကျွန်မ၊ ကိုယ်ထင်ပြ၊ ရွှေခွက်၊

**မှားတတ်သောသတ်ပုံ။** ။ဆွမ်းတလုံတ်၊ မြက်၊ ဃနာနို့ဆွမ်း၊ စကြဝဠာ။

**အနှစ်ချုပ်**

အလောင်းတော်သည် အာဠာရနှင့် ဥဒကရသေ့တို့နှင့်တွေ့၍ လောကီစျာန်ရသော်လည်း သဗ္ဗညုတဉာဏ်ရရန်ဆက်လက်ရှာဖွေလို၍ဥရုဝေလတောသို့လာရာ ပဉ္စဝဂ္ဂီတို့နှင့်တွေ့၏၊ ပဉ္စဝဂ္ဂီဆိုသည်မှာ ဘုရားအလောင်းငယ်စဉ်က လက္ခဏာဖတ်ခဲ့သော သုဒ္ဒတ္တပုဏ္ဏားနှင့် အခြားသော ပုဏ္ဏားသားလေးယောက်တည်း၊ အလောင်းတော်သည် အာဟာရဖြတ်၍ကျင့်ရာ ပင်ပန်းလွန်း၍ လက္ခဏာတော်များကွယ်ပြီး စကြီဦး၍ လဲတော်မူ၏၊

စိတ်ကျွမ်းမဝင်သောနတ်တို့က သေပြီဟု ဖခင် သုဒ္ဓေါဒနအား သွားပြောတော့၏။

အလောင်းတော်သည် သဒ္ဓါနှင့် ပညာ၊ ဝီရိယနှင့် သမာဓိတို့ကို မျှတစေရန် ဆွမ်းဘုဉ်း ပေးရာ လက္ခဏာတော်များ ပြန်ပေါ်လာ၏၊ ပဉ္စဝဂ္ဂီတို့လည်း ဘုရားလောင်းကိုစွန့်၍ မိဂဒါ- ဝုန်သို့ ထွက်သွားကြ၏၊ အလောင်းတော်သည် ၁၀၃ ခု၊ ကဆုန်လဆန်း (၁၄)ရက်၊ အင်္ဂါနေ့ ညဥ့် အိပ်မက်ကြီးငါးပါး မြင်မက်၍ ယနေ့ ငါဘုရားဖြစ်မည်ဟုကြံလျက် နံနက်ခင်း သေနာ- နိဂုံးသို့ကြွ ၍ ညောင်ပင်ကြီးအရင်း၌နေ၏။

ထိုအခါ သုဇာတာသည် ဃနာနို့ဆွမ်းကို စီရင် ပြီး တသိန်းတန် ရွှေခွက်ဖြင့် ထည့်၍ ဘုရား အလောင်းတော်အား ရွှေခွက်နှင့် တကွ လှူ- လေ၏။

**ခက်ဆစ်စကားလုံးများ။**

**ဒုက္ကရစရိယာ (ပါ)** ဒု+ကရ+စရိယာ။ ဒု=ခဲယဉ်း၊ ကရ=ပြု၊ စရိယာ=အကျင့်+ပြုနိုင်ခဲသောအကျင့်။

**သမာပတ် (ပါသက်)** သမာပတ္တိ=သမာပတ်၊ ရရှိထားသော ဈာန် အဘိညာဉ်သို့ ကောင်းစွာရောက်ရှိခြင်း (သမာ ပတ်ကိုးပါး)

**ကမ္မဋ္ဌာန်း** (ပါသက်) ကမ္မဋ္ဌာန=ကမ္မဋ္ဌာန်း၊ အလုပ်ဌာန

**ပဉ္စဝဂ္ဂီ(ပါ)** ပဉ္စ+ဝဂ္ဂီ=ငါးပါးရှိသောအစု၊ (ကောဏ္ဍည, ဝပ္ပ, ဘဒ္ဒိယ, မဟာနာမ်, အဿဇိ)

**လက္ခဏာဖတ်** လူ၌ရှိသော အမှတ်အသားများကို ကြည့်ရှုစစ်- ဆေးပြီး အကျိုးအပြစ်ကို ဟောကြားခြင်း၊

**အာနာပါနဈာန်** ထွက်သက်, ဝင်သက်လေကို ရှုမှတ်ပွားများ၍ ရသောဈာန်၊

| | |
|---|---|
| **မဟာပုရိသလက္ခဏာ (ပါ)** | ယောကျ်ားမြတ်တယောက်ဖြစ်ကြောင်း အမှတ်အသား၊ |
| **ပြကတေ့** | ပကတိသဘော၊ |
| **ဘဝဂ်** | အထွတ်အမြတ်ဆုံးဘဝ (နေဝသညာ အရူပ-ပြဟ္မာဘုံ)၊ |
| **ရုက္ခစိုး** | သစ်ပင်ကိုအစိုးရသောနတ်၊ |
| **ဗလိနတ်စာ** | နတ်ဒေဝါများကို ပူဇော်လှူဒါန်းသော စား-ဖွယ်, ခဲဖွယ်များ၊ |
| **ဃနာနို့ဆွမ်း** | တခဲနက် အာဟာရရှိသော နို့ဖြင့်ကြို့ချက်ထားသောဆွမ်း ၊ |
| **အသရေ(ပါသက်)** | ကျက်သရေတင့်တယ်မှုဂုဏ်၊ |
| **မှတ်သားဖွယ်** | ပဉ္စဝဂ္ဂီဆိုရာ၌— |

(၁) ဘုရားအလောင်းငယ်စဉ်က လက္ခဏာဖတ်ကြသော ပုဏ္ဏားခုနစ်ယောက်အနက် အငယ်ဆုံး သုဒတ္တပုဏ္ဏားနှင့် ကျန်ပုဏ္ဏားခြောက်ယောက်၏ သားလေးယောက်၊ ပေါင်း ငါးယောက်ကို ပဉ္စဝဂ္ဂီဟု ခေါ်သည်။

(၂) ပဉ္စဝဂ္ဂီသည် ဘုရားလောင်း တောထွက်ရဟန်းပြုပြီး ဉရုဝေလတောအုပ်သို့ ရောက်ခါမှ ရဟန်းပြုပြီးလိုက်သွားသူများ ဖြစ်သည်၊ ဘုရား-လောင်းနောက်မှ ရဟန်းပြုသူများ ဖြစ်ကြောင်း သိရသည်။

သဒ္ဓါနှင့် ပညာ၊ ဝီရိယနှင့် သမာဓိ မျှတပါမှ အကျိုးရှိကြောင်း၊ ယွန်ကဲလွန်းပါက အကျိုးမဲ့ကြောင်း သိရ၏။

ဉရုဝေလတောနှင့် ဣသိပတနမိဂဒါဝုန်တောသည် ၁၈-ယူဇနာ ဝေးကွာသည်၊ လူ့ဘဝ၌ အိပ်မက်ကို အမှန်တကယ် မြင်မက်တတ်ပြီး ပညာရှိသူသည် ယင်းအိပ်မက်၏ အကျိုးအပြစ်ကို နားလည်ကြောင်း သိရ၏။

သုဇာတာ၏ **ဃနာနို့ဆွမ်း** ခမ်းနားကြီးကျယ်ပုံကို သိရသည်။

**လေ့ကျင့်ခန်း**

(၁) ပဥ္စဝဂ္ဂီအကြောင်း သိသမျှရေးပါ။

(၂) ဘုရားအလောင်း ဒုက္ကရစရိယာ ကျင့်တော်မူပုံ အကျဉ်းချုပ် ရေးပြပါ။

(၃) ဘုရားအလောင်း၏ ပညာအဆင်အခြင်နှင့် ပဥ္စဝဂ္ဂီတို့၏အမြင်ကို ဖော်ပြပါ။

(၄) မလွန်ရမည့်တရား၊ မလွန်သော တရားများကို ဖော်ပြပါ။

(၅) ဘုရားအလောင်းတော် မြင်မက်သော အိပ်မက်ကြီး ငါးမျိုးမှ သော့ချက်ကျသော စကားလုံး အနည်းဆုံး (၁၀)လုံးကို ဖော်ပြပါ။

(၆) သုဇာတာသဌေးသမီး နို့ဃနာဆွမ်းစီရင်ပုံကို ဖော်ပြပါ။

## ဘုရားအလောင်း သိဒ္ဓတ္ထမင်းသား ဘုရားအဖြစ်သို့ ရောက်တော်မူခြင်း

**သော့ချက်စကားလုံးများ။** နေရဉ္ဇရာမြစ်၊ သုပ္ပတိဋ္ဌိတဆိပ်၊ ထန်းသီးမှည့်၊ ရွှေခွက်၊ အတောင်ရှစ်ဆယ်၊ ကာဠနဂါးဗိမာန်၊ အင်ကြင်းတော၊ ကာယဂတာသတိဘာဝနာ၊ နတ်လမ်းမ၊ မဟာဗောဓိ၊ သောတ္ထိယ၊ မြက်ရှစ်ဆုပ်၊ စောင်းထောင်၊ အရှေ့၊ အပရာဇိတပလ္လင်၊အာနာပါနစျာန်၊ သိကြားဗြဟ္မာ၊သုယာမနတ်မင်းကြီး၊ သန္တုသိတနတ်မင်းကြီး၊ ပဉ္စသိခနတ်မင်း၊ ဝသဝတ္တိမာရ်နတ်၊ ဂိရိမေခလာ၊ ပုဗ္ဗေနိဝါသဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ်၊ သဗ္ဗညုတဉာဏ်၊ ၁၀၃-ခု၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့။

အနှစ်ချုပ်။ ဃနာနို့ဆွမ်း အလှူခံ၍ လေးဆယ့်ကိုးလုတ်ဘုဉ်းပေးပြီး ရွှေခွက်ကို နေရဉ္ဇရာမြစ်၌ မျှောလိုက်ရာ ရေဆန်တက်၍ ကာဠနဂါးဗိမာန် အနီး၌ မြုပ်၏။ ဘုရားအလောင်းသည် အင်ကြင်းတော၌ နေ့သန့်ပြီး ညချမ်း၌ မဟာဗောဓိသို့ ကြွ၏။ သောတ္ထိယ လှူသော မြက်ရှစ်ဆုပ်ကို ဗောဓိပင်၏ အရှေ့မျက်နှာ၌ ခင်း၍ အပရာဇိတပလ္လင်ထက်၌ ဘုရားမဖြစ်သမျှ မထဟု အဓိဋ္ဌာန်ပြီး အာနာပါနစျာန် ဝင်စားတော်မူ၏။သိကြား၊

ပြဟ္မာနှင့် နတ်မင်းကြီးများ လာရောက် ပူဇော်နေကြစဉ် မာရ်နတ် လာရောက်တိုက်ဖျက်သည်ကို နေမဝင်မီ အောင်တော်မူသည်။ ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်၊သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်၊ မိုးသောက်ယံ၌ အာသဝက္ခယဉာဏ် ရတော်မူပြီး ဆက်လက်၍ သဗ္ဗညုတဉာဏ် ရသဖြင့် သက္ကရာဇ် ၁၀၃-ခု၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့၌ ဘုရား ဖြစ်တော်မူသည်။

**သတ်ပုံ**

ကုမ္ဘဏ်၊ ဂန္ဓဗ်၊ နေအရုဏ်။

**ခက်ဆစ်စကား**

**ထက်ဝယ်ဖွဲ့။** တင်ပျဉ်ချိတ် ထိုင်ခြင်း၊ ညာခြေကို ဗယ်ပေါင်ပေါ်တင်၊ ဗယ်ခြေကို ညာပေါင်ပေါ် တင်၊ ကိုယ်ကို မတ်မတ်ထား၊ လက်နှစ်ဘက်ကို ပေါင်ခွင်ပေါ် ပက်လက်ကင်ထားပြီး ထိုင်ခြင်း။

**ပရိဘုတ်။** ပရိဘုတ္တ=စားခြင်း၊

**နေ့သန့်။** နေ့လယ်နေ့ခင်း အနားယူနေခြင်း၊

**ဥသဘ။** တာနှစ်ဆယ် (သို့) အတောင် တရာ့လေးဆယ် အတိုင်းအတာ၊

**အပရာဇိတပလ္လင်။** ရန်သူတို့က မည်သည့်နည်းနှင့်မျှ မအောင်မြင်နိုင်သော ပလ္လင်နေရာ၊

**စတုရင်္ဂဝီရိယ။(ပါ)။** အင်္ဂါလေးပါးနှင့် ပြည့်စုံသော အားထုတ်ကြိုးစားမှု၊ မိမိကိုယ်၌ အရေ,အကြော,အရိုးသာ ကျန်ခြင်း၊ အသား, အသွေး ခန်းခြောက်သည် အထိ ကြိုးစားအားထုတ်မှု၊

**ပုဗ္ဗေနိဝါသဉာဏ်။** ရှေးအတိတ်က ဖြစ်ဖူး, နေခဲ့ဖူးသော ဘဝ များစွာကို သိသော ဉာဏ်၊

**ဒိဗ္ဗစက္ခုဉာဏ်။** နတ်မျက်စိလို မြင်သော ဉာဏ်၊

**အာသဝက္ခယဉာဏ်။** ကိလေသာ အာသဝေါတရားများကို ကုန်ခန်းစေသော ဉာဏ်၊

**ဘဝိသာရ။ (ပါ)။** ဘ၁၀+ဤသရ=ဘ၁၀ကို အစိုးရခြင်း၊
**အထူးမှတ်သားရန်။** အပရာဇိတပလ္လင်အကြောင်း၊
ဘုရားဖြစ်သော ခုနှစ်၊ သက္ကရာဇ် စသည်။

**လေ့ကျင့်ရန်**

(၁) ဘုရားဖြစ်တော်မူခါနီး ဆွမ်းဘုဉ်းပေးပုံကို ဖော်ပြပါ။
(၂) ဘုရားအလောင်း အဓိဋ္ဌာန် ပါရမီပြုပုံကို ရေးပါ။
(၃) ဗုဒ္ဓဝင်လာ ကာဠနဂါးအကြောင်း ရေးပါ။
(၄) ဗောဓိပင်သို့ ဘုရားအလောင်း တခမ်းတနား ကြွဝင်ပုံကို ရေးပါ။
(၅) ဗောဓိပင်ရင်း၌ ဘုရားအလောင်းနေပုံ အခြေအနေကို ဖော်ပြပါ။
(၆) မာရ်စစ်သည်များကို အောင်မြင်ပုံ ရေးပါ။
(၇) ဘုရားဖြစ်ပုံကို ဖော်ပြပါ။

# မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ ကြွတော်မူခြင်း

**အနှစ်ချုပ်**

ရာဇဂြိုဟ်ပြည်နှင့် ကပိလဝတ်ပြည်သည် ယူဇနာခြောက်ဆယ် ကွာဝေး၏။ ရာဇဂြိုဟ်ပြည်၊ဝေဠုဝန်ကျောင်းတော်၌ မြတ်စွာဘုရား သီတင်းသုံးနေသည်။ ကပိလဝတ်ပြည့်ရှင် ဘုရား ဖခင် သုဒ္ဓေါဒနမင်းကြီး ကြားလေသော် အမတ်တယောက်ကို ဗိုလ်ရုံတထောင်နှင့် ဘုရားပင့်လွှတ်၏။ အမတ်နှင့် ဗိုလ်ရုံတို့သည် တရားနာရ၍ ရဟန္တာဖြစ်လေသဖြင့် ဘုရားမပင့်ပဲ လျစ်လျူရှုကာသာ နေလေ၏။ကိုးကြိမ်တိုင်တိုင် ဤသို့သာ ဖြစ်ခဲ့၏။

နောက်ဆုံးတွင် ဖွားဖက်တော် ကာဠုဒါယီအမတ်ကို ကိုယ်ရံ တထောင်နှင့်အတူ စေလွှတ်ပင့်စေသောအခါမှ ကာဠုဒါယီ ထေရ်ပင့်၍ တပေါင်းလပြည့်ကျော်တရက်နေ့မှစ၍ ရာဇဂြိုဟ်မှ ထွက်ပြီး ကပိလဝတ်သို့ တနေ့ တယူဇနာနှုန်းဖြင့် မြတ်စွာဘုရား ကြွတော်မူ၏။ နောက်ပါ ရဟန္တာနှစ်သောင်းနှင့်အတူ မည်သည့်နေရာသို့ ရောက်ကြောင်း ကာဠုဒါယီ ထေရ်က မင်းကြီးထံ သတင်းပို့၍ မင်းကြီးလှူသော ဆွမ်းကို နေ့စဉ်ကပ်၏။ နှစ်လကြာသောအခါ ကပိလဝတ်ပြည်သို့ ရောက်၍ သာကီဝင်မင်းတို့ ကြိုတင် ဆောက်ထားနှင့်သော နိဂြောဓာရုံကျောင်း၌ နေတော်မူ၏။

ထိုအခါ ဆွေမျိုးသာကီဝင်တို့က ရှိမခိုးပဲ နေကြ၍ မြတ်စွာဘုရားသည် စတုတ္ထဈာန် ဝင်စား၍ ကောင်းကင်ထက်တက်ပြီး ရေမီးအစုံအစုံ ယမိုက်ပြာဋိဟာကို ပြတော်မူ၏။ ဖခင် သုဒ္ဓေါဒနမင်းကြီးက သုံးကြိမ်

မြောက် ဦးခိုက်ရှိခိုးလေ့မှ သာကီဝင်အားလုံး ညွတ်ရိုး ရှိခိုးကြကုန်၏။ ထိုတွေ့ဆုံပွဲတွင် တချို့စွတ်, တချို့မစွတ် ထူးလှသော ပေါက္ခရဝဿ မိုးကြီး ရွာသွန်းသည်ကို အကြောင်းပြုပြီး ဝေဿန္တရာဇာတ်တော်ကို ဟောတော်မူ၏။

နောက်တနေ့ နံနက်တွင် ရှေးနောင်တော် ဘုရားရှင်တို့၏ ပဋိပတ် အတိုင်း သံဃာနှစ်ထောင် ခြံရံ၍ ကပိလဝတ်ပြည်တွင်း ဆွမ်းခံဝင်တော် မူ၏။ ကပိလဝတ်ပြည်အလုံး အုတ်အုတ်ကျက်ကျက် အံ့သြကြသော အသံကို ကြား၍ ယသောဓရာမင်းသမီး ထွက်ကြည့်ရာ မအံ့သြနိုင်သော ဘုရားအသရေကို မြင်၍ နရသီဟရှစ်ဂါထာဖြင့် ချီးမွမ်း၏။ အိမ်စဉ် ဆွမ်းခံသည်ကို ခမည်းတော် မင်းကြီးအား ကြားလျှောက်လိုက်သဖြင့် မင်းကြီးက ဆွမ်းမခံရန် သွားလျှောက်၏။ မြတ်စွာဘုရားက ဘုရားအနွယ် တို့၏ ကျင့်စဉ်အတိုင်း ဆွမ်းခံခြင်းဖြစ်ကြောင်း ရှင်းပြပြီး တရားဟောရာ ခမည်းတော် သောတာပန်တည်၏။ နန်းတော်သို့ ပင့်သွားရာ ရာဇပလ္လင်၌ ဘုရားရှင်ထိုင်ပြီး ထပ်မံ တရားဟောရာ ခမည်းတော် သကဒါဂါမိ၊ မိထွေးတော် သောတာပန် တည်လေ၏။

ထိုသို့ ရာဇပလ္လင်၌ ဘုရားရှင်နေစဉ် မောင်မမိဿံတို့ လာရောက် ဖူးမြော်ကြသည်ကို ယသောဓရာက အကျွန်ုပ်ကျေးဇူးကို ထောက်မျှော် သနားပါက အကျွန်ုပ်နေရာသို့ ဘုရားရှင်လာပါလိမ့်မည်ဟု နှလုံးထား၍ မလာပဲ နေလေ၏။ ဘုရားရှင်သည် ဆွမ်းဘုဉ်းပေးပြီးနောက် ခမည်း တော်နှင့် အဂ္ဂသာဝကကြီးနှစ်ပါးကို ခေါ်တော်မူ၍ ယသောဓရာ မင်း သမီး နေရာသို့ကြွပြီး ကန်တော့ခံတော်မူ၏။ ယသောဓရာသည် ဘုရား ရှင်အား အထပ်ထပ် ရှိခိုးရှာ၏။

ခမည်းတော်မင်းကြီးက ယသောဓရာသည် သားကြီးဘုရားကိုအလွန် စုံမက်လေးမြတ်လှကြောင်း သားဘုရားကဲ့သို့ ဖန်ရည်စွန်းသောအဝတ်ကို ဝတ်ပြီး တထပ်သာစားသည် ပန်းနံ့သာကို ပယ်သည် မင်းညီမင်းသား တယောက်ကိုမျှ ပြန်မကြည့် စောင့်ထိန်းပေသည်ဟု လျှောက်၏၊ မြတ်စွာဘုရားက ယသောဓရာ မိမိကိုယ်ကို မိမိစောင့်နိုင်လှပုံကို ထင်ရှား စေရန် စန္ဒကိန္နရီဇာတ်တော်ကို ဟောပြီး နိဂြောဓာရုံကျောင်းသို့ ပြန်ကြွ ကော်မူသည်။

# မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ကြွတော်မူခြင်း

**သော့ချက်ဝေါဟာရများ**

ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း၊ သုဒ္ဓေါဒနမင်း၊ အမတ်၊ ဗိုလ်ရဲ တထောင်၊ ရဟန္တာဖြစ်၊ ကိုးကြိမ်၊ ကာဠုဒါယီအမတ်၊ ကာဠုဒါယီ ခထေရ်၊ ဂါထာခြောက်ဆယ်၊ သံဃာနှစ်ထောင်၊ တပေါင်းလပြည့်ကျော် တရက်၊ ကောင်းကင်ခရီး၊ အသွင်အပြင်၊ ပိုးမြည်မြူး-နေ၊ နွားချို၊ မြင်းမိုရ်၊ ရောင်ခြည်တော်၊ နေလုလင်တထောင်၊ နန်းတော်ကဆွမ်း၊ တနေ့တယူဇနာစီ၊ နိဂြောဓာရုံကျောင်း၊ သာကီဝင်တို့မာန်မာန၊ မီး-ခလျှံ၊ ရေအလျဉ်၊ ယမိုက်ပြာဋိဟာ၊ ဒေဝီလရသေ့ထိပ်၊ သပြေပင် ရိပ်ဝန်း၊ သုံးကြိမ်မြောက်ရှိခိုး၊ ပေါက္ခရဝဿမိုးကြီး၊ ဝေဿန္တရာဇာတ်၊ ဆွမ်းခံမပင့်မိ၊ နောင်တော်ဘုရားများပဋိပတ်၊ ယသောဓရာ၊ ခွက်လက်စွဲ၊ နရသီဟဂျစ်ဂါထာ၊ အားမနာ၊ ပုဆိုးစမလျက်၊ တအိမ်တလုတ်၊ ငါတို့ အနွယ်အဆက်အကျင့်၊ သောတာပန်တည်၊ သကဒါဂါမ်၊ မိတွေးတော်၊ ရွှေနန်းဥကင်ရာဇပလ္လင်၊ မောင်းမမိဿံ၊ အကျွန်ုပ်ကျေးဇူး၊ ခမည်းတော်၊ အဂ္ဂသာဝကကြီးနှစ်ပါး၊ ရတနာသလွန်၊ ခြေဖမျက်၊ ဖမိုးတော်၊ ဖဝါးတော်၊ နမ်း၊ အထပ်ထပ်၊ ဝှတ်မချတ်၊ ဖန်ရည်အဝတ်၊ ပန်း-နံ့သာပယ်၊ မင်းညီမင်းသား၊ ပြန်မကြည့်၊ စောင့်ထိန်း၊ မိမိကိုယ်ကို မိမိစောင့်၊ စန္ဒကိန္နရီဇာတ်၊

**ခက်ဆစ်ဝေါဟာရများ**

| | |
|---|---|
| **အမြိုက်ဆေး** | အမရိက (ပါ) မသေဆေး၊ |
| **အိုမင်း** | မင်း=အလွန်အကဲ အလွန်အိုခြင်း၊ |
| **ခမည်းတော် (ပေါ်)** | အဖေ၊ |
| **ဒေသနာတော်** | ဟောကြားတော်မူသော တရားတော်၊ |

ကိလေသာ (ပါ) — လူကို ပူပန်စေတတ်နှိပ်စက်တတ်သော တရားဆိုး၊

အရဟတ္တဖိုလ်(ပါသက်) — ရဟန္တာ၏ အဖြစ်တည်းဟူသော အကျိုးစိတ်၊

ဟေဘိက္ခုခေါ် — ဘိက္ခု—ရဟန်း၊ ဟေ—လာလှည့်ဟု ခေါ်တော်မူလိုက်ခြင်းဖြစ်သည်။

ရဟန္တာ — ကိလေသာ အားလုံးကို ပယ်သတ်ပြီး ဖြစ်၍ ကိလေသာ အာသဝေါကင်းပြီးသော ရဟန်း၊

အရိယာ (ပါ) — မြတ်သောသူ၊

ပွားဖက်တော် — ဘုရားအလောင်း သိဒ္ဓတ္ထမင်းသား မွေးဖွားသည့်အချိန်နှင့် တချိန်တည်း မွေးဖွားလာပြီး ဘုရားအလောင်း၏ အခြံအရံဖြစ်လာသူ၊

ဂမိယဝတ် —ခရီးထွက်ကာနီး ကြိုတင်ပြင်ဆင်ရသော ဝတ္တရား၊

ပိုးမြည်မြူး —ပိုးစုန်းကြူး၊

ဘုရားအရုပ်အဝါ —ဘုရားရှင်၏ ရုပ်အဆင်းနှင့် အရောင်တော်၊

ရောင်ခြည်တော် —ခြည်=အရောင်(ပရိယာယ်စကား နှစ်ခါထပ်၍)၊ အလွန်ထွန်းလင်းသော အရောင်တော်၊

နေလုလင် —လုလင်=နုနယ်ပျိုမျစ်သော၊ တက်သစ်စနေပုံ၊

အနန္တစကြဝဠာ =အဆုံးအပိုင်းခြားမရှိ များလွန်းသော စကြဝဠာ၊

ဝိသယခေတ် —ဘုရားရှင် အာရုံကျက်စားနိုင်သော လောကဓာတ်အပိုင်းအခြား၊

အစိန္တေယျ —ကြံစည်တွေးဆခြင်းငှာ မစွမ်းနိုင်သော၊

ဘောဇဉ် (ပါသက်) =စားစရာ၊

ဘောဇဉ် —ထမင်း, မုန့်, ငါး, အမဲ, အသား, စားစရာငါးမျိုး၊

ဇောဒဂ် (ပါသက်) —ဤအရာမှာ ဤသူသာ အမြတ်ဆုံးဟု သတ်မှတ်ချက်၊

မာန်မာန —စိတ်နေစိတ်ထား မြင့်မောက်ခြင်း၊ (အနက်အရတူ စကားနှစ်လုံး တွဲသုံးခြင်းသာဖြစ်သည်)။

အဇဋ္ဌာပြင် —ကောင်းကင်ပြင်၊

အံ့ဖွယ်ဘနန်း —ဘနန်း (ပေါ်) လုနီးပါး၊

ရှုမခန်း —မခန်း—မကုန်နိုင်၊ ကြည့်ရှု၍ မကုန်နိုင်၊
ယမိုက်ပြာဋိဟာ =ယမကမှ ယမိုက်ဖြစ်လာသည်၊ အစုံလိုက် အစုံ-
လိုက် အစိပ္ပာယ်၊ ပြာဋိဟာ=တန်ခိုး၊
အံ့ဖွယ်သရဲ 'သရဲ'၌'သ'သည် စကားတန်ဆာ အပိုထည့်ထား
သော အက္ခရာ၊ ရဲ အလွန်၊ ထို့ကြောင့်
အံ့ဖွယ်သရဲ—အလွန်အံ့စရာကြီး၊
ပေါက္ခရဝဿမိုး —စိုစွတ်လိုသူသာ စိုစွတ်ပြီးမစိုမစွတ်လိုသူ မစိုမစွတ်
လွတ်သောမိုးမျိုး ဖြစ်သည်။
ကုဋေ =ဆယ်သန်းရှိသော အရေအတွက်၊
ပဋိပတ် (ပါသက်) —အကျင့်၊ ကျင့်စဉ်၊ လုပ်ထုံး၊ လုပ်နည်း၊
အုတ်အုတ်ကျက်ကျက်(ပေါ)-ဆူဆူညံညံ၊
နရသီဟ —ခြင်္သေ့ကဲ့သို့ ရဲရင့်သောလူသား၊
ရုပ်ခြည်း —အလျင်အမြန်၊
ရာဇပဝေဏီ —မင်းအစဉ်အဆက်(ပဝေဏီ=အစဉ်အဆက်)
ကမ္ဘာ့ဘာ =ကမ္ဘာပေါင်းများစွာ၊
သမ္ဗုဒ္ဓရာဇာ —ဘုရားတည်းဟူသောမင်း၊
မဟာဝံသ —ကြီးမြတ်သောအနွယ်၊
ဓမ္မတာ —တရားသဘာဝ၊
သောတာပန် —နိဗ္ဗာန်သို့သွားရာ အလျဉ်သို့ ရောက်သူ၊
သကဒါဂါမ် —ပဋိသန္ဓေအားဖြင့် တကြိမ်သာ ကာမဘုံသို့လား
ရောက်သူ(လူ့,နတ်တကြိမ်တခါသာဖြစ်သောသူ)
ဥကင် (ဥက္ကံသ) —အထွတ်အမြတ်နေရာ၊
သုံးလူ့သခင် —ဗြဟ္မာ, နတ်, လူတို့၏ အရှင်သခင်၊

မှားတတ်သောသတ်ပုံစာလုံးများ

အခြံအရံ (ရန့်,မဟုတ်)
လျစ်လျူရှု
ပိုးမြည်မျိုး
နေ့လုလင် (လုင်,မဟုတ်)
ချီးကျူး (ခြီး,မဟုတ်)

**မှတ်သားဖွယ်ရာများ**

၁။ ကာဠုဒါယီမထေရ်-ဂါထာခြောက်ဆယ်တို့ဖြင့် ကာလသမယ ကို ချီးမွမ်း၍ လျှောက်သည်၊

၂။ တပေါင်းလပြည့်ကျော် တရက်နေ့တွင် ရာဇဂြိုဟ် ဝေဠုဝန် ကျောင်းမှ ကပိလဝတ်ပြည်သို့ မြတ်စွာဘုရား ကြွတော် မူသည်။

၃။ ရာဇဂြိုဟ်ပြည်နှင့် ကပိလဝတ်ပြည်သည် ယူဇနာခြောက်ဆယ် ကွာဝေးသည်။

၄။ မြတ်စွာဘုရားသည် ရဟန်းနှစ်သောင်းခြံရံလျက် တနေ့ တယူဇနာကျ ခြေလျင်ကြွတော်မူသည်။

၅။ ဆွေတော်,မျိုးတော်တို့ကို ချီးမြှောက်လို၍ ကပိလဝတ်ပြည် သို့မြတ်စွာဘုရား ကြွရောက်တော်မူခြင်း ဖြစ်သည်။

၆။ ကပိလဝတ်ပြည်မှာ ရေပီးအစုံ ယမိုက်ပြာဋိဟာ ပြတော်မူ သည်၊ (ရေနှင့်မီး တပြိုင်နက်တည်း ထွက်တော်မူကြောင်း သတိပြုပါ)။

၇။ ဖခင်သုဒ္ဓေါဒနမင်းကြီး သုံးကြိမ်မြောက် သားဘုရားအား ရှိခိုးသည်။

၈။ ဆွေမျိုးအစည်းအဝေး၌ ပေါက္ခရဝဿမိုး ရွာသည်။

၉။ ဆွမ်းခံဝင်လာသော ဘုရားရှင်အား ကြည့်ပြီးယသောဓရာက နရသီဟ ရှစ်ဂါထာဖြင့် ပူဇော်သည်။

၁၀။ မင်းအနွယ်နှင့် ဘုရားအနွယ်ကွာခြားမှုကို သိရသည်။

၁၁။ ယသောဓရာနေရာသို့ မြတ်စွာဘုရားကြွပြီး ကန်တော့ခံသည်။

၁၂။ ယသောဓရာကို အကြောင်းပြုပြီး စန္ဒကိန္နရီဇာတ်ကို ဟော တော်မူသည်။

**သင်ခန်းစာကောင်းများ**

၁။ မြတ်စွာဘုရားသည် ကောင်းကင်ခရီးဖြင့် ကြွသွားနိုင်သော် လည်း လူတို့ကို ချီးမြှောက်လို၍ ရာဇဂြိုဟ်ပြည်မှ ကပိလ- ဝတ်ပြည်သို့ ခြေလျင်ကြွတော်မူခြင်း ဖြစ်သည့်၊ ဤသည်ကို လမ်းညွှန်မှုတရပ်အဖြစ် ခံယူ၍ မေသာမခိုပဲ အများအကျိုး

ရှိအောင် မိမိအပင်ပန်းခံ၍ ဆောင်ရွက်ရမည်-ဟု ဘဝသင်ခန်းစာ ယူရသည်။

၂။ မြတ်စွာဘုရားသည် သာကီဝင်ဆွေမျိုးတို့ကို ချီးမြှောက်လို၍ ကပိလဝတ်ပြည်သို့ ကြွခြင်းဖြစ်သည်၊ ဤသည်ကို နည်းနာယူ၍ မိမိတို့၏ မိဘဆွေမျိုးနှင့် မိမိတို့၏လူမျိုးကို အကြောင်းရှာ၍ ချီးမြှောက်ရမည်။

၃။ ဆွေတော်မျိုးတော် သာကီဝင်တို့၏ မာန်မာနကိုကျစေရန် တန်ခိုးပြတော်မူသည်။ ဤသည်ကိုလမ်းညွှန်ချက်ယူ၍ အကျိုးရှိမည်ဆိုက အစွမ်းအစကို ပြတန်ပြရမည်။

၄။ ဘုရားရှင်သည် ဘုရင့်သားဖြစ်သော်လည်း ရှေးဘုရားရှင်တို့၏ ပဋိပတ် (လုပ်ထုံးလုပ်နည်း)ကို လိုက်နာပြီး သပိတ်ပိုက်၍ ဆွမ်းခံတော်မူသည်၊ ယခုကာလ ဆရာတော်သံဃာတော်ကြီးများသည်လည်း ရှေးဆရာတော်ကြီး များ၏ ကျင့်စဉ်ကိုမပျက်စေရန် ဆွမ်းခံထွက်သင့်ကြပေသည်။

၅။ ပါရမီဖြည့်ဖက် ယသောဓရာနေရာသို့ တကူးတကကြွ၍ ဖူးမြော်ခံတော်မူသည်၊ ဤသည်ကိုထောက်၍ မိမိမကြီးပွားခင်က ပြုစုပျိုးထောင်ပေးလာသော မိဘ, ဆရာသမား, ဒါယကာ, ဒါယိကာမများနှင့် မိတ်သင်္ဂဟများ၏ ကျေးဇူးကို မမေ့ပဲ ထိုက်သင့်ရာရာ ချီးမြှောက်ရမည်။

## လေ့ကျင့်ရန်

၁။ မြတ်စွာဘုရား ကပိလဝတ်ပြည်သို့ ကြွတော်မူသည့် ရည်ရွယ်ချက်ကို ရေးပြပါ။

၂။ ဤကောက်နုတ်ချက်တွင် ပါဝင်သမျှ ကာဠုဒါယီ၏ အကြောင်းကို ဖော်ပြပါ။

၃။ မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ကြွတော်မူပုံ ရေးပါ။

၄။ မြတ်စွာဘုရား အသွင်အပြင်နှင့် ပတ်သက်၍ ကာဠုဒါယီထေရ်က ဖခင်သုဒ္ဓေါဒနမင်းအား ပြောပြရာတွင် ကာဠုဒါယီထေရ် စကားတတ်ပုံကို ဥပမာပုံဆောင်၍ ဖြေပါ။

၅။ မြတ်စွာဘုရား ရေ, မိးအစုံ တန်ခိုးပြဋ္ဌိဟာပြပုံကို ရေးပါ။
၆။ ဖခင်သုဒ္ဓေါဒနမင်းကြီးက သားဘုရားအား သုံးကြိမ် ရှိခိုးခဲ့ပုံကိုဖော်ပြပါ။
၇။ သာကီဝင်မင်းတို့၏ မာနကြီးပုံကို ဖော်ပြပါ။
၈။ 'မင်းအန္ဆယ်' နှင့် 'ဘုရားအန္ဆယ်'ကို ရှင်းပြပါ။
၉။ ယသောဓရာ ကန်တော့ခန်းကို သနားစဖွယ် ပြန်လည်ရေးပြပါ။
၁၀။ 'မအံ့သြနိုင်သော ဘုရားအသရေ' ဟူသော ခေါင်းစဉ်ဖြင့် စာစီစာကုံးတပုဒ် ရေးပါ။

# ကျမ်းပြုဆရာ ဦးစန္ဒိမာ

ပါဠိတချက် အနက်တချက် ပြန်ဆိုသော ဓမ္မပဒအဋ္ဌကထာ နိဿယ များမှတမူထူးခြား၍ မြန်မာစကားပြေဖြင့် ဓမ္မပဒအဋ္ဌကထာကို ရေးသား ပြုစုသူကား ဦးစန္ဒိမာ ဖြစ်ပေသည်။ ဦးစန္ဒိမာသည် မြန်အောင်သား ဇာတိ၊ ဦးကြီး-ဒေါ်ဆိုင် တို့မှ ၁၂၃၆-ခုနှစ်၊ တန်ဆောင်မုန်း လဆန်း-(၈) ရက်၊ အင်္ဂါနေ့တွင် မွေးဖွားခဲ့သည်။ ငယ်မည် မောင်ညိုထွား ဖြစ်သည်။

မောင်ညိုထွားသည် မိရိုးဖလာ (အမိအဖမျိုးရိုး ကိုယ်နှိုက်က ဆင်း သက်လာသော) ဗုဒ္ဓဘာသာဖြစ်၍ ရှင်ပြုသည်။ ပဉ္စင်းခံသည်၊ ပိဋကတ် စာပေ သင်သည်။ ပါဠိသာမက သက္ကတနှင့် မြန်မာစာကိုပါ သင်ယူ ခဲ့သည်။

စာတတ်သောအခါ ဗဟန်း အောင်မြေဘုံစံကျောင်း၌ ကျောင်းထိုင် သည်။ စာချသည်၊ စာရေးသည်။ အင်္ဂလိပ်အစိုးရက အဂ္ဂမဟာပဏ္ဍိတဘွဲ့ ဆက်ကပ်သည်။

ယခုပြဋ္ဌာန်းသော ဓမ္မပဒဝတ္ထု ကောက်နုတ်ချက်မှာ ဆရာတော် ဦးစန္ဒိမာ၏ လက်ရာဖြစ်သည်။ ယခု သူ့စာကို သင်နေကြရသည်။ သူကား သာသနာ့အကျိုးဆောင်သူ ဖြစ်သည်။ သူကား တုမှီးဖွယ်ရာ ရဟန်း ကောင်းတပါး ဖြစ်ပေသည်။

# သိရိမာ ပြည့်တန်ဆာမ၏ဝတ္ထု

**သော့ချက်စကားလုံးများ**

ဝေဠုဝန်မင်းကျောင်း၊ ဇီဝကဆရာ၏နှမ သိရိမာ၊ ပြည့်တန်ဆာမ၊ ဥတ္တရာဥပါသိကာမ၊ ဆွမ်းအနုမောဒနာ၊ သောတာပတ္တိဖိုလ်၊ အဋ္ဌကဘတ်၊ ထောပတ်၊ နို့၊ သုံးယူဇနာထက်၊ မွန်မြတ်၊ ဝါစဉ်၊ စာရေးတံဦး၊ မကျန်းမာ၊ သပိတ်၊ သိရိမာကိုစွဲ၊ ကိလေသာ၊ သက်နှင်းခင်း၊ အိပ်၊ သေ၊ ဗိမ္ဗိသာရမင်း၊ မြတ်စွာဘုရား၊ သုသာန်၊ သုံးရက်လွန် လေးရက်မြောက်၊ မိုးသောက်၊ ရုပ်အလောင်း ကြည့်ရှုခြင်းငှာ၊ ရှစ်သပြာ၊ ဟန်းအပေါင်း၊ ရဟန်းငယ်၊ သပိတ်အိတ်၊ အလောင်းတဘက်ကသံဃာ၊ ဘက်ကလူ၊ ဖူးဖူးရောင်၊ စည်လည်၊ တထောင်၊ တချင်ရွေး၊ အချည်းနှီး၊ မယူကြ၊ ကျွတ်တမ်းဝင်၊ ထိုရဟန်း၊ သောတာပတ္တိဖိုလ်။

**အနှစ်ချုပ်**

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ ကိုန်းအောင်း စံပယ်တော်မူစဉ် ပြည့်တန်ဆာမသိရိမာကို အကြောင်းပြု၍ ရာဂငြိမ်းကြောင်း တရားဟောတော်မူ၏။ သိရိမာသည် အလွန်လှ၏၊ အသပြာတထောင်ပေးမှ သူ့ကို တနေ့တာမျှ ရ၏၊ သိရိမာသည် တနေ့တွင် မြတ်စွာဘုရားထံမှ တရားနာရ၍ သောတာပန်တည်လေ၏။ သုံးယူဇနာ ဝေးကွာသော ကျောင်းမှ ရဟန်းတပါးသည် သိရိမာလှကြောင်း ကြားသိရ၍ သိရိမာ အိမ်သို့ အဋ္ဌကဘတ် ဆွမ်းစားကြွ၏၊ ထိုအခါ သိရိမာ မကျန်းမာ ဖြစ်နေစဉ် အလုပ်အကျွေးများက ပွေ့ချီပြီး ဆွမ်းလှူစေရ၏။

ထိုရဟန်းသည် သီရိမာ ယခုလို မကျန်းမာဖြစ်နေခိုက်မှာပင် ဤမျှလောက် လှ၏၊ နေကောင်းကျန်းမာလျှင်မူကား ဘယ်လောက်လှလိုက်မလဲဟု တမ်းတစွဲလမ်းပြီး ဆွမ်းမစားနိုင် ဖြစ်နေ၏။ ထိုရက်အတွင်းမှာပင် သီရိမာ ကွယ်လွန်ကြောင်း ဗိမ္ဗိသာရမင်းက မြတ်စွာဘုရားအား လျှောက်ထား၏။

မြတ်စွာဘုရားက သီရိမာအလောင်းကို သုသာန်၌ ကောင်းစွာထားရန် ဗိမ္ဗိသာရမင်းအား မိန့်လေ၏။ လေးရက်မြောက်နေ့၌ သီရိမာ၏အလောင်းသည် ဖူးဖူးရောင် ပုပ်ပြီး အပုပ်ရေများ ဒွါရကိုးပေါက်မှ ယိုစီးကျ၏၊ မြတ်စွာဘုရားက ရဟန်းသံဃာများအား ခေါ်ယူပြီး သုသာန်သို့ ကြွလာ၏။ ထိုရဟန်းငယ်လည်း ပါလာ၏၊ မြတ်စွာဘုရား ခိုင်းစေချက်ဖြင့် ဗိမ္ဗိသာရမင်းမိန့်အရ လူဒါယကာများလည်း သုသာန်သို့ လာကြ၏၊ အလောင်းကို အလယ်ကထားပြီး သံဃာများကတဘက် လူကတဘက် ရပ်၍ အသုဘရှုနေကြ၏။

ထိုအခါ မြတ်စွာဘုရားသည် သီရိမာကို လိုချင်သူ အသပြာတထောင်နှင့်ယူရန် ဗိမ္ဗိသာရမင်းအား မြို့တွင်း၌ စည်လည်စေ၏၊ ယူလိုသူမပေါ်၍ ဈေးလျှော့ကြေငြာရာ အသက်ရှင်စဉ်က အသပြာတထောင်ပေးမှ တနေ့တာရသော သီရိမာအလောင်းကောင်ကို အလကားပင် မည်သူမှယူမည့်သူ မပေါ်တော့ပေ။

ထိုအခါ မြတ်စွာဘုရားက လက်တွေ့တရားဟောတော်မူရာ ရှစ်သောင်းလေးထောင်သော သတ္တဝါများ ကျွတ်တမ်းရကြသည်။ သီရိမာကို စွဲလမ်းပြီး ဆွမ်းကိုပင် မစားနိုင် ဖြစ်ခဲ့ရသော ရဟန်းငယ်သည်လည်း သောတာပတ္တိဖိုလ်၌ တည်လေသည်။

**ခက်ဆစ်စကားလုံးများ**

**မုက္ခမံဒေသနာ**(ပါ) မုက္ခမံ၌၊ မုခ + မင်္ဂလိက=မုက္ခမံ = နှုတ်မင်္ဂလာရှိသောစကား၊
∴ မုက္ခမံ ဒေသနာ=နှုတ်မင်္ဂလာ ရှိသော တရားဒေသနာ၊

**ဥပါဒ္ဒါန်** (ပါသက်) ပြင်းစွာစွဲလမ်းမှု၊
**တွဲရရွဲ** (ပေါ်) တွဲ၊ တွဲလောင်းကျခြင်း၊
('ရရွဲ' မှာ အနက်မရှိ၊ စကားတန်ဆာမျှသာ)

**စိရရှိ** (ပေါ်) စိကာစဉ်ကာ ရှိသည်၊
('ရရှိ' မှာ အနက်မရှိ၊ စကားတန်ဆာမျှသာ)
**ဗျုပ္ပတ်** (ပါဠိက်) ဗျုပ္ပတ္တိ(ပါ)လိင်ခေတ်ပစ္စည်းတို့ဖြင့် ပြအပ်သော ဝိဂ္ဂဟ၊
**သကတ်** (ပါဠိက်) သကတ္တ(ပါ)ခေတ်ဟူသော မိမိအနက်၊ ပုဒ်ရင်း အနက်၊
**အနုမောဒနာဒေသနာ**(ပါ)အဖန်ဖန် ဝမ်းမြောက်ရန် ဟောသောတရား၊
**အဋ္ဌကဘတ်** (ပါဠိက်) ဘတ္တ (ပါ) ထမင်း၊ ဆွမ်း၊
ရဟန်းရှစ်ပါးအား နေ့စဉ် လှူသောဆွမ်း၊
**စာရေးတံ** တုတ်တံထိပ်၌ စာရေးထားပြီး မဲချခြင်း၊
**အိုးစရည်း** အိုးကြီး၊
**စည်လည်** သီရိမာကို ယူကုန်လော့-ဟု မြို့ထဲလှည့်လည် စည်တီး ကြေငြာခြင်း ဖြစ်သည်။
**မာတုဂါမ** (ပါ) မိန်းမ၊
**အတ္တဘော** (ပါဠိက်) အတ္တဘာဝ=ကိုယ်ခန္ဓာ

**ရအပ်သောဗဟုသုတ**

လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ငါးရာကျော် မြတ်စွာဘုရား လက်ထက် အိန္ဒိယနိုင်ငံ၌ ကြေးကြီးပြည့်တန်ဆာမများ ရှိကြောင်း သိရသည်။

ပြည့်တန်ဆာမအလုပ်ဖြင့်ပင် အသက်မွေးသော်လည်း ဗုဒ္ဓသာသနာ တော်၌ လေးနက်သက်ဝင်ယုံကြည်ကြောင်း သိရသည်။

ဘုရားရှင်လက်ထက်က မိမိအိမ်၌ နေ့စဉ် တတ်နိုင်သလောက် ရဟန်း သံဃာများအား ဆွမ်းပြုစုလုပ်ကျွေးကြောင်း သိရသည်။

သံဃာများ ဆွမ်းစားကြသော ကိစ္စ၌ ထေရ်စဉ်ဝါလိုက် စာရေးတံ ချ၍ စနစ်တကျ ထည့်ပေးကြောင်း သိရသည်။

ပုထုဇဉ်ရဟန်းများသည် မာတုဂါမ အချောအလှများကို ကြည့်ရှု သာယာတတ်ပြီး တခါတရံ တရားလက်လွှတ်ဖြစ်တတ်ကြောင်းသိရသည်။

မြတ်စွာဘုရားသည် သီရိမာအသုဘကို အသုံးချပြီး လက်တွေ့တရား ဟောပုံ လွန်စွာ အတုယူဖွယ် ဖြစ်သည်။

ရာဂမီးကို အသုဘတရားက ငြိမ်းအေးစေနိုင်ကြောင်း လက်တွေ့ သာဓကကို သိရသည်။

## သင်ခန်းစာ

လူတို့သည် မိမိတို့၏ ပရိယေသနဝမ်းစာ ရှာမှီးရေးလုပ်ငန်းကို ယုတ်နိမ့်သည်ဟု သဘောထားပြီး ဘာသာ သာသနာရေးကို ကျော-မခိုင်းသင့်၊ ပြည့်တန်ဆာ သိရိမာသည် မြတ်စွာဘုရားအား ဆွမ်းကပ် တရားနာ၍ သောတာပန်ဖြစ်ခဲ့ဘူးသည့် ထုံးကို နှလုံးထား၍ မိမိမှည်သည့် အလုပ်ဖြင့် အသက်မွေးသည်ဖြစ်စေ ရတနာသုံးပ ါး ဆည်းကပ်ရန်မမေ့ ပါက ကောင်းကျိုးသုခ ရနိုင်သည်ပင် ဖြစ်သည်။

မြတ်စွာဘုရား လက်ထက်တော်ကာလက ဆွမ်းစားလိုက်ရန် အခွင့် အရေးကို စာရေးတံမဲချ၍ ပေးရာ၌ ဝါကြီး သံဃာထေရ်စဉ်ကို အဦး ထား၍ အခွင့်အရေး ပေးခဲ့သည်၊ ဤလုပ်ထုံးလုပ်နည်းကို ယခုခေတ်၌ သင်ခန်းစာယူ၍ ကျင့်သုံးသင့်ပေသည်။

သိရိမာအသုဘ၌ မြတ်စွာဘုရားနှင့် ရှင်ဘုရင် ပူးပေါင်း၍ တရား ပွဲကြီး တပွဲဖြစ်အောင် ဆောင်ရွက်ခဲ့သည်ကို သင်ခန်းစာယူသင့်၏။

မြတ်စွာဘုရားသည် ဘာသာရေး၌ ကြောင့်ကြမှုမနေပဲ တရား ဟောရမည့် အခွင့်အရေး (အကွက်ကောင်းကို) စောင့်ပြီး လက်တွေ့ ကျကျ တရားပြတတ်ကြောင်း သိရိမာတရားပွဲမှ သင်ခန်းစာယူနိုင်သည်။

အချစ်ကိစ္စ ရာဂမီးကို အသုဘရှုသည့်တရားက ငြိမ်းအေးစေနိုင် သည်ကို သင်ခန်းစာ ယူသင့်၏။

ယခုကာလ၌ အသုဘရှုလေ့မရှိသော ရဟန်းသံဃာအချို့၌ မည်သို့ သော ကိလေသာရန်သူများ ဝင်ရောက်ဖျက်ဆီးနိုင်ကြောင်း သတိပြု၍ သင်ခန်းစာယူရမည်။

ရဟန်းလောက သာသနာ သန့်ရှင်း တည်တံ့ ပြန့်ပွားရေးအတွက် အာဏာစက်ကိုချည်း အားမကိုးပဲ ဘုရားပေးသည့် တရားနည်းလမ်း ကိုပါ ဖက်ပြီး အသုံးပြုရန် လိုအပ်ကြောင်း ဤဝတ္ထုမှ သင်ခန်းစာ ကောင်းရပေသည်။

## ဓမ္မပဒဝတ္ထု စကားပြေ အရေးအသား

ဇနတ္တပကာသနီ ကောက်နုတ်ချက်ပါ မြန်မာစကားပြေ အရေး အသားနှင့် ယခုဓမ္မပဒဝတ္ထု စကားပြေအရေးအသားတို့ကို နှိုင်းယှဉ်လေ့ လာကြည့်ပါ။

ဇိနတ္ထပကာသနီ စကားပြေက စာဟန်စာသွား ချောသည်၊ ညက်သည်၊ မြန်မာစာ ပီသကောင်းမွန်လှသည်၊ ဓမ္မပဒဝတ္ထု စကားပြေက ထောင့်ထောင့်အောင့်အောင့် ဖြစ်နေပြီး မချောညက်၊ ပါဠိဘာသာပြန် လိုလို ဖြစ်နေသည်။

ဤသို့သော ခြားနားချက်ကို မိမိကိုယ်တိုင် သိရှိအောင် လေ့လာပါ၊ ဤသို့လေ့လာခြင်းသည် မြန်မာစာတော်ရေးအတွက် အထောက်အကူ ဖြစ်ပါသည်။

**အဖွဲ့အနွဲ့များ**

'တဏှာရာဂ၊ အဿာဒအားဖြင့် (လ)မြတ်စွာဘုရားသခင်သည်' အထိ ဘုရားဘွဲ့ဖြစ်သည်။ ကာရန်ပါသည်၊ ကဗျာသဘောနှင့် စကားပြေ သဘော ရောနှောရေးသားထားသည်။

ဤဘုရားဘွဲ့ကို လေ့လာထားပါ၊ သို့မဟုတ် ကျက်ထားပါ။

'မှိုင်းညို့ညို့ (လ)ဝေဠုဝန် မင်းကျောင်း' အထိ၊ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းဘွဲ့ ဖြစ်သည်၊ ကာရန်ယူ ရေးထား၍ ကဗျာဆန် သည်။

သိရိမာအသက်ရှင်စဉ်က ချောကြောင်း, လှကြောင်း, အဖိုးတန် ကြောင်းနှင့် သေ၍ လေးရက်မြောက်နေ့၌ ပုပ်ပွနေပုံ၊ ဘယ်သူမျှမလို ချင်ပုံ နှိုင်းယှဉ်လေ့လာပါ။

သိရိမာ သောတာပန် ဖြစ်သောတရားနှင့် သိရိမာကို ကြိုက်သော ရဟန်းငယ် သောတာပန် ဖြစ်သောတရားတို့ကို လေ့လာထားပါ။

**လေ့ကျင့်ရန်**

(၁) မြတ်စွာဘုရားဘွဲ့ ဖြစ်သော တဏှာရာဂ, အဿာဒ စသည်ကို စကားပြေပြန်ပါ။

(၂) ဘုရားရှင်လက်ထက်က 'အဠကဘာတ်' အကြောင်းကို နားလည် အောင် ပြန်ရေးပြပါ။

(၃) သိရိမာနှင့် စပ်လျဉ်း၍ 'အလှသည် အနိစ္စ' ဟူသော ခေါင်းစဉ်ဖြင့် စာစီစာကုံးရေးသားပါ။

(၄) မြတ်ဗုဒ္ဓခေတ် သုသာန်သင်းချိုင်းများအကြောင်း ရေးပါ။

(၅) သီရိမာကို စွဲလမ်းပြီး ကိလေသာငန်းဖမ်းနေသော ရဟန်းငယ်၏ အပြုအမူများမှာ သနားစဖွယ်လော, ရယ်ဖွယ်လော အကြောင်းပြ ရေးသားပါ။

(၆) ယခုခေတ်တွင် မြတ်စွာဘုရားကို အတုယူပြီး လက်တွေ့တရားဟောပြော သာသနာပြုဖို့ လိုအပ်ကြောင်း ထောက်ခံရေးသားပါ။

(၇) ကိုးပေါက်ဒွါရ အမာ၀ရှိသော လူ့ခန္ဓာကိုယ်အကြောင်းကိုရေးပါ။

# ကုမ္ဘဃောသက သဋ္ဌေးသား ဝတ္ထု

အနှစ်ချုပ်

မြတ်စွာဘုရား ရာဇဂြိုဟ်၊ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးစဉ် ကုမ္ဘဃောသက သဋ္ဌေးသားကို အကြောင်းပြုပြီး 'ထကြွလုံ့လ ရှိရမည်' စသော တရားကို ဟောတော်မူ၏။

ကုဋ္ဌေလေးဆယ် သဋ္ဌေးလင်မယား ရင်နာကျ၍ သေရာတွင် သား ငယ်သည် အသက်လွတ်အောင် ပြေးခဲ့ရ၏။ ပစ္စန္တရစ်ရွာ၌ တဆယ့်နှစ်နှစ် နေပြီး ပြန်လာရာ သူ့ကို မည်သူမျှ မမှတ်မိကြ။ သဋ္ဌေးသားသည် ယခုအခါ ဥစ္စာကုဋ္ဌေလေးဆယ်ကို ဖော်ယူ သုံးဆောင်ပါက ဖမ်းဆီး နှိပ်စက်ခံရမည်ဟု တွေးမိ၍ ဆင်းရဲသား အခစား အမှုလုပ်အသွင်ဖြင့် ရွာဆော်လုပ်၍ နေ၏။

တနေ့တွင် ဗိမ္ဗိသာရမင်းသည် ထိုလုလင်၏ အသံကို ကြားသောအခါ "ဥစ္စာရှင်၏ အသံတည်း"ဟု ပြော၏။ စုံစမ်းသောအခါ အထိန်းကျန် ဆင်းရဲသား ဖြစ်နေ၏။ နောက် သူ့အသံကို ကြားရပြန်သောအခါလည်း ဘုရင်က အထက်ပါအတိုင်း မှတ်ချက်ပြု၏။ ကိုယ်လုပ်တော်မသည် အကြောင်းထူး သိရအောင် စုံစမ်းမည်ဟု ဘုရင့်ထံ ခွင့်တောင်းပြီး သမီးကို ခေါ်၍ ဆင်းရဲသူမအသွင်ဖြင့် လုလင်ရှိရာသို့ သွားကြ၏။

ခရီးသွားဖြစ်၍ တညတာ တည်းခိုခွင့်ပြုရန် လုလင်ထံ အတင်း ခွင့် တောင်းပြီး တည်းခို၏။ လုလင်(ကုမ္ဘဃောသက) အလုပ်သွားသော အခါ ကောင်းမွန်စွာ ချက်ပြုတ်၍ ပြန်လာသောအခါ ကျွေး၏။ လုလင်မှာ အစားကောင်း စားရ၍ ညှို့သည်သားအမိကို အတင်းမနှင်ပဲ လက်ခံ ထား၏။ နောက်တနေ့ လုလင် အလုပ်သွားသောအခါ သူအိပ်သော ညောင်စောင်း၌ အပေါင်ကို ဖျက်ထား၏။ ည လုလင်အိပ်သောအခါ ပြိုကျ၏။ အိမ်စောင့်မရှိ၍ အိမ်နီးပါး ကလေးတွေဖျက်သည်ဟု ညှို့သည် မိန်းမက ပြော၏။

လုလင် စိတ်ပျက်နေစဉ် သမီးကို အိပ်ရာပြင်ခိုင်းပြီး လုလင်နှင့်အတူ အိပ်စေ၏။ ဤသို့ဖြင့် ကုမ္ဘဃောသက အိမ်ထောင်ကျလေ၏။ မောင်းမက တိတ်တဆိတ်လျှောက်သဖြင့် ဘုရင်က အိမ်၌ သဘင်မပြုလျှင် ဒဏ်ရိုက်မည်ဟု ပြော၏။ ယောက္ခမက ငွေရှာခိုင်းသဖြင့် လုလင်သည် ကုဋေလေးဆယ် မြှုပ်ထားရာမှ တသပြာ တိတ်တဆိတ် သွားယူပြီး ယောက္ခမအား ပေး၏။ နောက်ဆက်၍ သုံးသပြာထိ ယူပေးမိ၏။

တနေ့တွင် ဘုရင်က ကုမ္ဘဃောသကကို မင်းအာဏာဖြင့် အခေါ် လွှတ်၏။ မင်းက အသပြာငွေတွေကို ပြပြီး ဘယ်ကရသနည်းဟု မေး၏။ လုလင်သည် ငြင်းသော်လည်း ယောက္ခမ မောင်းမနှင့် သမီးသည် နန်းသူ အဝတ်အစားဖြင့် ဝင်လာ၍ သူတို့လက်ချက်မှန်း သိတော့၏။ ဘုရင်က အဘယ့်ကြောင့် ဥစ္စာငွေကို လျှို့ဝှက်ထားရသနည်းဟု မေးသော် "အားကိုးရာ မရှိပါ"ဟု လျှောက်၏။ ဘုရင်က ငါသည် သင်၏ အားကိုးရာ ဖြစ်ပေအံ့ဟု မိန့်ပြီး လှည်းပေါင်း များစွာဖြင့် ဥစ္စာတို့ကို ထုတ်ယူစေ၏။ ကုမ္ဘဃောသကအားလည်း သဌေးအရာ ပေး၏။

ဘုရင်က ထိုလုလင်အကြောင်းကို မြတ်စွာဘုရားရှင်အား လျှောက်၏။ မြတ်စွာဘုရားက တရားသဖြင့် အသက်မွေးခြင်းသည် ကောင်း၏။ သူတပါးပစ္စည်းကို မခိုးရာ။ စီးပွားပျက်လျှင် လယ်ထွန်ခြင်း၊ အခစား လုပ်ခြင်းဖြင့် အသက်မွေးရာ၏။ လုံ့လ သတိရှိခြင်း၊ သန့်ရှင်းသောအမှု ရှိခြင်း၊ စူးစမ်းဆင်ခြင်ခြင်း၊ စောင့်စည်းခြင်း၊ တရားသဖြင့် အသက် မွေးခြင်း၊ မမေ့မလျော့ခြင်း ရှိသူအား စည်းစိမ်တိုးပွား၏ဟု ဟောတော် မူလေသည်။

## သော့ချက်စကားလုံးများ

မြတ်စွာဘုရား၊ ဝေဠုဝန်၊ ရာဇဂြိုဟ်၊ သဌေး၊ ရင်နာ၊ သားငယ်၊ ကုဋေလေးဆယ်၊ ပစ္စန္တရစ်ရွာ၊ တဆယ့်နှစ်နှစ်၊ မမှတ်မိ၊ ထုတ်ဖော်၊ ညှဉ်းပမ်း၊ အခစား၊ ခရီးမ၊ ထမင်းအခါ၊ စိစစ်လှည့်လည်ကြား(ရွာဆော်)၊ ဗိမ္ဗိသာရမင်း၊ အသံ၊ ဥစ္စာရှိ ယောကျ်ား၏အသံ၊ ကိုယ်လုပ်မောင်းမ၊ စေလွှတ်၊ အထီးကျန်၊ တထောင်၊ သမီး၊ အဝတ်ညစ်၊ ညှော်သည်၊ ကုမ္ဘဃောသကအိမ်၊ တည်းခို၊ ထမင်းချက်၊ စိတ်နူးညံ့၊ ညောင်စောင်း၊ အဘောင်ဖျက်၊ တွဲလွဲ၊ ရွာသူသားငယ်၊ ကြိုးဖြတ်၊ မြေကြီး၌ကျ၊ သင့်

မောင်ကြီး၊ ညောင်စောင်းတခုတည်း၊ ငို၊ ထိမ်းမြား၊ သဘင်၊ ဒဏ်၊ ကြေးမြို၊ အသပြာတခု၊ အသပြာသုံးခု၊ မင်းထံပို့၊ မင်းကြီးခေါ်၊ အသွင်ကိုလဲ၊ လှည့်ပတ်၊ တန်ဆာဆင်၊ အားကိုး၊ အရာမကသောလှည်း၊ သဌေးအရာပေး၊ တည်ကြည်၊ ဥပါယ်တမျဉ်၊ အသက်မွေး၊ ခိုး၊ လယ်ထွန်အခစား၊ လုံ့လ၊ သတိ၊ သုစိ၊ နိသမ္မကာရီ၊ သညတ၊ ဓမ္မဇီဝိ၊ အပ္ပမတ္တ၊ သောတာပတ္တိဖိုလ်။

| သတ်ပုံ | မှန် | မှား |
| --- | --- | --- |
| | သဌေး | သူဌေး၊ သေဌေး |
| | ရုံခမဂမိုရ် | ရန်ခမဂမို |
| | ပစ္စန္တရစ် | ပစ္စန္တရာဇ် |
| | ဆံမုတ်ဆိတ်ကျင်စွယ် | — |
| | လုလင် | လုင် |
| | ဗိမ္ဗိသာရ | |
| | ညစ်နွမ်း | |

ခက်ဆစ်အဓိပ္ပာယ်

| | |
| --- | --- |
| မကိုဋ်(ပါသက်) | အထွတ်၊ ခေါင်းဆောင်းတန်ဆာ။ |
| ဘဝန္တဂူ(ပါ) | (ဘဝ+အန္တ+ဂူ) အစအဆုံး နိဗ္ဗာန်သို့ရောက်သူ။ |
| မြစ်ဖျား | အထွတ်အမြတ်၊ အခေါင်အဖျား။ |
| ရိပ်မြုံ(ပေါ်) | နေရာ |
| ကျိန်း=ကိန်း= | နေသည်။ |
| စံပယ်(ပေါ်) | တင့်တယ်စွာနေခြင်း။ |
| မဂဓိုရ်(မဂဓ) | မဂဓတိုင်း။ |
| အဟိဝါတ(ပါ) | ကပ်ရောဂါတမျိုး။ |
| ရင်နာ | ကပ်ရောဂါတမျိုး။ |
| ပမာဏ(ပါ) | အတိုင်းအရှည်။ |
| ပစ္စန္တရစ် | အလွန် အစွန်အဖျား ကျသောအရပ်၊ |
| ကျင်စွယ် | နှုတ်ခမ်းမွေး၊ |
| ခရီးမ | အများသွားသော လမ်းကြီး၊ လမ်းကျယ်၊ |
| နွားက | လှည်း၌ နွားကိုတပ်ခြင်း၊ |

| | |
|---|---|
| **မောင်းမ** | ဘုရင့်ကိုယ်လုပ်တော်၊ |
| **ဟုတ်ဟုတ်ညားညား** | ပေါ်စွ၊ လျော်စွ၊ ပေါ့ပျက်ပျက်၊ |
| **အထီးကျန်** | သူဆင်းရဲ၊ |
| **အိမ်ဈေး** | အိမ်အနီးအနား ရွာဈေး၊ |
| **အဘောင် (အပေါင်)** | ခုတင်ခြေ၌ တပ်ထားသောကန်း၊ |
| **သရာဝါသ (ပုါ)** | အိမ်တည်းဟူသော နေရာ၊ |
| **ဥပါယ်တမျဉ်** | အကြောင်းရပ်တမျိုး၊ |

**မှတ်သားဖွယ်**

(၁) မြတ်စွာဘုရားလက်ထက် ရာဇဂြိုဟ်ပြည်၌ 'ရင်နာ'ခေါ်သော ကပ်ရောဂါတမျိုး ကျရောက်ခဲ့ဖူးကြောင်း ထိုရောဂါသည် ကူးစက်တတ်သဖြင့် ရောဂါသည်များ လွတ်ရာပြေးနိုင်မှ ချမ်းသာရာ ရကြောင်း သိရသည်။

(၂) ကုမ္ဘဃောသကသဌေးသားသည် မိမွေ့ ဖမွေ့ ကုဋေလေးဆယ် ဥစ္စာကြွယ်ဝပါလျက် အခြေအနေကို ကောင်းစွာ သုံးသပ်၍ ပစ္စည်းဥစ္စာကို ထုတ်ယူခြင်းမပြုပဲ ဆင်းရဲသားဟန်ဆောင်၍ နေကာ အားကိုးမှီခိုရာကို စောင့်မျှော်နေခဲ့၏။

(၃) ထိုခေတ် ရပ်ရွာကိုဆော်ဩရသော 'ရွာဆော်' ရှိခဲ့ကြောင်း သိရ၏။

(၄) ဗိမ္ဗိသာရမင်းသည် အလုံးစုံသောသူတို့၏ အသံ၌ သိတတ်သောသဘောရှိ၏၊ ကြားရသောအသံကို ခွဲခြမ်းစိတ်ဖြာ ဆင်ခြင်၍ အသံရှင်၏ အခြေအနေကို အတတ်သိနိုင်သော အသိဉာဏ်ထူး ဖြစ်၏၊ အံ့ဩဖွယ်ပညာ ဖြစ်၏။

(၅) မင်းမောင်းမသည် ကုမ္ဘဃောသက အခြေအနေမှန်ကို ဖော်ထုတ်ခြင်းသည် ယခုခေတ် ထောက်လှမ်းရေး လုပ်ငန်းမျိုး ဖြစ်၏။

(၆) စားကောင်း သောက်ဖွယ်များသည် လူ၏စိတ်ဓာတ်ကို ဆွဲဆောင်နိုင်စွမ်းရှိကြောင်း သိရ၏၊ ကုမ္ဘဃောသကသည် မွှန်မြတ်သောအစာကို စားရသဖြင့် ထိုမိန်းမနှစ်ဦးအပေါ် စိတ်ထားနူးညံ့လာပုံကို ထောက်ရ၏။

(၇) မြတ်စွာဘုရားသည် ခိုးဖွက်လိမ်ကောက် မတရား အသက်မွေးမှုကို ရှုတ်ချ၏၊ ဆင်းရဲလျှင် လက်လုပ်၊ အခစားလုပ် အသက်မွေးခြင်းသည် မြတ်၏ဟု နည်းလမ်းပြ၏။

(၈) လုံ့လရှိခြင်း၊
သတိရှိခြင်း၊
စင်ကြယ်ခြင်း၊
စူးစမ်းဆင်ခြင်တတ်ခြင်း၊
စောင့်စည်းခြင်း၊
တရားသဖြင့် အသက်မွေးခြင်း၊
မမေ့မလျော့ခြင်း၊

ဤ (၇) မျိုးကို ယသဝဓုနတရား (စည်းစိမ်ဥစ္စာ အရာအထူး ကျေးဇူးသတင်း ကျော်စောခြင်းတရား)ဟူ၍ မှတ်အပ်၏။

**သင်ခန်းစာ**

(၁) မိဘတို့သည် မသေခင် အမွေခံ သားသမီးများအား အမွေခံ ပစ္စည်းများ ပြောကြားရမည်၊ ခွဲဝေပေးရမည်။
(၂) အသက်ဘေး တကယ်ကြုံလာလျှင်(ကိုယ်ပါသေမည် အတူတူဖြစ်လျှင်၊ (သူတပါးလည်း မကယ်နိုင်လျှင်) ကိုယ်လွတ်ရုန်း ပြေးရမည်။
(၃) ပစ္စည်းရှိသော်လည်း ကိုယ့်ပမာဏ ကိုယ်နားလည်ရမည်၊ အခြေအနေကို သုံးသပ်တတ်ရမည်၊ အချိန်မကျသေးလျှင် ပေါ်လွှင်အောင် မပြုရ၊ အခွင့်ကောင်း အခါကောင်း အပိုကောင်းကို စောင့်ရမည်၊ သို့မှသာ ဘေးကင်းရန်ကွာ ချမ်းသာမည်၊ စဉ်းစားဉာဏ် ရှိရမည်။
(၄) ယုံကြည်ထိုက် လေးစားထိုက်သူ(**ပညာရှိ**)စကားကို ပေါ့ပေါ့ တန်တန် သဘောမထားရ၊ တနည်းနည်းဖြင့် လိုက်နာ ဆောင်ရွက်ရမည်။
(၅) လျှို့ဝှက်ကိစ္စများကို ထောက်လှမ်းရေး နည်းလမ်းများဖြင့် ဖေါ်ထုတ်ရမည်။
(၆) ကောင်းမွန်သော အစားအသောက်သည် လူကိုဆွဲဆောင်နိုင် သည်၊ မိမိကဆွဲဆောင်ချင်သူကို အစားကောင်းကောင်း

ပေးကျွေးဆွဲဆောင်နိုင်သည်၊ မိမိအား သူတပါးက အစားဖြင့် ဆွဲဆောင်လာလျှင် သတိပြုရမည်၊ (ယခုခေတ်၌ ထမင်းလခ ပေးစားခြင်း၊ ဆွမ်းလခ ပေးစားခြင်းမျိုး သတိပြုရသည်။)

(၇) မင်းမောင်းမ (အမေ) ကဲ့သို့ ဉာဏ်များသူကို သတိပြုတတ် ရသည်၊

(၈) ဗိမ္ဗိသာရမင်းကဲ့သို့ ချီးမြှောက်ထိုက်သူကို အတွင်းပြု ချီးမြှောက်တတ်ရသည်၊ သို့မှ မိမိ၏ ဘုန်းကျက်သရေ အခြံအရံ တိုးပွားသည်။

(၉) မရှိလျှင် ခိုးမစားနှင့် ရိုးရိုးသားသား လုပ်စားပါ။

(၁၀) ကုမ္ဘဃောသကလို တည်ကြည်သောသူဖြစ်ဖို့ ကြိုးစားပါ။

## ဆိုလိုချက်

အခြေအနေအရပ်ရပ်ကို သုံးသပ်ဆင်ခြင်တတ်ရမည်၊ ပေါ်လွင်မှုပြုရန် အချိန်မတန်က ငုပ်လျှိုးဖုံးကွယ်နေရမည်၊ မာန်မာနမထားရ၊ တရားသဖြင့် အသက်မွေးရမည်၊ လုံ့လ၊ ဝီရိယ၊ သတိ အဆင်အခြင်ရှိရမည်၊ ဤသို့ နေလျှင် စည်းစိမ်ဥစ္စာ အရာအထူး ကျော်စောခြင်း ဖြစ်လိမ့်မည်။

## လေ့ကျင့်ရန်

(၁) ဝေဠုဝန်ကျောင်းတော်အကြောင်း သိသမျှ ရေးပါ။

(၂) သဌေးလင်မယား၊ မိဘနှစ်ပါး၏ မိဘမေတ္တာ ပေါ်လွင် အောင် ရေးပြပါ။

(၃) ကုဋေလေးဆယ် သဌေးသားသည် မိုက်သလော၊ လိမ္မာ- သလော၊ သိသာအောင် ရှင်းပြပါ။

(၄) ဗိမ္ဗိသာရမင်း၏ ချီးမွမ်းဖွယ်များကို ဖော်ပြပါ။

(၅) အခစားလုလင် (ရှာဆော်) ကလေး၏ ရိုးသားမှု ပေါ်လွင် အောင် ဖော်ပြပါ။

(၆) မင်းမောင်းမ၏ စုံထောက်ဉာဏ်ကို သိသာအောင် ဖော်ပြပါ။

(၇) စားကောင်း သောက်ကောင်းများ (ရသာရုံ)၏ စွမ်းအား ကို ကုမ္ဘဃောသကဝတ္ထုကို မှီး၍ သင်ခန်းစာယူပြပါ။

(၈) ကုမ္ဘဃောသကလုလင် မင်းထံရောက်ရပုံကိုသရုပ်ဖော်ရေးပါ။

(၉) 'အရှင်မင်းမြတ် အကျွန်ုပ်ကား အားကိုးမှီခိုရာ မရှိပါ' ဟု ကုမ္ဘဃောသက လျှောက်ထားသော စကားပေါ်လွင်အောင် စကားစပ်ဖြည့်ရေးခဲ့ပါ။

(၁၀) လူများ အသက်မွေးခြင်းနှင့် ပတ်သက်၍ ဘုရားပေးသော နည်းလမ်းကို ဖော်ပြပါ။

(၁၁) အသင်သည် ဘဝတလျှောက်လုံး၌ စည်းစိမ်ဥစ္စာ အရာအထူး ကျေးဇူးသတင်း ကျော်စောခြင်း ရှိလိုပါက မည်သို့ကျင့်ကြံ အားထုတ်သွားရပါမည်နည်း။

(၁၂) မြတ်စွာဘုရားသည် လောကုတ္တရာရေး သက်သက်ကိုသာ ဟောသည်၊ လောကီ ကြီးပွားချမ်းသာရေးကို မဟော-ဟု တစုံတယောက်က ပြောလျှင် ထိုသူအား အမြင်မှန်ရအောင် မည်သို့ရှင်းပြရမည်နည်း၊ ကြိုးစားဖြေကြည့်ပါ။

# အခန်း ၄

## အထွေထွေ

### အနှစ်ချုပ်ရေးနည်း

#### သံခိပ်ရေးနည်း

အနှစ်ချုပ်ရေးသားနည်းသည် စာပေလေ့လာ တတ်မြောက်ရေးတွင် လွန်စွာထိရောက်သော နည်းကောင်းတမျိုး ဖြစ်၏။ အဖတ်, အရေး, အမြင် ရှင်သန်သွက်လက် လာစေမှုအတွက် မှန်ကန်လာသောစနစ်လည်း ဖြစ်သည်။

စာဖတ်ရာ၌ သတိရှိရှိ၊ မျက်စိရှင်ရှင်၊ ဖတ်တတ်လာအောင် ဤ အနှစ်ချုပ်ရေးသားနည်းစနစ်က အကျိုးပြုသည်။ စာရေးရာ၌ ထိထိမိမိ တိုတိုတုတ်တုတ်ဖြင့် တဘက်သားစိတ်ကို စွဲငြိသွားအောင် ရေးသား တတ်ချင်လျှင် ဤအနှစ်ချုပ်ရေးသားနည်းစနစ်ကို လေ့လာမှုဖြစ်မည်။

ဤသို့လေ့လာရင်းဖြင့် မျက်စိရှင်သူ သွက်လက်လာသူသည် နေ့စဉ်ဘဝ ပြဿနာများ ဖြေရှင်းရေးအတွက်လည်း အကျင့်ကောင်း အထုံကောင်းကို ရရှိသိမ်းပိုက်ပြီးသူ ဖြစ်နေတတ်ပေသည်။ ပြဿနာ၏ အရေးကြီးသော အဓိကအစိတ်အပိုင်းကို နှိုက်၍ ကြည့်တတ်လာသည်။ အကြောင်းအကျိုး ကွင်းဆက်ကို အမျှင်မပြတ် မြင်တတ်လာသည်။ ပြဿနာနှင့်ပတ်သက်၍ ဘာလုပ်သင့်သည်၊ ဘယ်ကို ကျော်လွှားရမည် ဆိုသည်ကိုလည်း မြန်မြန် နှင့်မှန်မှန် တွေးဆဆုံးဖြတ်နိုင်သော စွမ်းရည်ထူးကို ရရှိစေလေသည်။

သို့ဖြစ်သောကြောင့် ဤအနှစ်ချုပ်ရေးနည်းကို အခြေခံမှ အထက်တန်း ခရီးလမ်း တလျှောက်လုံး လက်သုံးပြု လေ့လာသင့်ပေသည်။ ဤရေးနည်းကို သံခိပ်ရေးနည်းဟု(ပါဠိဆံဆံ)ခေါ်သည်အင်္ဂလိပ်ဘာသာ အားဖြင့်မူ(          )ပရက်စ်ရိုက်တင်းဟု ခေါ်လေသည်။ အကျဉ်းချုပ်ရေးနည်း၊ အဓိပ္ပာယ်ချုပ်ရေးနည်း ဟုလည်း ခေါ်နိုင်ပေသည်။

## အနှစ်ချုပ်မည်သို့ရေးမည်နည်း

ကျမ်းဂန်တခုကိုဖြစ်စေ၊ စာတအုပ်ကိုဖြစ်စေ၊ စာစောင် ဆောင်းပါးတခုကို ဖြစ်စေ၊ စာပိုဒ်တခု၊ ဝါကျရှည်တခုကို ဖြစ်စေ အနှစ်ချုပ်ရေးသားနိုင်ပေသည်။

## အနှစ်ချုပ်အဓိပ္ပာယ်

အနှစ်ချုပ်ဟူသည် ပေးထားသောစာပိုဒ်၏ အရေးကြီးသော အနှစ်သာရပိုင်းမျှကို စာလုံးနည်းနည်းဖြင့် ပြန်လည်ရေးပြခြင်းမျိုးဖြစ်သည်။

ဘယ်လောက် အကျဉ်းချုပ်လိုက်ရမည်နည်းဆိုသော် ပေးထားသော စာပိုဒ်၏ သုံးပုံတပုံနှင့်ချို့ယူရပေမည်။ ဥပမာ–ပေးထားသောစာပိုဒ်တွင် စာလုံးရေ (၁၀၀)ပါသည် ဆိုပါလျှင် (၃၃)လုံးထက် မပိုအောင် ပြန်လည်ချုံ့၍ ရေးရမည်။ ပိုလျှင် လက်သင့်မခံကြပေ။ အကယ်၍ အဓိပ္ပာယ်စုံလျှင် (၃၃)လုံးအောက် လျော့နည်းနိုင်သည်။ အလုံး ၂၀ ခန့်အထိ လျော့ချနိုင်၏။ ဆိုလိုသည်မှာ မူလစာပိုဒ်တွင် စာလုံးရေ (၁၀၀)ရှိက မိမိရေးသော အကျဉ်းချုပ်သည် စာလုံးရေ (၂၀)လောက်ရှိနိုင်ပေသည်။ တိုအောက်နည်းလျှင်မူကား မူလပေးထားသော စာပိုဒ်၏ အဓိပ္ပာယ် အနှစ်သာရပေါ်အောင် ရေးစီနိုင်တော့မည် မဟုတ်ပေ။ ယခုကဲ့သို့ စာလုံးသတ်မှတ်ချက် စနစ်သည် ကမ္ဘာအများစု နိုင်ငံများ၌ လက်ရှိအသုံးပြုလျက်ရှိသည့် စနစ်ဖြစ်သည်။ စိတ်ချယုံကြည်စွာ အသုံးပြုရမည့်နည်း ဖြစ်၏။

## အနှစ်ချုပ်စာဖတ်နည်း

အကျဉ်းချုပ်ရေးရန် စာဖတ်ခြင်းသည် ရိုးရိုးစာဖတ်ခြင်း မျိုးနှင့် မတူချေ၊ မျက်စိမျက်နှာဝင့်၍ ခပ်ရှမ်းရှမ်း ဖတ်သွား၍ မဖြစ်ပေ။ မျက်စိက စာမှာ စိတ်က တောရောက်၊ တောင်ရောက် ရောက်နေ၍လည်း မရပေ၊ စိတ်စိုက်၍ စနစ်တကျ ဖတ်ရှုရပေသည်။

စနစ်တကျ ဖတ်နည်းမှာ အနှစ်ချုပ်ရေးရန် စာပိုဒ်တခုကို ပေးထားသည်ဆိုပါစို့ ထိုစာပိုဒ်ကို ပထမဦးစွာ အစမှအဆုံးအထိ ခပ်သွက်သွက် ဖတ်ချလိုက်ရသည်။ ဖတ်ရင်းစာပိုဒ်က ဆိုလိုသည့် အဓိပ္ပာယ်ချုပ်ကို စဉ်းစားကြည့်ရသည်။ တခေါက်နှင့် အဓိပ္ပာယ်မပေါ်လျှင် ထပ်ကာထပ်ကာ ပြန်ဖတ်ရသည်။

ထို့နောက် တဝါကျစီ၊တကြောင်းစီ၊တပုဒ်စီ၊ စကားတလုံးစီ၊တွေးဆရှုမြင်သောစိတ်ဖြင့် အသေးစိတ်ဖတ်ရလေသည်။

စာပိုဒ်တခုတွင် သော့ချက်ဝါကျ၊ သော့ချက်စကားစု၊ သို့မဟုတ်၊ သော့ချက်စကားလုံး ပါရှိမြဲဖြစ်၏။ ထိုအရေးကြီးသော သော့ချက်သည် စာပိုဒ်၏အစမှာ ဖြစ်စေ၊ အလယ်မှာဖြစ်စေ၊ အဆုံးမှာဖြစ်စေ၊ ရှိနေတတ်၏။ ထိုသော့ချက်ကို ဖတ်ရင်း ရှာကြည့်တတ်ရသည်။ မျက်စိရှင်ရန်လို၏။ ထိုသော့ချက်ကို တွေ့မြင်အောင် အသေးစိတ်ဖတ်ရခြင်း ဖြစ်သည်။

မူရင်းစာတွင် ကိုယ်နားမလည်သော စကားလုံး၊ နဝေတိမ်တောင်ကွေ့လည်ကြောင်ပတ် မရှင်းမလင်းသော စကားလုံးမျိုး ပါရှိတတ်သည်။ ထိုစကားမျိုးကို ခပ်ပေါ့ပေါ့ ပစ်ထားခဲ့မိတတ်၏။ တခါတရံတွင် ထိုနားမလည်သော စကားလုံးက စာတပိုဒ်လုံး၏ သော့ချက် ဖြစ်ချင်ဖြစ်နေတတ်၏။

သို့ဖြစ်၍ အကျဉ်းချုပ် စာဖတ်နည်းတတ်ရန် အသေးစိတ်မြင်တတ်မှု၊ သေချာစွာရှိရန် လွန်စွာလိုပေသည်။ ရှမ်းတတ်သူများနှင့် ဓမ္မာသောက ဆန့်ကျင်လှ၏။ တနည်းအားဖြင့် ရှမ်းတတ်သူများ၊ မရှမ်းအောင် ပြုပြင်ပေးသောနည်း ဖြစ်သည်။

ထို့ပြင် မူလစာကို ဖတ်ရှုသွားရင်း ကိုယ့်စိတ်ထဲက ခေါင်းစဉ်တပ်ကြည့်သင့်သည်။ သူ့မူရင်းခေါင်းစဉ်ပါလျှင် ထို ခေါင်းစဉ်ကလည်း လုံလောက်လျှင် ခေါင်းစဉ်အတွက် အထူးစဉ်းစားရန်မလို၊ ခေါင်းစဉ်မပါက ကိုယ်ပိုင်ခေါင်းစဉ်တပ်နိုင်ရန် တွေးဆကြည့်ရမည်ဖြစ်သည်။

ထိုသို့ စနစ်တကျဖတ်ရင်း အရေးကြီးမည်ထင်သော စာကြောင်း စာလုံးများကို မျဉ်းသား၍ မှတ်သားအပ်ပေသည်။ မျဉ်းဆွဲမထားလျှင် ထပ်ရှာရပါက အချိန်ကုန်ပေသည်။ စာမေးပွဲဖြေစဉ်မျိုးဖြစ်လျှင် အချိန်သည် ရွှေထက်အဖိုးတန်သောကြောင့် အချိန်ကုန် သက်သာမည့်နည်းကို ပါးပါးနပ်နပ် အသုံးချတတ်ရမည်ပင်။

## အနှစ်ချုပ်ရေးသားရန် ပြင်ဆင်နည်း

မြန်မြန်ဖတ်ခြင်း၊ အသေးစိတ်ဖတ်ခြင်း၊ အဓိပ္ပာယ် ပေါက်ခြင်း၊ သော့ချက်မိခြင်း၊ ခေါင်းစဉ် စဉ်းစားခြင်းနှင့် မျဉ်းသား၍ မှတ်ခြင်း ကိစ္စများပြီးဆုံးပါက ကိုယ်ပိုင်အနှစ်ချုပ်စာသားကို ရေးရန် ပြင်ဆင်ရ ပေတော့မည်။ ပေးထားသော မူရင်းစာပိုဒ်တွင်-

ထပ်ကာထပ်ကာပါသော စကားများ၊
အကျယ်သရုပ်ဖော်ချက်များ၊
ဥပမာပုံစံများ၊

ပါဝင်ပါက မိမိ၏ အနှစ်ချုပ် အရေးအသားဟှင် ၎င်းတို့ကို ချန်ထားနိုင် ခဲ့သည်။

မိမိရေးသည့် ကိုယ်ပိုင် အနှစ်ချုပ်စာသားကို အောက်ပါ အရည် အသွေးများဖြင့် ပြည့်စုံအောင် ပြုလုပ်ရမည်။

### အနှစ်ချုပ်အတွက် လိုအပ်သော အရည်အသွေးများ

(က) ပေးထားသော မူလစာပိုဒ်ပါ စကားများကို ဖတ်ဆက် ခြင်းမျိုး၊ စပ်ဖါ့ရေးသားခြင်းမျိုး မဖြစ်စေနှင့်၊ ဤအချက်ကို အထူး သတိပြုရမည်။ အခြေခံတပည့်တို့သည် ဖြတ်ဆက်အကျဉ်းချုပ်၊ စပ်ဖါ အကျဉ်းချုပ်မျိုးကို ရေးမိတတ်သည်၊ ဖြတ်ဆက်နှင့် စပ်ဖါကို အထူး ရှောင်ရမည်။

( ခ ) ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်ဝါကျတည်ဆောက်နည်း၊ ကိုယ်ပိုင် အသုံးအနှုန်းမျိုးဖြင့်သာ အနှစ်ချုပ်ကို ရေးသားရမည်။ ဆိုလိုသည်မှာ 'လူလိမ္မာ' သားသမီးများသည် ယဉ်ကျေး၍ လူမိုက်သားသမီးများ ရမ်းကားတတ်သည်မှာ ဓမ္မတာတရပ်လိုပင် ဖြစ်၏-ဟု မူလစာပိုဒ်တွင် ရှိချေက 'မိဘကောင်းမှ သားသမီးကောင်းသည်' (ဂ-လုံး)ဟု ရေးချ နိုင်သည်။ သူ့မူလစကားတွင် ပါဝင်သော 'လိမ္မာ' ယဉ်ကျေး မိုက်- ရမ်းကားဟူသော ဝေါဟာရတွေကို ကူးမချပဲ ကိုယ့်စကားဖြင့် ရေး၏။ ဝေါဟာရကောင်း စကားလုံးကွဲသော်လည်း အဓိပ္ပာယ်ချင်းမှာ အတူတူ ပင်ဖြစ်၏။ သူ၏ ဝါကျရှည်ကြီးနှင့် မိမိဝါကျတိုကလေးမှာ မိဘနှင့် သားသမီး ဆက်သွယ်မှုချည်း ညွှန်ပြသည်။ အဓိပ္ပာယ် ထပ်တူကျနေ ပေသည်။

အထူးသတိပြုရန်မှာ မူရင်းစကားတွင် ကိုယ်မှနှစ်သက်သော အချက်အလက် အမှားအယွင်းများ ပါစေကာမူ မပြင်ဆင်ရပေ။ ထိုစာပိုဒ်၏ သူ့အရှိအတိုင်း အကျဉ်းချုပ်ရေးပေးရန်သာ ကိုယ့်တာဝန်ဟု ကြပ်ကြပ် သတိပြုပါ။

အကယ်၍ မူရင်းစာပိုဒ်ပါ စကားလုံးများသည် သော့ချက်ကျလှန်း ပြီး အစားထိုးစရာ စကားပရိယာယ်မရှိပါက သူ့ဝေါဟာရကိုပင် ပြန်-လည်အသုံးပြုနိုင်ပါ၏။ ဥပမာ-

'ကမ္ဘာပေါ်တွင် လုပသော ကျွန်းသစ်များထွက်သော နိုင်ငံတခုကို ညွှန်ပြပါဆိုလျှင် မြန်မာပြည်မှတပါး အခြားညွှန်ပြစရာ တိုင်းပြည်မရှိ-ချေ'။ (၃၉-လုံး) ဟူသော စာပိုဒ်မျိုးကို ကြည့်ပါ။

ဤစာပိုဒ်တွင် 'ကျွန်း' 'မြန်မာပြည်' ဟူသော စကားလုံးတို့သည် အစားထိုး ဖလှယ်၍ မရသော ဝေါဟာရမျိုး ဖြစ်နေသည်။ ထို့ကြောင့် သူတို့ကိုပြန်သုံးပြီး-

မြန်မာပြည်မှ အကောင်းစား ကျွန်းသစ်များသည် (၁၂-လုံး) ဟု အကျဉ်းချုပ် ရေးသားအပ်သည်။

(ဂ) အကယ်၍ ပေးထားသော မူရင်းစာတွင် အချက်အလက် များပြငးပါရှိပါက မိမိပြန်ရေးသည့် အကျဉ်းချုပ်၌ အချက်အလက် အလိုက် စာပိုဒ်ခွဲလိုက ခွဲနိုင်ပါသည်၊ သို့သော် အကျဉ်းချုပ် စာတခု လုံးသည် ဆက်စပ်မှု ရှိနေရပေမည်၊ အဓိပ္ပာယ် အနှစ်သာရတခုတည်းကို အခြေပြုနေစေရမည်။ တောင်တမျိုး မြောက်တဖုံ မဖြစ်စေရ၊ ပိပိရိရိ သေသေသပ်သပ် ရှိရမည်။

(ဃ) မူရင်းစာကျယ်ကို ဖတ်ရသောအဓိပ္ပာယ်နှင့် မိမိရေးထားသော အနှစ်ချုပ်ကို ဖတ်၍ပေါ်လာသော အဓိပ္ပာယ်တို့မှာ ထပ်တူထပ်မျှ ဖြစ်-စေရမည်၊ ကွဲပြားမှု မရှိစေရပေ၊ မိမိ၏ အကျဉ်းချုပ်ကို ဖတ်ပြီး အဓိပ္ပာယ်မပေါက်၍ မူရင်းစာကျယ်ကို ပြန်ကြည့်ရသည်ဟု ဘယ်တော့မှ မဖြစ်စေရပေ။

(င) မိမိအကျဉ်းချုပ်စာသားတွင် ဘန်းစကား၊ အရပ်စကားမျိုး မပါဝင်စေသင့်။

ဥပမာ-မျာကလေး၊ စံပဲ၊ အခြောက်၊ ထမင်းတုတ်သည်၊ ခေါင်း-ကွမ်းစားသွားမယ်၊ စသည်ကဲ့သို့သော စကားမျိုးကို စာကောင်းပေကောင်း ရေးရာ၌ရှောင်သင့်သည်။

(စ) မိမိအနှစ်ချုပ်စာဟန်၌ အကွန့်အညွန့် အဖွဲ့အနွဲ့ မပါစေရ ရိုးရိုးစင်းစင်း ရေးရမည်။ တိုက်ရိုက် တဲ့တိုးရေးရမည်။

မိမိလေးကို မြင်မိသူတိုင်း ပကတိသဘောအားဖြင့် ဆောက်တည်မနေနိုင်၊ စေတနာ ခမတ္တာတွေ ဒလဟောပြိုကျမြဲဖြစ်သည်ဟု ရေးမည့်အစား မိမိလေးကို လူတိုင်းချစ်ကြသည်-ဟု ရိုးရိုးစင်းစင်း ရေးရမည်။

(ဆ) သဒ္ဒါနည်း ကျနမှု မှန်ကန်ရမည်။

ကျောင်းသားတို့ တက်လမ်းကား ကျောင်းသားတို့ကိုယ်တိုင် ကြိုး-စားယူရမည့် လမ်းသာ ဖြစ်သည်။ သို့မဟုတ် ကျောင်းသားတို့သည် မိမိတို့တက်လမ်းကို မိမိတို့ကိုယ်တိုင် ကြိုးစားယူရမည် ဖြစ်သည်။ ဤသို့ စသည်ဖြင့် အအုပ်အခံ ကိုက်ညီသော ဝါကျမျိုးကို ရေးသင့်သည်။

(ဇ) အသုံးအနှုန်းမှာ မြန်မာစကားသုံး ကျရမည်။ ( ) ဖြစ်ရမည်။ မြန်မာမဟုတ်သူနှင့် မြန်မာ့ယဉ်ကျေးမှု မသိရှိသူများသည် စကားကို ဖြစ်ကတတ်ဆန်း ပြောတတ်ရာမှ စာကိုလည်း ဖြစ်ကတတ်-ဆန်း ရေးလာတတ်ကြသည်။

နံနက်အိပ်ရာထ မျက်နှာသစ်သည်ကို မျက်နှာရေဆေးသည် ဟု ပြောဆိုရေးသားသူကို သင်တို့တွေ့ဖူးပါ၏လော။

ရှင်ဘုရင် ယေသည်၊ ဘုန်းကြီး ထမင်းစားသည် ဆိုသော စကားမျိုးကို ကျောင်းသားများထဲသာမက ဆရာဆိုသူအချို့ပင် ပြောတတ်ကြသည်။ ဤသို့နားကလောစရာ ပြောတတ်ခြင်းမှာ မြန်မာယဉ်ကျေးမှုနှင့် မနီးစပ်ကြ၍ မြန်မာမဆံတတ်မှုကြောင့်ပင် ဖြစ်၏။ မိမိတို့အနေဖြင့် မြန်မာဆံသော စကားအသုံးမှန်များကို ရေးသား သုံးစွဲတတ်ဖို့ မြန်မာစင်စစ်များ၏ ပြောဟန်ရေးဟန်တို့ကို သတိထား ဖတ်မှတ်သင့်သည်။

(ဈ) သတ်ပုံ ရေးထုံးလည်း မှန်စေရမည်။

(က) ပန်းကန်ကို ပုဂံ ပဂံ-ဟု ရေးလျှင်၊
ထန်းလျက်ကို ထညက်-ဟု ရေးလျှင်၊
ကြိုးစားကို ကျိုးစား-ဟု ရေးလျှင်၊
အကျိုးအကန်းကို အကြိုးအကမ်း-ဟုရေးလျှင်၊

ရေးထုံး သတ်ပုံ မှားသည်။ ဤသို့ အရုပ်ဆိုးသော အမှားများ မမှား အောင် သတိပြုသင့်၏။

(ည) တိုက်ရိုက်ဝါကျ ( ) ကို အကျဉ်းချုပ်ရေးရန် လိုလားလျှင် သွယ်ဝိုက်ဝါကျ ( ) ဖြင့် ပြန်ရေးပေး ရမည်။

ဤသို့ သူတပါးပြော (သွယ်ဝိုက်ဝါကျ) အနေဖြင့် ပြန်ရေးရာ၌–

(က) ကြိယာတို့၏ ကာလအသုံးအနှုန်း မှန်ကန်ရန်။

(ခ) ကတ္တားစွဲ မှန်ရန် သတိပြုရမည်။

(ဋ) မိမိရေးပြီးသော အကျဉ်းချုပ် (အနှစ်ချုပ်)ကို အချော ပြန်ကိုင်ရမည်။ ပြန်လှန်စစ်ရေးရမည်။ ဤသို့ ပြန်လှန်ကြည့်ရှုခြင်းကို လုပ်ဖြစ်အောင် လုပ်ရမည်။

## ပြန်လည်ပေါင်းရုံးချက်

၁။ အနှစ်ချုပ်ရေးရမည့်စာကို ပထမ ကျကျနန ဖတ်ပါ။

၂။ နောက်အသေးစိတ် ကြည့်ပါ။

၃။ ထိုမိသော ခေါင်းစဉ် တပ်ကြည့်ပါ။

၄။ အရေးကြီးသော အချက်အလက် ရွေးနုတ်ပါ။

၅။ မူရင်းစာပိုဒ်၌ ပါရှိသော စကားလုံးများကို ရေတွက်ကြည့်ပါ။ ပြီးနောက် အနှစ်ချုပ်အကြမ်းရေးချပါ။ မူရင်း ၃-ပုံ ၁-ပုံထက် မပိုပါစေနှင့်။

၆။ ထိုအကြမ်းကို အောက်ပါအချက်များဖြင့် စစ်ဆေးကြည့်ပါ။

(က) ကိုယ်ပိုင်စကားလုံးများ သုံးထားရဲ့လား။

(ခ) သူ့မူရင်းကို ဖြတ်ဆက်တားခြင်းမျိုး ဖြစ်နေသလား။

(ဂ) မူရင်းကို ပြန်မဖတ်ရပဲ မူရင်းစာပိုဒ်က ဆိုလိုတဲ့အဓိပ္ပာယ် မိမိအနှစ်ချုပ်တွင် ပေါ်နေရဲ့လား။

(ဃ) မူရင်းစာပိုဒ်တွင် မပါသော အချက်အလက် အပိုထည့်ထား မိခြင်းမျိုး စကားလုံးများကို ဖွင့်ဆိုမိခြင်းမျိုး အမှားပြင်ထား ခြင်းမျိုး၊ ကင်းရဲ့လား၊ မူလပေးထားသော စာကျယ်ကို ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စာကျဉ်း ပြန်လုပ်ထားရုံ သက်သက် ဟုတ်ရဲ့လား။

၇။ ပြန်လည် အချောကိုင်ပါ။

(က) စာလုံးပေါင်း သတ်ပုံ၊ သဒ္ဒါနည်း၊ ရေးထုံးမှန်မမှန် စစ်ဆေးပါ။

(ခ) စာဟန် ရိုးရိုးရှင်းရှင်း ရှိရဲ့လား၊ ဆိုလိုရင်းကို မသွယ်မဝိုက်ပဲ တဲ့တဲ့ပြောထားခြင်းမျိုး ဟုတ်ရဲ့လား၊ ကြည့်ရှုစစ်ဆေးပါ။ တခုခုချွတ်ယွင်းနေလျှင် ပြန်ပြင်ပါ။

(ဂ) နောက်ဆုံး အချောကိုင်ထားပြီး အနှစ်ချုပ်ကို အဖြေလွှာတွင် သပ်သပ်ရပ်ရပ် ရေးချလိုက်ပါ။

အထက်တွင် ပြဆိုခဲ့သော နည်းစနစ် အဆင့်ဆင့်မှာ စာအနေဖြင့် ရှင်းလင်းရေးပြနေရ၍ များသည်၊ ခက်သည်၊ အချိန်ကြာမည်ဟု ထင်စရာရှိ၏။ သို့သော် လုပ်နည်းကို သိပြီးပါလျှင် ဤသို့ကြာနေမည် မဟုတ်ချေ။

အနှစ်ချုပ်ရေးကျင့် ကျင့်ကာစ၌ အနည်းငယ် လက်တွန့်နေ၍ အချိန် နှောင့်နှေးစရာ ရှိသည်။ အကျင့်မရခင် ဘာအလုပ်မဆို ခက်သည်ဟု ထင်မြဲမမှတပင်။

အကျင့်ရလာလျှင် အနှစ်ချုပ်ရေးရသည်မှာ စိတ်ဝင်စားစရာ ပျော်စရာ ဖြစ်ကြောင်း တွေ့လာပါမည်။ မြန်မြန်ဆန်ဆန် လက်သွက်သွက်ဖြင့် လည်း ရေးချနိုင်ပါလိမ့်မည်။ လုံးရေနည်း၍ ရေးရလည်း သက်သာပေ သတည်း။

# မြန်မာအက္ခရာများ ပေါင်းစပ်ပုံနည်း

## ၂၂ (မြန်မာသန္ဓိများ)

မြန်မာဝေါဟာရများတွင် သန္ဓိစကားလုံးများ ရှိပေသည်။ 'သန္ဓိ' ဟူသည် စကားလုံးအချင်းချင်း၊ ပုဒ်အချင်းချင်း ဆက်စပ်မှုပင် ဖြစ်သည်။ ပါဠိဘာသာ သန္ဓိသည် အတော်လေး ကျယ်ပြန့်၏။ သရအချင်းချင်း ဆက်စပ်ခြင်း၊ ဗျည်းအချင်းချင်း ဆက်စပ်ခြင်း၊ နိဂ္ဂဟိတ်ခေါ် သေးသေးတင်မှ င၊ ည၊ ဏ၊ န၊ မ၊ ဟ၊ လ စသည်သို့ ပုံပြောင်း၍ ဆက်စပ်ခြင်း စသည်ဖြင့် များစွာ ရှိလေသည်။

မြန်မာသန္ဓိတွင်မူ ဤမျှလောက် အသေးစိတ် ခွဲခြား၍ ခမ်းနားစွာ စီစဉ်ထားခြင်း မရှိပေ။ တပုဒ်နှင့်တပုဒ် ဆက်စပ်နေခြင်းကို ပါဠိသန္ဓိနည်းယူပြီး မြန်မာသန္ဓိဟု ခေါ်လိုက်ခြင်းမျှသာ ဖြစ်သည်။

ဤစာအုပ်တွင် ဝေါဟာရရင်းမြစ် အဓိပ္ပာယ်ထုတ်ဖော်ရှင်းလင်းရာ၌ စာသင်သားတို့အား အကူအညီ ရရုံလောက်သာ ရည်ရွယ်သဖြင့် မြန်မာသန္ဓိကို တခမ်းတနား မပြတော့ပဲ စာသင်သားတို့အတွက် လက်တွေ့အသုံးကျမည့် ပုံစံများကိုသာ ခပ်များများ ထုတ်ဖော်ပြအပ်ပေသည်။ မြန်မာစာတွင် ပါဝင်နေသော ပုဒ်စပ်၊ စကားလုံးစပ်များကို သိစေချင်မှုသည်သာ အဓိကဖြစ်သည်။ မြန်မာသန္ဓိ ပညာရပ်အကြောင်း ဆွေးနွေးလိုသော အရာမဟုတ်။ ထို့ကြောင့် မြန်မာသန္ဓိကို တခမ်းတနား မရေးသားတော့ပါ။

ထို့ပြင်လည်း မြန်မာစာအဓိက အဆင့်လောက်တွင် မြန်မာစာ လေ့လာသူများအဖို့ မြန်မာသန္ဓိအကြောင်းသည် ရှေ့တမှတ်တိုင်စာလောက် ရောက်ရန် လိုပေလိမ့်ဦးမည်။ မြန်မာသန္ဓိဆိုသည်ကို ကျယ်ကျယ်ပြန့်ပြန့် လေ့လာခြင်းထက် စကားလုံး ပေါင်းစပ်နေတတ်ပုံကို ရိပ်မိ 'သိရှိလျှင် လက်တွေ့အကျိုး များပေရာပြီ။

တနည်းအားဖြင့် မြန်မာသန္ဓိသည် မြန်မာစာအကျဉ်း ရေးနည်းနှင့် အတန်ငယ်ဆင်ပေသည်။ သို့သော် နေရာတိုင်း လုံး၀ တူသည်ဟုကား မဆိုသာချေ။

အက္ခရာပေါင်းစပ်ရာတွင် သိရန်မှာ 'ရ'သည် ရရစ်၊ 'ယ'သည် ယပင့်ဖြစ်ပြီး သိပ်သိပ်သည်းသည်း ပူးကပ်သွားတတ်သည်။ ထို့ပြင် သရနှင့်ဗျည်း ခွဲခြားမိရန်လိုပြီး အချို့သရများ(ပါဠိသဒ္ဒါစည်းကမ်းအရ) ပုံပြောင်းပြီး ပေါင်းစပ်သွားတတ်ပုံကိုလည်း ဂရုစိုက် မှတ်သားအပ်ပေ သည်။ ရှေ့တွင် ဖော်ပြခဲ့ပြီးသော အက္ခရာပေါင်းစပ်ပုံသည်လည်း သန္ဓိ စပ်ရာ၌ တခါတခါ အသုံးကျလာတတ်ပေသေးသည်။

**ပုံစံများ**

| | |
|---|---|
| ပုဒ်ပြတ်(သီးသန့်) | ပုဒ်စပ်(သန္ဓိ) |
| ကုဟာသည် | ခ၀ါသည် |

**ရှင်းလင်းချက်။** ။'ကုဟာ'၌ က+ု၊ ဟာ ဟု ပုဒ်ခွဲပါ။ 'ကလေးမှ ခလေး' ကဲ့သို့ 'က'မှ 'ခ'သို့ ပြောင်း သည်။ 'မည်သူ့မှ' 'မည်သော' ကဲ့သို့ ဥမှ ဩ။ 'လောန်မှ လွန်'ကဲ့သို့ 'ဩ မှ ၀'သို့ ပြောင်း၏။ ၀+ဟာ=ဝှါ၊ 'ခဝှါ' ဖြစ်သည်။ 'မောင်ရှင်မှ မောင်ရင်'ကဲ့သို့ ဟထိုးပြုတ်၍ 'ခ၀ါသည်'ဖြစ်သည်။ သို့ဖြစ်၍ 'ခ၀ါ'ဟူသော စကားလုံးသည် 'ကုဟာ' ဟူသော အရင်းခံမှ အဆင့်ဆင့်ပြောင်းပြီး သန္ဓိဖြစ် လာသော စကားလုံးဖြစ်ကြောင်း သိရပေသည်။

**စနစ်ပုံဖြင့် ပြလျှင်**

က> ခ

ု> ဩ> ၀

၀ +ဟာ=ဝှါ

ခဝှါ> ခ၀ါ

ဖြစ်လေသည်။

ကြိယ်ကရာကြီး — ကြေး ကြား ကြီး

ရှင်းလင်းချက်။ ။‘မြိုယ် မှ မြေ’ ဖြစ်သကဲ့သို့ ‘ကြိယ်မှ ကြေ ကြေး’ ဖြစ်၏။ ‘ရ’ကောက်သည် အရစ်ဖြစ်သောအခါ ‘က+ရာ=ကြား’ ဖြစ်လာသည်။ ဤသို့ ပေါင်းစပ်ပုံကို ရင်းမြစ်ကျကျ မသိပါလျှင် ‘ကြား’ကို ‘ကရား’ဟု ခွဲမယူတတ်၊ အဓိပ္ပာယ်လည်း မသိ ဖြစ်ပေရာသည်။

နှပ်လိယ်သုရှောင်(ရာဇကုမာရ် ကျောက်စာ)

နှပ်=နှံ+အပ်(အပ်နှံခြင်း အဓိပ္ပာယ်)

(သေးသေးတင် နိဂ္ဂဟိတ်ကို ချေပြီး သန္ဓိစပ်သည်)

ကင်ပရင်း> ကံပြင်း

ရှင်းလင်းချက်။ ။‘လှုင်ကန်မှ လုံကန်’ကဲ့သို့ ‘ကင်မှ ကံ’ ဖြစ်သည်။ ပ+ရင်း=ပြင်း ဖြစ်၏။ ထို့ကြောင့် ‘ကံပြင်း’ ဖြစ်လာသည်။

| | |
|---|---|
| ခရီး | ခြီး (ခ+ရီး) |
| ခရာ | ခြာ (ခ+ရာ) |
| ခရိုင် | ခြိုင်(ခ+ရိုင်) |
| စေအံ့(စေအမ့်) | စိမ့်(စေ+အံ့) |

ရှင်းလင်းချက်။ ။‘အမေ မှ အမိ’ကဲ့သို့ ‘စေ မှ စိ’ ဖြစ်သည်။ ‘ကံနှင့် ကမ့်’ ကဲ့သို့ သေးသေးတင်နှင့် မ် ပြောင်းသည်။ ‘အ’ကို ချေလိုက်လျှင် စိ+အမ့်=စိမ့် ဖြစ်လာသည်။

| | |
|---|---|
| စောဖုရား | စောဖြား၊ |
| စောဖွား | ဓော်ပွား၊ |

ရှင်းလင်းချက်။ ။‘ဖု’မှ ‘ဥ’ကို ချေဖျက်ပစ်၍ ‘ရား’သို့ ကပ်လျှင် ‘ဖြား’ ဖြစ်လာသည်။ ‘စောဖြား’ဟု ဖြစ်လာသည်။ ယင်းသို့ မဟုတ်ပဲ ဖု မှ ဥကို ဩပြောင်း၊ ဩ ကို ဝ ပြောင်းပြီး ဖနှင့် ပြန်ကပ်ပေးလျှင် ‘ဖွ’ ဖြစ်လာသည်။ ရ ချေဖျက်ပစ်ပြီးလျှင် ဖွ+အား=ဖွား (စောဖွား) ဖြစ်လာ၏။ တဖန် ‘မဟောသဓ မှ မဟော်သဓာ’ပြောင်းသလို ‘စောဖွား’ မှ ‘စော်ဖွား’

ဖြစ်လာသည်။ ဌာန်တူ၍ ပနှင့် ဖပြောင်းလျှင် 'စော်ပွား' ဖြစ်လာပေသည်။

| | |
|---|---|
| ဆရာ | ြဆွာ (ဆ+ရာ) |
| တရား | တြား (တ+ရား) |
| ထန်းအုန်းပင် | တနုန်းပင် (ဒနုန်းပင်) |
| နံနက် | နံက် |

(န-တလုံးကို ချေဖျက်သည်၊ ချေပစ်ခြင်းသည်လည်း သန္ဓိစပ် လုပ်ရပ်တခုပင် ဖြစ်၏။

နံယုန်လ (နမ်ယုန်လ) နမျုန်လ (မ်+ယုန်=မျုန်)

ရှင်းလင်းချက်။ ။'လျှံ မှ လျှမ်း' ကဲ့သို့ 'နံယုန်မှ နမ်ယုန်'သို့ပြောင်း၊ 'ယု' ၌ ယ+ဥ ဖြစ်ရာ မ်+ယ=မျ+ဥ=မျု(မျုန်) ဖြစ်လာသည်။

| | |
|---|---|
| ပေဒံ့ | ပိမ့် |
| ပရွေ | ပြွေ (+ရွေ) |
| ပအုန်းရည် | ပုန်းရည် |
| ပကတိဦး | ပကတူး |

ရှင်းလင်းချက်။ ။ဦး=ူး ကို တ,သို့ကပ်သောအခါ သဒ္ဒါစည်းမျဉ်းအရ တ,ပေါ်မှ လုံးကြီးတင် 'ိ' ကျေပျောက်သွားရသည်။

| | |
|---|---|
| ရွှေဖဝါးတော်အောက် | ရွှေဖွားတော်အောက် (ဖ+ဝါး) |
| ဘဝင်တုန် | ဘွင်တုန် (ဘ+ဝ) |
| မဟာထေရ် | မှာထေရ် (မ+ဟ=မှ) |
| မဟုတ်လော | မှုတ်လော (မ+ဟ=မှ) |
| မဟုံ | မှုံ |
| မဟုံး | မှုံး (နှမ်းပင်ကို ထွန်ဖြင့်မှုံးသည်)။ |
| မယာ | မျာ (မ+ယ=မျ) |
| မရိတ် | မြိတ် |
| ယောက်ယာ | ယောကျာ၊ ယောကျ်ား |

မှတ်ချက်။ ။ဤရှင်းမြစ်ကို သိလျှင် ယောကျ်ားရေးရာ၌ အပေါ်ကကင်းစီးဖြင့် (ယောကျ်ား) ဟု မရေးသင့်ဟု သိအပ်သည်။

| | |
|---|---|
| ယခု | ယ္ခု |
| လတ်အုံ | လတ္တုံ (နောက်ထပ်စာ, တလုံးတိုး(ဝ၁) ဒွေး ဘော်ပြု)။ |
| လက်ယာ | လက်ျာ |
| လက်ဝဲ | လက္ခဲ့(လက်ကွဲဟုမဖတ်ရ၊ လက်ဝဲဟုသာ ဖ သံရ၏)။ |
| လုလင် | လုင် (လတလုံးကို ချေဖျက်) |
| လိမ်မာ | လိမ္မာ |
| လက်သမား | လသ္မား |

ဤသို့စသည်ဖြင့် မြန်မာသန္ဓိစကားလုံးများ မြန်မာစာ၌ များစွာမှိလေသည်။

## အကွဲရာစကားလုံးများ ပေါင်းစပ်ပုံ

## (မြန်မာသမာသ်များ)

'သမာသ်' ဟူသည်လည်း 'ပေါင်းစပ်ခြင်း'၊ အကျဉ်းချုံးခြင်း' ဟူ၍ပင် အဓိပ္ပါယ်ရှိ၏။ သို့သော် သန္ဓိနှင့်အတန်ငယ် ကွဲပြားပေသည်။

ပါဠိသဒ္ဒါ၌ သမာသ်အမျိုးမျိုး ကျယ်ဝန်းစွာရှိ၏။ ဤ၌မူ အဓိပ္ပါယ်တူ အရကောက်တူ စကားနှစ်ခုကို တွဲစပ်သော (ကမ္မဓာရည်း) သမာသ်မျိုးကို ပြဆိုပါမည်။ ကဗျာလင်္ကာ ဝေါဟာရတို့အနက် မည်သည့်စကားသည် ပေါင်းစပ်စကား ဖြစ်သည်ဟု သိလျှင် လုံလောက်ပေပြီ။

'လုံ့လဝီရိယ' ဟူသော စကားလုံးကို စဉ်းစားပါ၊ 'လုံ့လ' လည်း 'ကြိုးစားခြင်း 'အဓိပ္ပါယ်၊ ဝီရိယ' လည်း ကြိုးစားခြင်း အဓိပ္ပာယ်ပင် ဖြစ်သည်။ လိုရင်းချက် ခြားနားခြင်း မရှိသောစကားနှစ်လုံးကို တွဲဖက်ဆက်စပ်၍ သုံးနှုန်းထားသည်။ စကားအသုံး အနှုန်းပိုပြီး ဝေဆာတင့်တယ်စေ၏။ ပိုပြီး လေးနက်စေ၏။ ယင်းသို့ အဓိပ္ပာယ်တူ လုံးတွဲ ဝေါဟာရမျိုးကို 'မြန်မာသမာသ် ဝေါဟာရ' ဟူ၍ ပညာရှင်တို့က ခေါ်ကြသည်။

လုံးတွဲ စကားလုံးများအနက် အချို့မှာ သိသာ၏။ အချို့မှာမူ လွန်စွာ အသိခက်ပေသည်။ သိလွယ်သော တွဲစပ်ဝေါဟာရများကို အောက်တွင် ဖော်ပြလိုက်ပါသည်။

| | |
|---|---|
| ကုသိုလ်ကောင်းမှု | (ကုသိုလ်+ကောင်းမှု) |
| ကွေ့ကွင်း | (ကွေ့+ကွင်း) |
| ကြိုးမား | (ကြိုး+မား) |
| ကျူးလွန် | (ကျူး+လွန်) |
| ခေတ်အခါ | (ခေတ်+အခါ) |
| စိတ်နှလုံး | (စိတ်+နှလုံး) |
| စာပေကျမ်းဂန် | (စာပေ+ကျမ်းဂန်) |
| ဆောလျင် | (ဆော+လျင်) |
| ဆင်းရဲဒုက္ခ | (ဆင်းရဲ+ဒုက္ခ) |
| ဆွတ်ပြုတ်ဟင်းချို | (ဆွတ်ပြုတ်+ဟင်းချို) |
| ညှံ့ဖျင်း | (ညှံ့+ဖျင်း) |
| တော၀န | (တော+၀န) |
| တပြောင်ပြောင်တ၀င်း၀င်း | (တပြောင်ပြောင်+တ၀င်း၀င်း) |
| တရားဓမ္မ | (တရား+ဓမ္မ) |
| ထွန်းပေါ် | (ထွန်း+ပေါ်) |
| ထိပ်ဖျား | (ထိပ်+ဖျား) |
| ထွတ်ခေါင် | (ထွတ်+ခေါင်) |
| ဒွေးနှစ်ဖော် | (ဒွေး+နှစ်ဖော်) |
| နှဲခရာ | (နှဲ+ခရာ) |
| ပစ္စည်းဥစ္စာ | (ပစ္စည်း+ဥစ္စာ) |
| ပျော့ပျောင်း | (ပျော့+ပျောင်း) |
| ပွေခရာ | (ပြွေ+ခရာ) |
| ပျိုငယ် | (ပျို+ငယ်) |
| ပြောင်လက် | (ပြောင်+လက်) |
| ပြင်းထန် | (ပြင်း+ထန်) |
| ပုကွ | (ပု+ကွ) |
| ဗျာပါကြောင့်ကြ | (ဗျာပါရ+ကြောင့်ကြ) |
| (ကြောင့်ကြဗျာပါ) | (သဲနောက်ကျူဗျာပွေ) |
| ဗျာပါလုံ့လ | (ဗျာပါရ+လုံ့လ) |
| (လုံ့လဗျာပါ) | |
| ဘေးဘယာ | (ဘေး+ဘယာ) |
| ဘုရားပုထိုး | (ဘုရား+ပုထိုး) |

| | |
|---|---|
| မာတာပိတာ မိနှင့်ဖ | (မာတာပိတာ+မိနှင့်ဖ) |
| မူရာမာယာ | (မူရာ+မာယာ) |
| မွမ္မပျောင်း | (မွမ္မ+ပျောင်း) |
| ရုတ်တရက်ရှောင်တခင် | (ရုတ်တရက်+ရှောင်တခင်) |
| ရုတ်တရက်ချက်ချင်း | (ရုတ်တရက်+ချက်ချင်း) |
| ရှင်သာမဏေ | (ရှင်+သာမဏေ) |
| ရဟန်းသံဃာ | (ရဟန်း+သံဃာ) |
| ရောဂါဘယ | (ရောဂါ+ဘယ) |
| လိုဏ်ဂူ | (လိုဏ်+ဂူ) |
| လုံ့လဝီရိယ | (လုံ့လ+ဝီရိယ) |
| လိမ်လည်လှည့်ဖျား | (လိမ်လည်+လှည့်ဖျား) |
| လူကြီးသူကြီး | (လူကြီး+သူကြီး) |
| ဝေးကွာ | (ဝေး+ကွာ) |
| သက်ကြီးဝါကြီး | (သက်ကြီး+ဝါကြီး) |
| သန်းမကြီး | (သန်းမ+ကြီး) |
| သည်းထန် | (သည်း+ထန်) |
| သေးနုပ် | (သေး+နုပ်) |
| သေးငယ် | (သေး+ငယ်) |
| အထူးဝိသေသ | (အထူး+ဝိသေသ) |
| အိုးအိမ် | (အိုး+အိမ်) |

အသိခက်သော လုံးတွဲဝေါဟာရ (မြန်မာသမာသ်)များကို ရှင်းပြင်းချက်နှင့်တကွ အောက်တွင် ဖော်ပြလိုက်ပါသည်။

ကံပြစ်ပိတ်ချော။ (အင်္ဂလိပ်+မြန်မာ) ( )

(ကင်းပရစ်ပိတ်ချော ဟူလို။ ကုံ့ကော်သာနိုး (ဝေါ+ပေါ)

ရှင်မဟာရဋ္ဌသာရခေတ်က ကံ့ကော်ပန်းကို 'သာနိုး'ဟု ခေါ်သည်။

'မောင်သာနိုး'ဟု နာမည်မှည့်လျှင် 'မောင်ကံ့ကော်'ဟု အဓိပ္ပါယ်ရသည်။

'မြတ်လေး'ဟူသော နာမည်ကဲ့သို့ ပန်းအမည်ပေးသည်။

**ကျော်ကြား** (ဝေါ်+ဝေါ)
'ကျော်'ဟူသည် လူအများက သိရှိကြားသိနေသော အရာမျိုးပင် ဖြစ်သည်၊ လူအများက သူ့အကြောင်း ကြားဖူးနေလျှင် သူသည် 'ကျော်'သူပေတည်း။

**ချာလည်** (ချာ+လည်)
'ချာ၊ ချား'ဟူသည် လည့်ပတ်သော အရာပင် ဖြစ်သည်။ 'ချာ'သည် လည်ပတ်ခြင်း အဓိပ္ပါယ် ပင်တည်း။

**ခြစ်တူး** (တူးခြစ်) တူး (မှန်)စကားသည် အကျက်လှန်ခြင်း၊ အသုံးမကျခြင်း အဓိပ္ပာယ်ရှိသည်။ တူးခြစ်၊ ခြစ်တူး၊ ဟူရာ၌ 'ခြစ်' ဟူသည်လည်း 'ခြစ်ခြစ်တောက်ပူသည်' ဟူရာကဲ့သို့ အပူလှန်ခြင်း အဓိပ္ပာယ် ကိုပင် ဆောင်သည်။

**ငယ်ဖြူ** (ငယ်+ဖြူ)
ငယ်ရွယ်သူသည် ဘဝအညစ်အကြေး မတင်သေး သဖြင့် ဖြူစင်သည့်အဓိပ္ပာတ်ရှိသည်။
'ငယ်ခြင်း'သည် ဖြူစင်ခြင်း အဓိပ္ပာယ်ကို ဆောင် သည်။

**စစ်မက်** (မြန်မာ+တိုဗက်)
'မက်'ဟူသော တိဗက်စကားသည် မြန်မာကို 'စစ်' အဓိပ္ပာယ်ရသည်။

**ဆရာသမား** (မြန်+မွန်)
'သမား'ဟူသော မွန်ဝေါဟာရသည် 'တတ်မြောက် ကျွမ်းကျင်မှု' အဓိပ္ပာယ်ဆောင်သည်။ တော်သူ တတ်သူကိုပင် 'ဆရာ'ဟုဆိုကြသည်။

**ဆုံးဖြတ်** (ပေါ+ဝေါ)
'ဆုံးသည်' ပေါရာဏစကား၊ ဖြတ်ခြင်းအဓိပ္ပာယ်ပင်၊ ဥပမာ- သက်န်းဆုံးသည်' ဟူသော စကားအသုံး အနွန်းကိုထောက်၊ သက်န်းဆုံးသည် ဟူသည်ကား သက်န်းချုပ်ဖို့ ဖြတ်ခြင်းပင်ဖြစ်၏။

**တောနက်** (မြန်မာ+တိဗက်)
'နက်သည်' တိဗက်ဝေါဟာရ 'တော'ကို ဖော်ပြ၏။

**ပူဆာ** (မြန်+တိ)
'ဆာ'ဟူသည် ပူခြင်းပင်ဖြစ်သည်။ 'ဗိုက်ဆာသည်'ဟု ပြောလျှင် အစာမရှိ၍ ဝမ်းပူသည်ဟု အဓိပ္ပါယ်ရသည်။ 'ထမင်းဆာသည်'ဟု ပြောလျှင် 'ထမင်းကို တောင့်တသည်'ဟု အဓိပ္ပါယ်ရသည်။ တဏှာလောဘကိုလေသာသည် တောင့်တခြင်းသဘော၊ ပူလောင်ခြင်းသဘော ရှိသည်။ အဓိပ္ပါယ်အားဖြင့် လိုချင်မှုတပ်မက်မှုဟု ဆိုသည်။

**ပြောင်ပြက် ပြောင်ပြိုး** 'ပြိုးပြိုးပြက်ပြက်' ဟူရာကဲ့သို့ 'ပြက်'သည် ပြောင်လက်ခြင်း အနက်ကိုပင် ဟောသည်။ 'ပြိ'လည်း နည်းတူပင်။

**ပေးပံ့သည်** 'ပံ့သည်၊ ပေးသည်' အတူတူပင်။ 'ပံ့ပိုးသည်' ဟူသော အသုံးရှိ၏။ ပေးခြင်း အဓိပ္ပါယ်ပင်တည်း။

**ဗျာပါဒ်နှိပ်စက် ဗျာပါဒ်ဖျက်ဆီး** ဤ၌ 'ဗျာပါဒ'ဖြစ်သည်။ ဗျာပါဒ=နှိပ်စက်ခြင်း၊ ဟူသည် ဒေါသသဘော၊ ဖျက်ဆီးခြင်း သဘောတည်း။

(မှတ်ချက်) 'ဗျာပါရ'ကား ကြောင့်ကြစိုက်ခြင်း၊ စိုးရိမ်ခြင်း အနက်ဟော၏။

**မရမန်ပိတ်ချော** (ဟိန္ဒီ+မြန်မာ)
'ရမန်'ဟူသည် 'ချောညက်သောပိတ်'ဟု အဓိပ္ပါယ်ရသည်။

**မြားမြောင် မြောက်မြား** ဤပေါရာဏ စကားလုံးတို့သည်၊ 'များပြားခြင်း' အနက်ဟောစကား အနက်နှစ်လုံးကို အသေတွဲထားခြင်း ဖြစ်သည်။

**မီးဖို** 'အူအသည်းဖို၊ ရင်ဖို၊ ပူဆွေးသိုက်ဖို' ဟူသော စကားတို့မှာကဲ့သို့ 'ဖို'သည် ပူခြင်း (မီး)ဟူသော အဓိပ္ပါယ်ကို ဟော၏။

**မကျွပ်ကနား** (ပါဠိသက်+မွန်)
'ကနား' ဟူသော ဝေါဟာရလည်း မကျွပ်ဟူသော အနက်မျိုးကိုပင် ဖော်ပြသည်။

မြေသား (မြေ+သား)
'သား' တိဗက်စကား၊ မြေအနက်ဟော၏။

ရှေးအခါ 'ရှေး' သည် ရဟေး၊ ရဟော၊ ရဟောမှဆင်းသက်လာသော စကားဖြစ်သည်။ 'အခါ' ဟူသောအနက်ကိုပင် ဟော၏။ ထို့ကြောင့် မြန်မာစာပေကို တိတိကျကျ လေးလေး စားစား ရေးသော ခေတ်က 'ရှေးလွန်လေပြီးသောအခါ' ဟု ရေး၏။

**အလယ်ကောင်** ကောင်+(တိဗက်)=အလယ်
သရုပ်ဖြင့် ၈သောလုံးတွဲဝေါဟာရများကို ဖော်ပြလိုက်ပါသည်။

အသောတလျင်၊ အများတကာ၊ အမှားအယွင်း၊ အခေါင်အထွတ်၊ အပြင်ဗာဟိရ၊ အခေါင်အဖျား၊ အပြောအဆို၊ အသိုက်အအုံ၊ အချေးအငှါး၊ အပေးအကမ်း၊ အထောက်အပံ့၊

### သုံးလုံးတွဲဝေါဟာရများ

| | |
|---|---|
| ခေတ်အခါသမယ | (ခေတ်+အခါ+သမယ) |
| ခနောင်းကြလဲးဝဲ | (ခနောင်း+ကြလဲး+ဝဲး) |
| လေဒီကညာအပျို | (လေဒီ+ကညာ+အပျို) |
| ရှေးအခါသမယ | (ရှေး+အခါ+သမယ) |
| ရှေးသရေအခါ | (ရှေး+သရေ+အခါ) |
| ကွဲပြားခြားနား | (ကွဲ+ပြား+ခြားနား) |
| သဒ္ဓါကြည်ဖြူ | (သဒ္ဓါ+ကြည်+ဖြူ) |
| အဖန်တလဲလဲအမြဲမကွာ | (အဖန်တလဲလဲ+အမြဲ+မကွာ) |
| ခပင်းဥဿုံအလုံးစုံ | (ခပင်း+ဥဿုံ+အလုံးစုံ) |
| ပျိုမြစ်နုနယ် | (ပျို+မျစ်+နုနယ်) |
| များပြင်ပေါ်ယယ် | (များ+ပြင်+ပေါယယ်) |

**ခေလးလုံးတွဲဝေါဟာရများ**

| | |
|---|---|
| ထောက်ပံ့ ပေးကမ်း | (ထောက်+ပံ့+ပေး+ကမ်း) |
| ဆာလောင် မွတ်သိပ် | (ဆာ+လောင်+မွတ်+သိပ်) |

ဤသို့စသည်ဖြင့် တွဲစပ်သမာသ်ပြု၍ သုံးနှုန်းသော စကားလုံး ဝေါဟာရများစွာ ရှိသည်။ ဤသည်ကား သဒ္ဒါအမြင်ဖြင့် အမည်တင်သော အခန်းတည်း။

အထူးသတိပြုရန်မှာ အလင်္ကာရှုထောင့်မှကြည့်၍ ဩဇဂုဏ်မြောက်သော ဝေါဟာရများကို သမာသ်နာမ်ဟု ခေါ်သည်လည်း ရှိသေး၏။ အဓိပ္ပါယ် အများအပြားကို စကားလုံး နည်းနည်းဖြင့် စုရုံးသိမ်းယူရာ၌ အကျယ်ကို အကျဉ်း ချုံးနိုင်သဖြင့် ဩဇဂုဏ်မြောက်ပေသည်။

ပုံစံ (၁) ရှင်နှောင်း (နဝဒေး) — အရှင်သခင်ကဲ့သို့ မြတ်နိုးချစ်ခင်သော အငယ်ဆုံး အထွေးဆုံး မိန်းကလေး။

(၂) လှခေါင်တင် (ဦးမှာဒန္တီပျို့) — အချော အလှတို့ အနက် အခေါင် အဖျား၌ တင်ထားအပ်သူ။

(၃) စောရဲဘုန်းစည် — ထွတ်မြတ်သော၊ ရဲရင့်သော၊ ဘုန်းတန်ခိုး စည်ပင်သောမင်း။

ဤသို့စသည်ဖြင့် ဩဇဂုဏ်မြောက်သော သမာသ်နာမ်ဟု ခေါ်သော အနှစ်ချုပ်ဝေါဟာရ များစွာရှိလေသည်။

သဒ္ဒါနည်းအရ သမာသ်နာမ်၊ အလင်္ကာနည်းအရ သမာသ်နာမ်၊ ဤနှစ်မျိုးကို ခွဲခြားမှတ်သားရန် ဖြစ်လေသည်။

## စာစီစာကုံး

စာလုံးကလေးများကို စနစ်တကျစီစဉ်ပြီး ပန်းကုံးကလေးများလို လှလှပပဖြစ်အောင် သီကုံးရေးသားထားသော စာမျိုးသည် စာစီစာကုံး မည်ပေသည်။ စာစီစာကုံးသည် ဖြစ်ကတတ်ဆန်း စာမျိုးမဟုတ်၊ စနစ်တကျ သေသပ်လှပသောစာမျိုး ဖြစ်သည်။ သို့ဖြစ်လျှင် မည်သို့ စီစဉ်၍ မည်သို့သီကုံးမည်နည်း။

### စာစီစာကုံး လက္ခဏာနှင့် အရည်အသွေး

စာစီစာကုံးတခု၌-

နိဒါန်း (ခေါင်းစဉ်ရှင်း၊ မိတ်ဆက်ချက်)
စာကိုယ် (ရေးစရာ အချက်အလက်များ ရေးရန်အထည်ကိုယ်)
နိဂုံး (ရေးပြီးခဲ့သော အချက်အလက်အချုပ်နှင့် မိမိ၏အယူအဆဖေါ်ပြချက်)။

ဟူ၍ သုံးပိုင်းပါဝင်သည်။ လူငယ်တို့အနေဖြင့် စာစီစာကုံး ရေးရာတွင် နိဒါန်းကို တပိုဒ်၊ စာကိုယ် ၅-ပိုဒ်မှ ၇-ပိုဒ်၊ နိဂုံးတပိုဒ် စုစုပေါင်း ၇-ပိုဒ် သို့မဟုတ် ၉-ပိုဒ်ခန့် ရေးဖြေသင့်၏။ တိုလွန်းလည်းမကောင်း၊ ရှည်လွန်းလည်း မသင့်ပေ။ နောင်တတ်လာမှ လိုသလိုရေးသင့်၏။

ဂါကျမှန်အောင်ဖွဲ့၊ အရေးကြီးသော အချက်အလက်ကွဲလျှင် စာပိုဒ်ခွဲ စာပိုဒ်တိုင်း၌ သူ့အချက်အလက်နှင့်သူ ရှိသင့်သည်။ အချို့ကပည့်များသည် စာပိုဒ်မခွဲပဲ ရေးတတ်သည်။ မလုပ်ကောင်း! စာရွက်ဗယ်ဘက်ဘေးတလျှောက်မာဂျင်ခေါ်တလက်မခန့် ကွက်လပ်ရှည်ချန်ရေး၊ အသဲ့က စာသား အဘယ်မျှလောက်ကောင်းကောင်း စာပိုဒ်မခွဲ၊ မာဂျင်မချန်ပဲရေးသားလျှင် နတ်သုဒ္ဓါထဲ မစင်တပဲသား ကျ၍ ပစ်လိုက်ရသလို ဖြစ်မည်မှတ်ပါ။ မိမိစာ အရည်အသွေး တက်ဖို့အတွက် အောက်ပါတို့ကို သတိပြု၍ ထည့်ရေးပေးပါ။

ဥပမာ-နှိုင်းယှဉ်မှု-ပုံစံ မာသည်ကို စိန်လိုမာသည်ဟု ရေးမှုမျိုးတည်း။ ဥပမာ-ပင်စားချက်-ပုံစံ မိုးရွာသည်ကို မျက်နှာဝိုင်းကြီး ငိုရသည်ဟု ရေးခြင်းမျိုးတည်း။

သြဇဂုဏ် (က) စကားကျစ်လစ်စေမှု-ပုံစံ အလွန်ထွားကျိုင်းပြီး ညိုချောချောသူကို 'ကိုညိုထွား' ဟု ပြောခြင်းမျိုးပင်၊

(ခ) လေးနက်အောင်ချဲ့ပေးမှု-ပုံစံ 'ချစ်သည်' ကို 'ကိုယ်ကျိုးငဲ့သည် တဏှာချစ်မဖက်ပဲ သန့်စင်အေးမြသော ၅၂၈ မေတ္တာမွန်ဖြင့်သာ ချစ်ပါသည်ဟု ရေးသားခြင်းမျိုးပင်။

တို၊ ရှင်း ငါး ငါးရံ့ကြီးကို ဓါး ဓါးမကြီးနှင့် ဟအား ခုတ်လိုက်ရာ ထက်ပိုင်းပြတ်၍ သေလေ၏-ဟု ရေးမည့်အစား- ငါးရံ့ကို ဓါးမဖြင့် အသေခုတ်လိုက်သည်။ သို့ပဟုတ် ဓါးမနှင့် ငါးရံ့ကြီးကို သေအောင်ခုတ်သည်ဟု ရေးပါ။

**ကိုးကား မထောက်ထားချက် ရေးနည်း**

ကိုးကားချက်ကို ထည့်ရေးရန်လိုလျှင် တခါတည်း ရောမရေးနှင့် ဘေးတဘက်တချက် နေရာကျယ်ကျယ် ချန်ပြီး အလယ်လောက်မှာ သတ်သတ်ရေး၊ (နေရာချန်သည်ကို 'အင်တင်းသည်'ဟု ခေါ်၏)။

ပုံစံ လေခမြေသက်၊ ဈာန်ဝိတက်သို့၊ သစ်ရွက်ရော်ရီ၊ ကုန္ဒနီ-ဝယ်၊ သိဂိမ်တဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့ရေးမည့်အစား –

လေခမြေသက်၊ ဈာန်ဝိတက်သို့
သစ်ရွက်ရော်ရီ၊ ကုန္ဒနီဝယ်
သိဂိမ်တဝက်၊ ဖက်၍ဆေးစုံ
ခြယ်သောပုံသို့-ဟု ရေးသင့်၏။

## မိမိခံစားချက်ပါအောင်ရေး

ပုံစံ—ဉဩငှက်များ သာယာစွာ တွန်ကျူးနေကြသည်ဟု ရေးမည့်
အစား ဉဩငှက်ငယ်၏ သာယာသော တွန်ကျူးသံကို နားခံရ
သည်မှာ ကြည်နူးဖွယ် ဖြစ်ပါတော့၏-ဟု ရေးခြင်းမျိုးတည်း။

ဤသည်တို့မှာ တပည့်တို့၏ စာစီစာကုံးများကို စစ်ဆေးအမှတ်ပေးရရင်း တွေ့ကြုံရသော အရေးတကြီး လိုအပ်ချက်များ ဖြစ်သည်။ ဤထက်စုံအောင် ကောင်းအောင် ရေးတတ်လျှင်လည်း ရေးနိုင်၏။ မြန်မာစာတွင် ကောင်းလွန်းအားကြီး၍ အမှတ်မရနိုင်ဟူ၍မရှိ၊ ဆယ်တန်းသမားက မဟာဝိဇ္ဇာလက်ရာမျိုး ထွက်လာလျှင် ဂုဏ်ထူးရရုံပဲရှိသည်။ သို့သော် အမေးနှင့် မစပ်ဆိုင်သော အဖြေမျိုးကား မိုးပျံအောင် ကောင်းစေဦးတော့ အပိုပင်တည်း။ သတိ။

## စာစီစာကုံးအမျိုးမျိုး

စာစီစာကုံး အမျိုးအစား ခွဲကြသေး၏။

၁။ သရုပ်ဖော်ရေးနည်း —အဆင်းသဏ္ဌာန် အခင်းအကျင်း ပေါ်လာအောင် ရေးခြင်းမျိုး၊ ပုံစံ-မိုးသည်းစဉ်မြင်ကွင်းတခု၊

၂။ ဖြစ်စဉ်ပြရေးနည်း —အပြုအမူပေါ်အောင် ရေးခြင်းမျိုး၊

၃။ ဖွင့်ဆိုရှင်းပြရေးနည်း —စာဖတ်သူနားလည်အောင် ခွဲထွင်ရေးပြခြင်းမျိုး၊

၄။ ကျိုးကြောင်းပြရေးနည်း—အဘယ့်ကြောင့် ဤသို့ဖြစ်သင့်သည်ဟု အကျိုးသင့် အကြောင်းသင့် ဖော်ပြရေးခြင်းမျိုး။
ပုံစံ-လူကိုဖျက်အရက်။

စာစီစာကုံးရေးတော့မည်ဆိုလျှင် မရေးခင် ကိုယ်ရေးရမည့် စာစီစာကုံး အမျိုးအစားကို သဘောပိုင်အောင် လုပ်ပါဟု တိုက်တွန်းကြ၏။ သို့သော် အချို့စာစီစာကုံး ခေါင်းစဉ်၌ ရေးနည်းတမျိုးမက ပါဝင်နိုင်သည်လည်း ရှိသည်။ ထို့ကြောင့် အမျိုးအစားကို မှုသေယူ၍ကား မရပေ။

ယခုအခါတွင် ကျောင်းသားကယောက်သည် သူပြောပြချင်သော အရာကို သူတပါးနားလည်အောင် တိတိတုတ်တုတ် ယိယိမိမိ ရေးပြနိုင်သလားဟု စာစစ်သူတို့က ကြည့်ကြသည်။ ဤသို့ကြည့်ရာ၌ စကားအချိတ်အဆက် မိသလား၊ စကားသုံးနှုန်းမှု အံဝင် ခွင်ကျသလား၊ သယ်ဆောင်ပုံ မှန်သလား၊ သူ၏ရည်ရွယ်ချက် ပေါ်သလား ဤသို့စသည်ကို ကြည့်ရှုကြ၏။

တပည့်တို့ စာစီစာကုံးရေးဖို့ကြုံလျှင် ရင်ထဲက ကြပ်တပ်တပ်ဖြစ်လာပြီး ငေးငိုက်စဉ်းစားနေတတ်ကြ၏။ ဤသို့မဖြစ်ရပဲ ရေးစရာကြုံလာလျှင် ချောင်ချောင်လည်လည် ရေးနိုင်အောင်–

မိမိဘဝ ပတ်ဝန်းကျင်ကို အမှတ်တမဲ့မနေပဲ သတိပြုကြည့်ရှုမှတ်သားပါ။

ဖတ်သင့်သည့်စာများကို ဖတ်ပြီးမှတ်စုထုတ်ထားပါ။

ကောင်းတယ်၊ မကောင်းဘူးဟု ဝေဖန်ဆန်းစစ်သည့်အလေ့အထကိုမွေးမြူပါ။

အရေးအကြီးဆုံးအချက်မှာ ရေကူးတတ်လျှင် ရေကူးတတ်အောင် သင်ရ ကျင့်ရသည်။ ထိုနည်းတူ စာစီစာကုံး ရေးတတ်ရန်လည်း အရေးလေ့ကျင့်ရပါမည်။ လေ့ကျင့်သောအခါတိုင်း ဤစာအုပ်က အကြံပေးထားသော စာစီစာကုံးလက္ခဏာများ ပါအောင်ရေးပါလေ၊ အကောင်းဆုံး စာစီစာကုံးများ ဖြစ်လာပါလိမ့်မည်။

ဂုဏ်ထူးပန် ပြီး၏။